www.burmeseclassic.com

တံခွန်တိုင်
စာပေတိုက်

# ရာဇဝင်ကို




BURMESE CLASSIC .com

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
ဗေဒသစ်တည်

ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ပေါ်ဦး-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၅၀၀
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဖေဖော်ဝါရီလ၊ ၂၀၁၅

[redacted]

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

[redacted]

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်[illegible] ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်[illegible] များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်း[illegible]

[redacted]

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုး[illegible]
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်[illegible] တည်ဆောက်ရေး။

[redacted]

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုး[illegible] တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား[illegible] ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်[illegible] တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

[redacted]

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုး[illegible] လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်[illegible]
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရာဇဝင်ကို — ထိုဗိန်းတာလေးဖြူးတားတတ်သည်
ရာဇဝင်ကို၊ ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၄၊
၁၉၈ စာ၊ ၁၂၀၀ X ၁၈.၈ စင်တီ




# ပြည့်လင်း
# ဗီဇင်ဂျာနယ်ရေးသည်….

တံခွန်တိုင် စာပေတိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၃၉၄၆၅၀၊ ၀၉၇၃၀၆၉၈၂၂၊ ၀၉ ၃၀၀၇၃၅၁၅

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



ထိုမိန်းကလေး ပြုံးတတ်သည်

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ကို တကယ်ချစ်မိသွားရင်

အဲဒီလူရဲ့ နှလုံးသားဟာ...

ခရေပွတစ်ပွင့်နဲ့ အလားသဏ္ဍာန်တူသွားတယ်

ခရေပန်းလေးတစ်ပွင့်ဟာ...

နေ့ဒဏ်လေဒဏ်ကြောင့်

ဘယ်လောက်ပဲ ညှိုးနွမ်းသွားပါစေ...

အမြဲမွှေးမြနေတတ်သလိုပဲ

တကယ်ချစ်မိသွားသူရဲ့ နှလုံးသားဟာလည်း

သူချစ်မိသွားသူကြောင့်...

ဘယ်လောက်ပဲ နာကျင်ခံစားနေရပါစေ

အဲဒီလူအတွက်ပဲ...


အမြဲတမ်း ခုန်လှုပ်နေတတ်တာမျိုးပါ...

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

# ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com






တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ရင်ထဲကစကား (၁)

"မျက်နှာများက
မဟုတ်ရပါဘူးကွာ...
ကိုယ့်ရင်ဘတ်ထဲမှာ...
မင်းတစ်ယောက်တည်း
ပျင်းနေမှာစိုးလို့...
ကိုယ်က
နောက်တစ်ယောက်ကိုထပ်ထည့်ပြီး...
မင်းအတွက် အဖော်ရှာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဆောင်းလခြမ်းက ဘောင်းဘီဘေးအိတ်ကပ်နှစ်ခုထဲသို့ လက်နှစ်ဖက်ထိုးထည့်ရင်းက သူ့အလာကိုစောင့်နေသည့် ခင်တင့်တယ်ထံကို ခပ်ဖြည်းဖြည်းပဲ လျှောက်သွားလိုက်သည်။ ချိန်းထားတာက နေ့လည်တစ်နာရီဖြစ်သော်လည်း ယခုက တစ်နာရီခွဲနေပြီ ဖြစ်သည်။ ကိစ္စတော့ မရှိ။ ဒါက သူ၏တက်ကနစ်တစ်မျိုးပင်ဖြစ်သည်။

မိန်းကလေးတစ်ယောက်နှင့်ချိန်းထားပါက မိမိသည် ဘယ်တော့မှ ကြိုရောက်မနေရ။ ကိုယ့်ပုံစံသည် သူ့အပေါ်တွင် သည်းသည်းလှုပ်ဖြစ်မနေဘဲ ခပ်အေးအေးသာဖြစ်နေရမည်။

"ခင်. . . ဆောရီးကွာ၊ ချိန်းထားတာ နည်းနည်းနောက်ကျသွားတယ်၊ လမ်းမှာ ကားတွေက ပိတ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုသို့ပြောကာ သူမထိုင်နေသည့် ခုံတန်းလျားပေါ်မှာ ဝင်ထိုင်လိုက်သည်ဆိုလျှင်ပဲ သူမက ဘာမှမဖြစ်သလိုပုံစံမျိုးဖြင့် သူ့ကိုကြည့်လာကာ ဆိုသည်။

"ကိစ္စမရှိပါဘူး၊ ရှင့်ထက်နောက်ကျတဲ့ လူတစ်ယောက်လာဖို့ရှိပါသေးတယ်"

"ဟင်. . . ချိန်းထားတာက ကိုယ်နဲ့ခင်ပဲ မဟုတ်ဘူးလား။ ဘယ်သူလာဖို့ ရှိသေးလို့လဲ"

"ဒါလား. . . သူလာတော့ သိမှာပေါ့၊ ဟော. . . ပြောရင်းဆိုရင်း ရောက်လာပါပြီ၊ ဟိုမှာလေ"

ခင်တင့်တယ်၏ စကားကြောင့် သူက ကန့်ရေပြင်ဘက်ကို မျက်နှာမူကာ ထိုင်နေရင်းကနေ ခင်တင့်တယ်ကြည့်နေသည့် နောက်ဘက်ကို အသာလေး လည်ပြန်ကြည့်လိုက်မိစဉ်မှာတော့ သူ့ခန္ဓာကိုယ်မှာရှိသည့် အကြောတွေအားလုံး ဖျင်းခနဲတောင် ဖြစ်သွားရလေတော့သည်။

"ဟင်! လွန်းကြာ"

ပြောလည်းပြော လူကလည်း အော်တိုမက်တစ်ပင် မတ်တပ်ရပ်မိပြီးသား ဖြစ်သွားရသည်။

"ဟုတ်ပါ့ရှင့်၊ ကျွန်မ လွန်းကြာပါ"





ခပ်ပြုံးပြုံးမျက်နှာပေးနှင့် ပြောလာသည့် လွန်းကြာ၏ စကားအဆုံးမှာတင်ပဲ ခင်တင့်တယ်ကလည်း ထိုင်နေရာကနေ ထ,လာသည်။

"ရှင့်ရဲ့ သံပုရာသီးနှစ်လုံးကို တစ်နေရာတည်းမှာ တစ်ပြိုင်တည်းတွေ့လိုက်ရတော့ ရှင်တော်တော် လန့်သွားလားဟင်. . . ဟင်းဟင်း"

လှစ်လှစ်ကလေးနေသည့် သူက ဖြစ်ပျက်သမျှကို ချက်ချင်းပဲ ရိပ်စားမိလိုက်ပြီဖြစ်သည်။ လွန်းကြာနှင့်ခင်တင့်တယ်က သူမတို့နှစ်ယောက်ကို သူက တစ်ပြိုင်တည်းတွဲနေတာကိုသိသွားပြီး အခုလို ကန်တော်ကြီးမှာချိန်းကာ ချွတ်ဖို့ လုပ်လိုက်ကြတာပဲဖြစ်ပါတော့သည်။

သူက သူ့စတိုင်လ်အတိုင်းပင် ဘောင်းဘီအိတ်ကပ်တွေထဲ လက်နှစ်ဖက်ကို ဟန်ပါပါထည့်ကာ သူမတို့နှစ်ယောက်ကို ဝေ့ကြည့်ပေးလိုက်ရင်းက. . .

"သြော. . . မင်းတို့က အချင်းချင်းတွေ့ပြီးသွားကြပြီကိုး၊ ကောင်းပါတယ်လေ၊ ကိုယ်ကလည်း ဒီဇာတ်လမ်းကို တစ်ခန်းရပ်ချင်နေတာကြာပြီ၊ အခုလို နှစ်ယောက်သားကို စုပေးလိုက်တော့လည်း ကိုယ်နှစ်ခါ အလုပ်မရှုပ်တော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလိုက်တယ်၊ ရှင် တော်တော်အောက်တန်းကျတာပါလား"

"နိုးနိုး. . . ဒါအောက်တန်းကျတယ်လို့ မခေါ်ဘူး၊ ပညာတတ်ဆန်တယ်လို့ခေါ်တယ်၊ ဘယ်အချိန်မှာ ဘယ်လိုတွဲပြီး ဘယ်အချိန်မှာ ဖြတ်သင့်လဲဆိုတာကို သိတာဟာ ပညာတတ်တာလို့ ခေါ်တယ်၊ မင်းတို့လည်း ကိုယ်နဲ့တွဲခဲ့တဲ့ သက်တမ်းတလျှောက်မှာ ပညာတော်တော်ရခဲ့မယ်လို့ ထင်ပါတယ်၊ ဟုတ်တယ်ဟုတ်"

"ရှင်အရှုံးကွက်နင်းမနေနဲ့၊ ရှင့်ဒီကိစ္စကို ဘယ်လိုရှင်းမှာလဲပြော"

"အမ်. . . ဘာကိုပြောတာလဲ၊ ကိုယ်က ဘာကိုရှင်းပေးရမှာလဲ"

"ရှင် ကျွန်မတို့နှစ်ယောက်စလုံးကို တပြိုင်တည်းတွဲနေတာလေ၊ အဲဒါကို ဘယ်လိုရှင်းမှာလဲလို့မေးတာ၊ ပြော"

နှစ်ယောက်သား သူ့ကို နှာမလို့ ပြင်ထားကြပုံပါပင်။ ဒါပေမယ့် သူက သူမတို့ထက်ပိုပြီး သွေးအေးပြလိုက်တော့ သူမတို့နှစ်ယောက်ခမျာ ကကွက်ပျောက်သွားသည့် မင်းသမီးနှစ်လက်ပမာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတော့၏။





ဟင်း. . . မင်းတို့ နုပါသေးတယ်ကွာ။ ဆောင်းလခြမ်းကို ဒီလိုလာစမ်းလို့ရမယ်များ ထင်လို့လား။

"ဟာ. . . မင်းတို့ကို စာတတ်ပြီလို့ထင်ထားတာ၊ အခုတော့ သူငယ်တန်းအဆင့်ပဲရှိသေးတာကိုးကွ၊ ဒီကိစ္စက ကိုယ်ရှင်းပေးစရာမှမလိုတာ၊ အဖြေက ရှင်းနေပြီပဲလေ၊ ကိုယ်က မင်းတို့နှစ်ယောက်ကို တပြိုင်တည်းတွဲခဲ့တယ်၊ ဒါကိုမင်းတို့သိသွားလို့ အခုလိုဆုံလိုက်တယ်၊ ပြီးတော့ ဒါကို မင်းတို့မကြိုက်ဘူးဆိုတာကိုလည်း ကိုယ်က စာတတ်တော့ မင်းတို့မျက်နှာတွေကို ကြည့်လိုက်တာနဲ့သိတာယ်လေ၊ မင်းတို့မှ မကျေနပ်တာ၊ ဒီမှာတင်ပဲ ဘိုင့်ဘိုင်လုပ်ကြတာပေါ့၊ ဟုတ်ဘူးလား"

"ဟား. . . ရှင်တော်တော် ယုတ်မာပါလား၊ ဒီလောက်မျက်နှာများတဲ့ကောင်. . . ကဲ"

လွန်းကြာ၏ လက်တစ်ဖက်က သူ့မျက်နှာဆီကို ဝဲပျံလာသည်။ ဒါပေမယ့် ဆောင်းလခြမ်းပဲဟာ၊ ဒီလောက်နဲ့တော့ တက်လာနဲ့လေ။

သူက လွန်းကြာထံက ဝဲလာသည့် လက်တစ်ဖက်ကို လေထဲမှာပဲ ဖမ်းဆုပ်တားဆီးထားလိုက်ပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုး. . . ဒီလိုလက်မပါနဲ့လေ၊ စကားနဲ့ပဲ အေးအေး ဆေးဆေး ပြောလို့ရပါတယ်၊ ကိုယ်က မျက်နှာမများ ပါဘူးကွာ၊ ကိုယ့်ရင်ဘတ်ထဲမှာ မင်းတစ်ယောက်တည်း နေရတာ ပျင်းနေမှာစိုးလို့ နောက်တစ်ယောက်ကိုထပ် ထည့်ပြီး အဖော်ရှာပေးတာပါ၊ မင်းတို့က ကိုယ့်ကိုကျေး ဇူးတောင် တင်သင့်တာ"

သူ့စကားအဆုံး ခင်တင့်တယ်က သူ့ကို ကမ္ဘာ့အထူးဆန်း ဆုံး သတ္တဝါတစ်ကောင်ကိုတွေ့လိုက်ရသလို ပုံစံမျိုးဖြင့်ကြည့်လာ တော့သည်။

"ဘာပြောတယ်၊ ငါတို့က နင့်ကိုကျေးဇူးတင်ရမယ် ဟုတ်လား၊ ဆုတောင်းလေ. . . ဆုတောင်း"

"တကယ်ပြောတာ၊ မင်းတို့ပဲ စဉ်းစားကြည့်၊ မင်းတို့နှစ် ယောက်စလုံးကို ကိုယ်က ကိုယ့်ရင်ဘတ်ထဲမှာ တစ်ချိန် တည်း ထည့်ထားပေးတာလေ၊ ကိုယ့်ရင်ဘတ်ထဲမှာ တစ်ယောက်တည်းဆိုရင် မင်းတို့အတွက် ပျင်းစရာကြီး ဖြစ်မနေဘူးလား၊ အခုလို အဖော်လေးနဲ့နေရတော့ ပျော်စရာတောင် ကောင်းသေးတယ်"





"သေလိုက်ပါလား ခွေးကောင်ရဲ့၊ နင့်ညီမကျမှ နင့်ယောက် ဖရင်ဘတ်ထဲမှာ အပေါင်းအပါတွေ ထပ်ထည့်ပေးထား လိုက်လေ"

"ဟုတ်တယ်၊ နင့်ယောက်ဖကျမှ အဲလိုလုပ်ခိုင်း၊ ငါတို့ကို တော့လာမလုပ်နဲ့၊ မရဘူး"

လွန်းကြာက သူဖမ်းကိုင်ထားသည့် လက်ကို ဆောင့်ရုန်း ဘာ ဖော်သည်။ ဒီတော့သူက လွန်းကြာ့လက်ကို လွှတ်ပေးလိုက် ဘာ သူ့လက်နှစ်ဖက်ကို ဟန်ပါပါမြှောက်ပြလိုက်ကာ. . .

"အိုခေ. . . အိုခေ၊ ကိုယ်အကြံပြုပေးကြည့်လိုက်ပါ့ မယ်၊ ပြောချင်တာက ဒါပဲမလား၊ ကိုယ်သွားတော့မယ် နော်၊ နှစ်ယောက်စလုံးကို နှုတ်ဆက်ခဲ့ပါတယ်၊ ဂွတ် ဘိုင်"

ဆိုပြီး လှည့်ထွက်လာခဲ့လိုက်တော့ ကျန်နေခဲ့သည့် သူမတို့ ဆီက ဆဲရေးတိုင်းထွာသံတွေက ညံစီစွာ သူ့နောက်မှာ ကပ်ပါလာ တော့သည်။ တကယ်တမ်းက သူမတို့နှစ်ယောက်သည်လည်း သူ့ကို တကယ်ချစ်ခဲ့ကြတာမဟုတ်ပါဘူး။ သူ့အပေါ်မှာ သာယာ



www.burmeseclassic.com

www.burmeseclassic.com



နေကြတာပါ။ ဒါကိုလည်း သူမတို့ကိုယ်တိုင်လည်း သိနေကြမှာ ပါ။ အပျော်ရည်းစားထားတာပဲဟာ။ ဒီလောက်ကြမ်းတမ်းဖို့ မလိုတာပဲ။

အေးဆေးပေါ့. . . နော. . . ။



ဆိုင်ထဲမှာ Adele ၏ rolling in the deep သီချင်းသံက ကျယ်လောင်စွာနဲ့ ပေါက်ကွဲထွက်နေသည်။ ဆောင်းလခြမ်းနှင့် မြတ်မိုး တို့ကလည်း အဲဒီသီချင်းထဲမှာ ဘီယာနှင့်အတူ မျောလွင့် နေကြ၏။

"ဒါဆို မင်းနဲ့ သူတို့နှစ်ယောက်နဲ့က ပြီးသွားပြီပေါ့"

"အင်း. . . ဇာတ်သိမ်းသွားပြီ၊ သူတို့က ချစ်ဖို့ကောင်း တယ်ကွ၊ ငါ့ကို နှစ်ခါလုပ်ရမယ့်အလုပ်ကို တစ်ခါတည်းနဲ့ ပွဲပြီးသွားအောင်လို့ ဆုံပေးတယ်လေ. . . ဟဲဟဲ"

သူတို့နှစ်ယောက်စလုံးက မန္တလေးသားတွေပါ။ ကျောင်း ပြီးပြီးချင်းပဲ လွတ်လွတ်လပ်လပ်နေချင်သည့်စိတ်ကြောင့် ရန်ကုန်မှာ အလုပ်လာလုပ်နေကြတာဖြစ်ပြီး မြတ်မိုးထိုက်က ဦးလေးရဲ့ဟော်တယ်မှာ အချိန်ပိုင်းမန်နေဂျာလုပ်နေတာဖြစ် ပြီး ဆောင်းလခြမ်းကတော့ သင်တန်းတက်ရင်းက သူဝါသနာပါ သည့် သီချင်းဆိုသည့်အလုပ်ကို စိတ်အဆာပြေရန်အတွက် အကောက်ဆိုင်တစ်ခုမှာ သီချင်းဆိုနေတာဖြစ်ပါသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူက သီချင်းဆိုတာထက် သီချင်းရေးဆရာ ဖြစ်ချင်တာ ဖြစ်ပါသည်။ နေတာကတော့ နှစ်ယောက်ပေါင်းပြီး တိုက်ခန်း တစ်ခန်းကို ငှားထားတာဖြစ်သည်။

"လောလောဆယ်တော့ မင်းနှလုံးသားက အားသွား ဆိုပါတော့"

"အင်း. . . အဲလိုပဲပြောရမှာပေါ့"

"ဘယ်တော့လောက် ထပ်အလုပ်ပေးမှာလဲ"

မြတ်မိုးထိုက်စကားကို သူက သဘောတကျပြုံးလိုက် သည်။ သူပြောလိုက်သည့် ပုံစံက မသိရင်ဘဲ ကိုယ်က ရည်းစား မရှိရင် မနေတတ်သည့်ပုံစံမျိုး။

ဒါပေမယ့် မြတ်မိုးပြောမည်ဆိုလျှင်လည်း ပြောချင်စရာ ရယ်ပါပဲ။ သူက ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက် ဟောတစ်ယောက် ဟောတစ်ယောက် ထားနေခဲ့တာကိုး။ ဒါ လည်း သူက တမင်တကာ လိုက်ရှာပြီးထားနေခဲ့တာမျိုး မဟု ရပါဘူး။ သူ့ကိုစိတ်ဝင်စားသည့်ကောင်မလေးတွေ ကိုယ်တို ကိုက သူ့ဆီကို တိုးဝင်လာခဲ့ကြတာဖြစ်ပြီး အဲဒီထဲကမှ သူ သူနဲ့အဆင်ပြေမည်ထင်သည့် မိန်းကလေးတချို့နှင့် တွဲသွား လာလုပ်ရင်းက တွဲဖြစ်သွားကြတာဖြစ်သည်။ ပြီးတော့ အဲဒီ တွဲသည့်အတွက်လည်း ကိုယ့်ကို သူယုတ်မာတစ်ယောက်



သော့မထင်စေလိုပါ။ သူနှင့်တွဲခဲ့ဖူးသည့် မိန်းကလေးအားလုံး ဘယ်သူမှ သူ့ကြောင့် နစ်နစ်နာနာ ဖြစ်သွားတယ်ဆိုတာမျိုး မရှိခဲ့ပါဘူး။ သူက အတွဲဆိုတာမျိုးထက် အားလုံးကို ဘော်ဒါတွေ လိုမျိုးသာ ဆက်ဆံခဲ့တာဖြစ်သည်။ (ပါးလေး တစ်ခါတစ်လေ နမ်းတာလောက်ထက် ဘာမှပိုပြီး အခွင့်အရေးမယူခဲ့)

သူ့ဆီကိုတိုးဝင်လာသည့် မိန်းကလေးတွေကိုယ်တိုင်က သည်း သူ့ကိုချစ်လို့ တိုးဝင်လာတယ်ဆိုတာမျိုးထက် သူ့လို ခပ်မိုက်မိုက်ဘဲတစ်ယောက်ကို တွဲကြည့်ချင်သည့်စိတ်မျိုး၊ တစ်နည်း အားဖြင့် သဘောကျသည့်စိတ်မျိုးဖြင့်သာ တိုးဝင်လာခဲ့ကြတာ ဖြစ်ပါသည်။ အဲသည်အတွက် လမ်းခွဲကြပြီဆိုလျှင်လည်း နှစ်ဦး နှစ်ဖက်စလုံးမှ ဘယ်သူမှ ပြုလဲကြေကွဲဖြစ်သွားခဲ့သည်ဆိုတာမျိုး မရှိခဲ့။ အားလုံးဟာ အေးအေးဆေးဆေးသာပဲ ဖြစ်ပါတော့သည်။

"ဒါလား. . . ငါ ရည်းစားမထားချင်တော့ဘူးကွာ၊ အပျော်တွဲရတာတွေကို ငါစိတ်ကုန်လာပြီ၊ ငါတကယ် ချစ်တဲ့ ကောင်မလေးတစ်ယောက်လောက်တွေ့မှပဲ ငါအချစ်ကို ခံစားတော့မယ်၊ ဒီတစ်ခါတော့ ငါက နှလုံး သားကို တမင်တကာ အလုပ်မပေးတော့ဘူး၊ သူ့ဘာ သာ အလုပ်ရလာမယ့် အချိန်ကိုပဲ စောင့်ကြည့်တော့မယ်"

"အဆန်းပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကို

"အင်း. . . အဲလိုပဲ ထားလိုက်ပါတော့"

မြတ်မိုးက ဘဲကင်တစ်ဖတ်ကို တူနှင့်ညှပ်ယူနေရင်းက နေ ခေါင်းတညိတ်ညိတ်လုပ်သည်။ သဘောကတော့ ဘယ် လောက်ကြာကြာခံမလဲ စောင့်ကြည့်ရသေးတာပေါ့ကွာ ဆိုသည့် အထာပင်ဖြစ်ပါသည်။

"မင်းကို ဦးလေးကတောင် မေးနေသေးတယ်၊ မျောက် နေလို့တဲ့၊ သူ့ဆီကိုတစ်ရက်လောက် လာလည်ဦးတဲ့"

"အင်း. . . လာခဲ့မယ်လို့ပြောထားလိုက်လေ၊ အားတဲ့ တစ်ရက် မင်းအလုပ်ဝင်တဲ့အချိန်ကျရင် ငါလိုက်ခဲ့မယ် လေ၊ မနက်ဖြန်နဲ့သန်ဘက်ခါကတော့ မအားဘူးကွ၊ စင်တင်ရှိတယ်"

သူကလည်း တကယ်ပဲသိချင်သည်မှာ သူ့နှလုံးသားဆီ ကို စစ်မှန်သောအချစ်တစ်ခု ဘယ်အချိန်များမှရောက်လာမလဲ ဆိုတာပဲဖြစ်ပါသည်။ ဘဝတစ်ခါလောက်တော့ မိန်းမဖွယ်ကောင်း သော ရင်ခုန်မှုမျိုးဖြင့် မိန်းမတစ်ယောက်လောက်ကို ရှူရှူမူးမူး ချစ်ကြည့်ချင်မိတာ အမှန်ပါပင်။



သူက စင်ပေါ်မှာနေရာယူကာ ဂစ်တာကိုကြိုးညှိနေတုန်း မှာပင် ဆိုင်ထဲကို အတွဲတစ်တွဲက ဝင်လာ၏။ နှစ်ယောက်သားက ပြုံးသနားတစ်ခုခုတက်လာပုံမျိုးဖြင့် ကောင်မလေးက မျက်နှာ ခတ်ထန်ထန်ဖြင့် ရှိနေတာဖြစ်ပြီး ဘဲကတော့ သူ့မဘေးကနေ တတွတ်တွတ်ဖြင့် စကားတွေပြောရင်း ဝင်လာခဲ့တာဖြစ်သည်။ နောက်တော့ ကောင်မလေးက စားပွဲဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင် လိုက်သောအခါ ဘဲကပါ သူမနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင် လိုက်၏။ ဒီအချိန်မှာတင်ပဲ ကောင်မလေးက စားပွဲပေါ်မှာရှိနေ သည့် ဖန်ခွက်ကိုကောက်ယူကာ ဘဲကိုချိန်ထားလိုက်ရင်းက တစ်ခုခုပြောလိုက်တာကို တွေ့လိုက်ရပြီးနောက် ဘဲက မကျေ မနပ် ခပ်ကျွတ်ကျွတ်ဖြစ်သွားပုံမျိုးဖြင့် သူမနှင့် မလှမ်းမကမ်းက ခုံမှာ သွားထိုင်နေတော့၏။

သမီးရည်းစားနှစ်ယောက် အဆင်မပြေဖြစ်လာသည့် ပုံစံမျိုးပါပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာတင်ပဲ သူက ဂစ်တာကြိုးညှိလို့ ပြီးသွားခဲ့ပြီမို့ ထိုအတွဲကို ခေါင်းထဲက ထုတ်ထားလိုက်ကာ သီချင်းကို စတင် သီဆိုလိုက်လေသည်။ သူသီဆိုသည့်သီချင်းက ဇော်ဝင်းထွဋ်၏ " ငါ့ရင်ခွင်ကို " ဖြစ်သည်။

*"မင်းကျေနပ်အောင်××× မထားနိုင်တဲ့သူ××× အမှားများတွေ့ရင် အမှန်ပြင်ပေးမိသူ××× စေတနာစကားများနားမှာ ခါးသလား××× လောကကြီးအကြောင်း××× နားမလည်ပါဘူး××× ဘဝရဲ့အဓိပ္ပာယ်မသိသေးတဲ့အရွယ်××× နင်ချစ်လိုက် မုန်းလိုက် ကစားလိုက်×××"*

သူ့အသံက ဇော်ဝင်းထွဋ်လို ပါဝါအပြည့်ရှိသည့်အသံမျိုး မဟုတ်ချေ။ သို့ပေမယ့် ရှတတအသံမျိုးဖြစ်ကာ သီချင်းကိုလည်း ဇော်ဝင်းထွဋ်ဆိုထားသလို မအော်ပါ။ ကိုယ့်ပုံစံလေးနှင့်ကိုယ် ခံစားချက်လေးထည့်ကာ အသာအယာလေး ညည်းနေလိုက်တာဖြစ်သည်။

*"မလိုချင်ပါဘူး××× မင်းရဲ့တုံ့ပြန်မှု××× တစ်နေ့နေ့အမြင့်မှာ ပျံသန်းသွားရင်××× နင်ခွဲခဲ့××× ထားခဲ့××× မေ့ခဲ့××× ငါ့ရင်ခွင်ကို×××"*

သီချင်းတစ်ပိုဒ်ပြီးသွားချိန်မှာတော့ သူသီချင်းမဆိုခင်အချိန်လေးမှာပဲ ဝင်လာသည့်အတွဲထဲက ကောင်မလေးဟာ ပန်း





ကုံးတစ်ကုံးနှင့်အတူ သူ့ရှိရာစင်မြင့်ဆီကို လျှောက်လှမ်းလာနေတာကို တွေ့လိုက်ရတော့၏။

*"ထပ်ဖန်တလဲလဲ××× မင်းညာနေလဲ××× အခုတော့ မင်းကိုပစ်မသွားရက်သူ××× ဒဏ်ရာများနဲ့ မွေ့လျော်တဲ့သူ××× လောကကြီးထဲ ကောင်းမွန်စွာနဲ့ ××× လမ်းလျှောက်တတ်ရင် ဒီအသည်းနှလုံးကို××× နင်ခွဲလိုက်××× စိတ်လိုက်××× ပိုင်းလိုက်×××"*

ကောင်မလေးက သူ့ကိုတစ်ချက်ပြုံးပြကာ သူ့လည်ပင်းမှာ ပန်းကုံးကိုစွပ်ပေးလာသည်။ သူကောင်းကောင်းသိသည်မှာ သူမက သူ့ကို အသုံးချလိုက်တာဆိုတာပါပဲ။ ပြီးတော့ သူလှမ်းကြည့်စရာမလိုပါဘဲ နောက်ထပ်သိနေသေးသည့်အချက်မှာ ခပ်လှမ်းလှမ်းက စားပွဲမှာထိုင်နေသည့် သူမနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း ဘဲတစ်ပွေဟာလည်းပဲ အခုလောက်ဆို ဖီးလ်တွေ နင်နေပြီဆိုတာပဲ ဖြစ်ပါတော့သည်။

ဒါမျိုးကိစ္စတွေက ခဏခဏကြုံခဲ့ရဖူးသည်မို့ သူ့အတွက်က ဘာမှမထူးခြားတော့ချေ။ ဒီဆိုင်ကိုလာသည့် အတွဲများထဲမှ မိန်းကလေးတချို့သည် သူမတို့ဘဲများနှင့် အဆင်မပြေပါက သူမတို့ဘဲများ ဖီးလ်နင်စေရန် သူ့ကိုပန်းလာပေးခြင်း၊ ပန်းကုံးလာ[illegible]ပ်ပေးခြင်းများလုပ်တတ်ကြသည်မှာ ထုံးစံတစ်ခုလိုပင်ဖြစ်နေခဲ့ပြီ မဟုတ်ပါလား။

www.burmeseclassic.com



"မလိုချင်ပါဘူး××× မင်းရဲ့ တုံ့ပြန်မှု××× တစ်နေ့နေ့ အမြင့်ကို ပျံသန်းသွားရင်××× နင်ခွဲခဲ့××× ထားခဲ့××× မေ့ခဲ့××× ငှါရင်ခွင်ကို ×××"

သီချင်းဆိုလို့ ပြီးသွားစဉ်မှာတော့ သူက သူထိုင်နေကျ ခနေရာဖြစ်သည့် ထောင့်ကျကျက စားပွဲဝိုင်းလေးမှာ ဝင်ထိုင်နေ လိုက်ပြီးနောက် မကြာခင်မှာပဲ သူ့ကို ပန်းကုံးလာစွပ်ပေးသွားသည့် စောစောက ကောင်မလေးဟာ သူ့ဆီကို ရောက်တော်မူလာ တော့၏။

"ထိုင်မယ်နော်. . . ရတယ်မလား"

သူမက ပြောသာပြောသော်လည်း သူ့ဘက်က တုံ့ပြန် မှုတစ်ခုခု ဘာမှမပေးလိုက်ရသေးခင်မှာပင် သူနှင့်မျက်နှာချင်း ဆိုင်မှာ ဝင်ထိုင်ပြီးနေပါချေပြီ။

"ရှင်က သီချင်းဆို တော်တော်ကောင်းတယ်နော်၊ အသံ လည်းမိုက်တယ်သိလား"

"ကျေးဇူး"

သူက အဲလောက်သာပြောလိုက်ပြီးနောက် သူမကိုပြုံးပြ လိုက်မိသည်။ သူမနှင့်သူ့ကြားတွင် ဒီထက်ပိုပြီး သူ့ဘက်က ပြော ရာစကား မရှိဘူးဟုတော့ ထင်တာပါပဲ။





"ကျွန်မက ရှင့်ပရိသတ်ဆိုလည်း ဟုတ်တယ်၊ ဒီဆိုင်ကို ခဏခဏ ရောက်ဖြစ်တယ်လေ၊ သတိထားမိလားတော့ မသိဘူး"

"ဆောရီး. . . ကိုယ် အမှတ်တမဲ့ပဲ"

"ဟုတ်မှာပါ။ ဒီဆိုင်ကိုလာနေတဲ့လူတွေက အများကြီးပဲ ဟာ၊ ဘယ်မှတ်မိပါ့မလဲ၊ အခုတော့ မှတ်ထားပေးပေါ့ နော်၊ ကျွန်မနာမည်က လီလီနွေးပါ"

"ဟုတ်. . . ကိုယ့်နာမည် ဆောင်းလခြမ်းပါ"

"ကျွန်မသိပြီးသားပါ။ ရှင်က ဒီဆိုင်မှာ နာမည်ကြီးပဲဟာ"

"အဟား. . . အဲလောက်မဟုတ်ရပါဘူးဗျာ"

"ဟုတ်ပါတယ်၊ ရှင်များ သီချင်းဆိုနေပြီဆိုရင် ဆိုင်ထဲက တောင်မလေးအားလုံးက မျက်တောင်ကိုမခတ် ဘူး. . . ဟင်းဟင်း"

သူမက သဘောကကျရယ်လိုက်ပေမယ့် သူကတော့ ပြုံးရုံသာ ပြုံးလိုက်မိပြီး သူမနှင့်ပတ်သက်ရာပတ်သက်ကြောင်း ဘဲဟာ သူတို့ဝိုင်းကိုလျှောက်လာနေပြီဆိုတာကို မျက်လုံးထဲမှာ ရိပ်ခနဲမြင်လိုက်ရလေသည်။ ဒါပေမယ့်သူက အဲဒီဘဲကို လှမ်းမ ကြည့်ပါ။ ကိုယ့်မှင်ကိုယ့်မောင်းနှင့်ပင် ခပ်တည်တည်ထိုင်နေ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာ။ ထိုဘဲက သူတို့ဝိုင်းနားလာရပ်ရင်း. . .

"လီလီ. . . ပြန်ရအောင်"

ဆိုတော့ ကောင်မလေးက ထိုဘဲကို မျက်လုံးပင့်ကြည့်လိုက်ရင်းက. . .

"ပြန်ပါ့လား၊ ကိုယ့်ဟာကိုယ်၊ နင့်နဲ့ငါ ဘာဆိုင်တော့လို့လဲ၊ လာမနှယ်နဲ့၊ လစ်တော့"

"မင်း. . . ကျွတ်. . ."

ဘဲရဲ့အကြည့်က သူ့ထံကို ဆတ်ခနဲရောက်လာတော့ သူကလည်း ခပ်တည်တည်ပဲ ပြန်ကြည့်ပေးလိုက်သည်။ နောက်တော့ ထိုဘဲက တောက်တစ်ချက်ကို ခပ်တိုးတိုးခေါက်ကာ ဆိုင်ထဲကနေ ထွက်သွားတော့၏။

"အဲဒါ ကျွန်မ အကန့်ပျက်ကြီးလေ၊ သုံးမရတော့လို့ လှီးထုတ်ထားတာကို လာနှယ်နေတာ၊ စိတ်ပျက်လွန်းလို့"

သူမစကားကြောင့် သူက ပြုံးကာ ခေါင်းတဆတ်ဆတ်သာ ညိတ်ပေးနေလိုက်မိသည်။ ကိုယ်က ကြားထဲက သူမရဲ့ လက်နက် ဖြစ်သွားရသည့်ကိန်းပါပင်။



သူက သီချင်းဆိုပြီးလို့ ဆိုင်ထဲကအထွက်မှာတော့ မျှော်လင့်မထားသည့်သူက ကြိုစောင့်နေလေတော့၏။ စောစောကဘဲ၊ သူက တက္ကစီငှားဖို့ လမ်းဘေးမှာရပ်စောင့်နေတုန်းမှာပဲ ထိုဘဲက သူ့အနားကိုရောက်လာတာဖြစ်သည်။ အနီးဘဲက ဒိမိထက်တော့ အသက်အနည်းငယ်ကြီးမည့်ပုံပါပင်။ ဒါပေမယ့် သိပ်တော့လည်း မကွာလောက်ဘူးထင်သည်။

"ဟေ့ကောင်. . . မင်းနဲ့ လီလီနဲ့က ဘာတွေလဲ"

လေသံက ရင့်သည်။ ပြေရာပြေကြောင်း ခပ်အေးအေး ပြောလာရင်ကိုပဲ ကိုယ်ကလည်း ခပ်အေးအေးသာ ပြန်ပြောလိုက်မိမှာ ဖြစ်ပေမယ့် သူ့လေသံက ရင်ဘတ်ကိုခြေစုံကန်ပြီး ဝစ်ဝင်လာသည့်လေသံမျိုးဖြစ်နေလေတော့ ကိုယ်ကလည်း ရောင်းသူ့ဝယ်သူ အသံတူပဲပေါ့။

"ဘာတွေလို့ ထင်လို့လဲ"

"မင်းငါ့ကို ပြန်မမေးနဲ့၊ ငါမေးနေတာကိုပဲ ဖြေ"

"ဟား. . . ဘလိုင်းကြီးပါလား၊ ဒီမှာ မင်းစော်ကိုမင်း မနိုင်တာနဲ့ ငါ့ကိုလာမမဲနဲ့၊ အေးဆေးနေ"



www.burmeseclassic.com

www.burmeseclassic.com

"ငါက အေးဆေးနေတာပဲ၊ မင်းက ငါ့စော်နဲ့ လာညိနေတာလေ၊ မင်းအကြောင်းကိုငါသိပြီးသားပါ၊ မင်းက ရုပ်ကလေးသနားကမား၊ အသံလေး မရှိတရှိနဲ့ စော်တကာနဲ့ ပွေနေတာ ငါမသိဘူးမှတ်လို့လား"

အနှီဘဲစကားကြောင့် သူက တစ်ချက်ခပ်ဟဟ ရယ်ပေးလိုက်မိသည်။

"ငါ့ဘာသာ ဘယ်လိုနေနေ မင်းအပူမပါဘူး၊ အေး. . . မင်းစော်ကိုသာ မင်းနိုင်အောင်ထိန်း၊ ငါက သူ့ဆီသွားတာမဟုတ်ဘူးနော်၊ သူ့ဘာသာ တိုးဝင်လာနေတာ၊ ငါက အသေတပ်ဆင်ထားတဲ့ပိုက်ကွန်လိုလူစား၊ ငါကတော့ ဘယ်သူ့ဆီကိုမှ သွားမတိုးဘူး၊ အေး. . . ငါ့ဆီကို တိုးဝင်လာရင်တော့ ဘယ်သူ့ကိုမှ အလွတ်မပေးတတ်ဘူး၊ ရှင်းတယ်နော်. . ."

ဟုတ်သော်ရှိ မဟုတ်သော်ရှိ. . . သူက အသာစီးရအောင်တော့ ပြောပစ်လိုက်ကာ တက္ကစီတစ်စီးကိုဖမ်းတားပြီးနောက် ဈေးဆစ်ကာ တက်လာခဲ့လိုက်တော့သည်။ ထိုဘဲတော့ ဘယ်လို ကျန်နေခဲ့သည်မသိချေ။



ရင်ထဲက စကား(၂)

''မိန်းမဆိုတာမျိုးက...
ကောအုပ်တစ်ခုထဲမှာ ပျော်မြူးနေတဲ့...
မြင်းရိုင်းတစ်ကောင်နဲ့တူတယ်။
သူတို့အကြောင်းမသိရင်တော့...
ထိန်းချုပ်ရခက်ရင်ခက်မှာပေါ့
သူတို့အကြောင်းသိသွားရင်တော့
ထိန်းချုပ်ရလွယ်သွားပြီး...
လိုသလို နိုင်းလို့ရတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

လခြမ်းနှင့်မြတ်မိုးတို့က Junction Square မှာ ဈေးလျှောက်ဝယ်နေကြတာဖြစ်ပြီး အဲဒီလိုဈေးလျှောက်ဝယ်ရင်းအနေ အင်္ကျီဆိုင်တစ်ခုထဲက အထွက်မှာတော့ အထဲကိုဝင်လာသည့် ကောင်မလေးတစ်ယောက်နှင့် အွတ်ခနဲနေအောင်ပင်တိုက်မိတော့တာဖြစ်သည်။ သူက အထဲကနေ ရယ်ရယ်မောမောနှင့် ခပ်မြှုံးမြှုံးထွက်လာတာဖြစ်သဖြင့် သူ့ခြေလှမ်းတွေကလည်းအရှိန်ပါနေလေရာ တစ်ဖက်က အတိုက်ခံလိုက်ရသည့် မိန်းကလေးမှာ နောက်ဘက်ကို ဖင်ထိုင်လျက်ပင် လဲကျသွားရတော့တာဖြစ်ပါသည်။

"ဟာ. . . ဆောရီးဆောရီး၊ မမြင်လိုက်လို့ပါ၊ ရရဲ့လား၊ ကိုယ်ထူပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



သူကပြောလည်းပြော သူမကိုလည်း လက်တစ်ဖက် ကမ်းပေးလိုက်တော့ ကောင်မလေးကလည်း အထာတွေဘာ တွေ ကိုင်တတ်သည့်လူမျိုးမဟုတ်ဟန်ဖြင့် သူ့လက်ကိုဖျတ်ခနဲ ဆွဲကာ ထလေသည်။ ပြောရရင်တော့ အဲဒီမှာစတွေ့တာပါပဲ။ သူက သူမကိုဆွဲထူပြီးလို့ သူမလည်း မတ်တပ်ရပ်အပြီး သူမလက်နှင့်သူ့လက် ပြန်အခွာမှာပင် ဘဲတစ်ပွေက သူတို့အနား ကို ဖျတ်ခနဲရောက်လာကာ သူ့မေးရိုးဆီကို လက်သီးတစ်လုံး ပစ်သွင်းလာခြင်းကို ခံလိုက်ရတာဖြစ်၏။

"ဟော့ကောင်. . . မင်း ဘာလုပ်တာလဲ၊ ကဲကွာ"

ရုတ်တရက်ဆိုတော့ သူ့မှာ ရှောင်ချိန်ပင်မရလိုက်သဲ သူ့မျက်နှာက တစ်ဖက်ကိုလည်ထွက်သွားရကာ ထောင်းခနဲထ ထွက်သွားသော ဒေါသနှင့်အတူ ထိုးလာသူကို ဆတ်ခနဲပြန် ကြည့်လိုက်သည်။

"ဟာ. . ."

"ဟား. . . မင်းဘာလုပ်တာလဲ၊ အော. . . မင်းကိုး"

"အစ်ကိုကြီး. . . ဘယ်လိုလုပ်လိုက်တာလဲ"

ကောင်မလေးဆီက အသံ၊ သူ့ဆီကအသံနှင့် မြတ်မိုး ဆီက အသံတို့က တစ်ပြိုင်တည်းထွက်သွားရသလို ထိုးလိုက်သူ ကို အတွေ့မှာတော့ သူ့ခေါင်းထဲမှာ အချက်ပြမီးတွေ ဖြာလင်း



သွားရလေ၏။ တစ်နေ့က စားသောက်ဆိုင်မှာ လီလီနွေးဆို သည့် ကောင်မလေးနဲ့ပတ်သက်ပြီး ရန်စကားလာပြောသွား သည့်ဘဲ။ ဟင်း. . . ဆုံလည်းဆုံတတ်ပါ့ကွာ။

"အေး. . . ငါပဲ၊ ဒါငါ့ညီမ၊ ဇာတ်လမ်းလုပ်မလို့ စိတ် ကူးနေရင် ဒီမှာတင်ပဲ ရပ်လိုက်တော့၊ ပေါက်တယ်နော်၊ နောက်တစ်ခါဆိုရင် ဒီထက်နာမယ်၊ လာ. . . သွားမယ်"

ဒင်းက သူပြောချင်တာပြောပြီး သူ့ညီမလက်ကိုဆွဲကာ ထွက်သွားဖို့ပြင်သည်။ ဒါပေမယ့် ဒီလိုတော့ဘယ်ရမလဲ။

"ခဏလေး. . ."

ဆိုတော့ အနီဘဲက သွားဖို့လှည့်ပြီးနေရာကနေ သူ့ဘက် ကိုပြန်လှည့်လာကာ. . .

"ဘာလဲ မင်းက မကျေနပ်လို့လား၊ ဘာဖြစ်ချင်လဲ၊ ပြော ဟော့ကောင်"

ဟု ဆိုလာ၏။ ဒီတော့ သူက အနီဘဲနှင့် မျက်နှာချင်းနီး ဆပ်သွားသည်အထိ တိုးကပ်သွားလိုက်ပြီးတော့မှ စကားကို လေသံ အေးအေးဖြင့်. . . .

"ဒီကိစ္စကို ငါမဖောင်းဘူးနော်၊ ဒါပေမယ့် အခု ငါမင်းကို ဘာလို့ ပြန်မထိုးလိုက်လဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ကာ စကားကိုခဏဖြတ်ထားလိုက်ပြီးနောက် ကောင်မလေးကို တစ်ချက်ကြည့်လိုက်မိပြီးမှ. . .

"အဟင်း. . . မင်းညီမကို ငါလိုက်တော့မှာ မို့လို့ပဲ"

ဟု တစ်ခွန်းချင်းပြောချလိုက်တော့သည်။ ဘဲရဲ့ မျက်နှာ တစ်ခုလုံးက ပျားဆယ်ကောင်လောက် ဝိုင်းအတုပ်ခံလိုက်ရသလို နီမြန်းသွားကာ ဝူးဝူးဝါးဝါးဖြစ်သွားလေသည်။

"ဘာကွ. . . မင်း. . ."

အနီ့ဘဲရဲ့ လက်သီးက လေထဲမြောက်တက်လာဖြစ် သော်လည်း ဒီတစ်ခါတော့ အရာမရောက်ချေ။ အကြောင်းမှာ သူ့ညီမက ဝင်ဆွဲသောကြောင့်ဖြစ်သည်။

"ဟာ. . . အစ်ကိုကြီး၊ ဘယ်လိုဖြစ်နေတာလဲ၊ လူကြား ထဲမှာ၊ လာလာ. . . သွားမယ်"

"နင်အသာနေစမ်းပါ၊ ဒီမှာ. . ."

"ဟာ. . . လာပါလို့ပြောနေ၊ လာ. . ."

ကောင်မလေးက ဘဲကို လက်တစ်ဖက်ကနေ ခြေစုံကာ ဆွဲခေါ်သွားတော့ ဘဲမှာ မကျေမနပ်ဖြင့် ယက်ယက်ပါသွား လေသည်။ သူကတော့ ကောင်မလေးက နောက်ဘက်ကို တစ်ချက် ပြန်အကြည့်မှာ မျက်စိတစ်ဖက်ပင် မှိတ်ပြလိုက်ပါသေးသည်။





"ရင့်လှချည်လားကွ၊ မင်းနဲ့အရင်က ရှော့ခ်ရိုက်ထား တာ ရှိလို့လား"

ယက်ကန်ယက်ကန်ပါသွားသည့် ဘဲကိုကြည့်ရင်းဆိုလာ သည့် မြတ်မိုးစကားကို သူက တစ်ချက်ပြုံးလိုက်ရင်းမှ. . .

"အင်း. . . ဆိုပါတော့"

"ကောင်မလေးက အလန်းလေးနော်၊ မင်းက တကယ် လိုက်မလို့လား၊ မင်းပြောတော့ မင်းနှလုံးသားကို အလုပ် မပေးဘဲ သူ့ဘာသာ အလုပ်ရလာတာကိုပဲ စောင့်မလို့ ဆို"

"အစကတော့ အဲဒီလိုပဲလုပ်မလို့ပါ၊ အခုတော့ အိပ်ပျော် နေတဲ့ကျားကို နှုတ်ခမ်းမွေးလာနှုတ်နေတာလေ၊ မင်းစောင့်ကြည့်နေ၊ အဲဒီဘဲရဲ့စိတ်ကို အပ်နဲ့ဆွသလို ငါဆွပြမယ်. . . စောင့်ကြည့်"

"မင်းကသာ အဲဒီကောင်မလေးကို လိုက်မယ်ပြောနေ တာ၊ သူက မင်းနဲ့သူ့အစ်ကိုကိစ္စကို သိနေပြီလေ၊ မင်း ချဉ်းကပ်တာက အကြံနဲ့ဆိုတာ သူက သိနေမှာပဲကို၊ ရပါလိမ့်မယ်အားကြီး"

"ဟင်း. . . မင်းကလည်း၊ ငါနာမည် ဆောင်းလခြမ်းပါကွ၊ မသိရင်မှတ်ထား၊ မိန်းမဆိုတာမျိုးက တောအုပ်တစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com

မှာ ပတ်ပြေးနေတဲ့ မြင်ရိုင်းတစ်ကောင်နဲ့တူတယ်၊ သူတို့အထာကို မသိရင်တော့ ထိန်းချုပ်ရခက်ချင်ခက်မှာပေါ့ အေး. . . သူတို့အထာကိုသိရင်တော့ ထိန်းချုပ်ရလွယ်ပြီး ကိုယ်လိုသလို ခိုင်းလို့ရပါတယ်. . . ”

ပြောပြီး သူက စောစောကဘဲ ထိုးလိုက်သဖြင့် ပုံပျက်သွားသည့်ဆံပင်ကို အကျီဆိုင့်ရှေ့က မှန်မှာပဲကြည့်ကာ ပြန်သပ်တင်လိုက်သည်။ ခေါင်းထဲမှာက မိန်းကလေးတစ်ယောက်ကို ညှို့ဖို့အတွက် ညှို့မာတ်တွေ စတင်မွေးဖွားလာနေပြီဖြစ်သည်။



သူ့ရှိရာဘက်ကို ကျောပေးကာထိုင်နေသည့် ကောင်မလေးကို လခြမ်းက ခဏလောက်တော့ အသာလေးပဲ ထိုင်ကြည့်နေလိုက်သည်။ သူက သူမနဲ့တွေ့ပြီး နှစ်ရက်အတွင်းမှာ သူမအကြောင်းတွေကို စုံစမ်းလို့ရသလောက် စုံစမ်းလို့ရထားပြီးနေပြီဖြစ်သည်။

သူမနာမည်က နှင်းစက်သံသာ။ ကိုယ်နှင့်မတည့်သည့် သူ့အစ်ကို. . . ကျွတ်ကျဲနေသည့် ဘွတ်အဲကြီးရဲ့နာမည်က တေဇနောင်။ သူမက မနှစ်ကပဲ အင်္ဂလိပ်စာနဲ့ကျောင်းပြီးထားကာ လောလောဆယ်မှာ ဘာမှမလုပ်ဘဲ အေးအေးလူလူသာနေနေသူဖြစ်ပြီး ချစ်သူရည်းစားလည်းမရှိသေး။ တေဇနောင်ကလည်း သူ့ညီမဆို အလွန်တိုဟု သိရပြန်သေးသည်။ ဒါကပင် သူ့အတွက် တေဇနောင်ကို မခံချင်အောင်လုပ်ဖို့ရာ ပိုပြီးတွန်းအားပေးပြီးသား ဖြစ်နေခဲ့တာဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စားပွဲပေါ်က ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲထိုး ထည့်လိုက်ပြီးနောက်မှာတော့ ဖာတ်လမ်းစဖို့အတွက် သူမရှိရာကို လျှောက်သွားလိုက်သည်။ သူမက သူ့ကိုကျောပေးထိုင်နေတာ ဆိုတော့ မမြင်သေး။

ဒီလိုနဲ့ သူက သူမနားအရောက်ပြီဆိုတာနဲ့ နောက်ဘက် ကနေငုံ့ကိုင်းကာ သူမမျက်လုံးတွေကို လက်နှစ်ဖက်နှင့် ခပ်ဖွဖွ ပိတ်ထားလိုက်ပြီးနောက်. . .

"မှန်မှန်ပြောစမ်း. . . ငါဘယ်သူလဲ"

ဟုဆိုတော့ သူမတာ အလန့်တကြားဖြစ်သွားပုံဖြင့် သူ့ လက်တွေကို သူမမျက်လုံးတွေပေါ်ကနေ ဖွတ်ဆွဲခွာကာ. . .

"ဟာ. . . ဘယ်သူလဲ၊ ဘာလုပ်တာလဲ"

ဆိုပြီး မတ်တပ်လည်းထရပ်လိုက်သလို သူရှိရာနောက် ဘက်ကိုလည်း လှည့်ကြည့်လာတော့သည်။ သူ့ကိုအတွေ့မှာတော့ သူမမျက်လုံးမှာ အရိပ်တချို့ဖြတ်ပြေးသွားကြ၏။

"ဟင်. . ."

သေချာတယ်။ သူမ ကိုယ့်ကို မှတ်မိနေတယ်။ ဒါပေမယ့် သူကတော့ တအံ့တသြပုံစံတစ်ခုကို ကောက်ဖမ်းပစ်လိုက်ကာ. . .

"အာ. . . လူမှားပြီ၊ ဆောရီး. . . ဆောရီးပါနော်"





ဟု လုပ်ပစ်လိုက်သည်။ သူမကတော့ သူ့ကို မယုံနိုင် သလိုမျက်လုံးတွေနှင့် ဇဝေဇဝါကြည့်လို့။

"ကိုယ်က နောက်ကကြည့်တော့ မင်းကို ကိုယ့်သူငယ်ချင်း ကောင်မလေးတစ်ယောက်လို့ ထင်လိုက်တာ၊ ဆောရီး ပါနော်"

"ဩော. . . အင်း. . . ရပါတယ်"

"ဒါနဲ့ ကိုယ့်ကိုမှတ်မိလား၊ တစ်နေ့က Junction Square မှာ တိုက်မိကြသေးတယ်လေ"

သူမမျက်ဝန်းမှာ အရောင်တချို့ဖြတ်ပြေးသွားကြ၏။

"မှတ်မိပါတယ်"

မဆိုး။ သူက သူမကို အဲဒီလောက်အထိတော့ တုံ့ပြန်မှု ကောင်းလိမ့်မည်မထင်ခဲ့။ ကိုယ့်ကိုမမေ့လောက်သေးဘူးဆို တာကိုတော့ ကြိုခန့်မှန်းထားပြီးသားဖြစ်သော်လည်း ကိုယ်က အစဖော်ပေးလိုက်ရင် သူမက မိန်းကလေးတို့ရဲ့ထုံးစံအတိုင်း "ဩော. . . အင်း မှတ်မိပြီ မှတ်မိပြီ" ဆိုပြီး အနည်းငယ် ပြန်စဉ်း စားဟန်ပြုပြီးမှ မှတ်မိကြောင်းကို အထာကလေးနဲ့ ပြန်ပြောလာ မယ်လို့ပဲ ထင်ထားခဲ့တာပါ။ ဒါပေမယ့် အခုတော့ သူမက စဉ်စား တန်လေးကိုတောင် ဟန်ဆောင်ပန်ဆောင်မပြု။ တန်းဝန်ခံ၏။ မှတ်မိပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဆုံမှဆုံတတ်ကြတယ်၊ တစ်ယောက်တည်းပဲလား၊ ကိုယ်လည်း တစ်ယောက်တည်းထွက်လာတာ ထိုင်မယ်နော်. . . ရလား၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ကိုယ်ကျွေးပါ့မယ်"

"ထိုင်လို့တော့ ရပါတယ်၊ ဒါပေမယ့် ကျွန်မပိုက်ဆံရှင်းရမယ်ဆိုမှ ဖြစ်မယ်၊ ဘယ်လိုလဲ"

သူမစကားကြောင့် သူ မပြုံးဘဲမနေနိုင်။

"အဟား. . . ပိုကောင်းတာပေါ့ကွာ၊ ပိုက်ဆံမကုန်မယ့်ကိစ္စပဲဟာ၊ မဖြစ်စရာ ဘာရှိလဲ"

ဒီလိုနှင့် သူက သူမနှင့် တစ်ဝိုင်းတည်းမှာ ထိုင်ခွင့်ရသွားတော့၏။

"နှင်းစက်က. . . အဲ. . . ကျွန်မနာမည် နှင်းစက်သံသာပါ"

သူက သိထားပြီးသားဖြစ်သော်လည်း ကိုယ်သိထားပြီးသားဆိုတဲ့ အရိပ်အယောင်မျိုးကို မျက်နှာပေါ်မှာ မပေါ်စေရ။

"နာမည်က အမိုက်စားပဲ၊ ကိုယ့်နာမည်က ဆောင်းလခြမ်း"

"ဝိုး. . . ရှင့်နာမည်က ပိုမိုက်တာပေါ့၊ နှင်းစက်ကြားဖူးတာက လပြည့်လို့ပဲ များသောအားဖြင့် ကြားဖူးတာ၊ အားလုံးကလည်း ပြည့်ပြည့်ဝဝဖြစ်စေချင်တဲ့ နိမိတ်နဲ့



လပြည့်လို့ပဲ မှည့်တတ်ကြတာပါ၊ ရှင်ကတော့ လခြမ်းဆိုတော့ ထူးခြားနေတယ်နော်"

"ကျေးဇူး"

"နှင်းစက်က ရှင့်ကိုအားနာနေတာ၊ နှင်းစက်အစ်ကိုက အဲဒီလိုပဲ နည်းနည်းသွေးဆိုးတယ်၊ အဲဒီနေ့က ရှင်သာနှင်းစက်အစ်ကိုကို ပြန်ထိုးလိုက်လို့ကတော့ အဲဒီနေရာမှာ ပွဲကတော်တော်ဆူသွားမှာ၊ ဘာမှပြန်မလုပ်တဲ့အတွက်လည်း ကျေးဇူးပါနော်"

သူက သူမကို ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေလိုက်သည်။ ကျေးဇူးတင်မစောနဲ့ဦး အမိရဲ့ ကိုယ်က မင်းနှလုံးသားကို ပြန်ယူမှာ။

"ရှင်တစ်ခုခုမှာလေ၊ နှင်းစက် အကြွေးပြန်ဆပ်ပါ့မယ်"

သူက ခေါင်းတစ်ချက်ညိတ်ကာ စားပွဲထိုးလေးတစ်ယောက်ကို ခေါ်လိုက်ပြီးနောက် သံပုရာရည်တစ်ခွက်သာ မှာလိုက်သည်။

"ဒါနဲ့ ကိုယ့်ကိုတစ်ခုလောက် ကူညီပါ့လား"

"ပြောလေ၊ ဘာကူညီပေးရမလဲ"

"ဒီမှာ ကိုယ့်ဖုန်းက ဘာဖြစ်နေလဲမသိဘူး၊ ဘယ်သူ့ဖုန်းကိုမှလည်း ခေါ်လို့မရဘူး၊ ကိုယ့်ဆီကိုလည်း ဒီနေ့

www.burmeseclassic.com



နေ့လုံး ဘာဖုန်းမှဝင်မလာသေးလို့၊ ဟန်းဆက်များ ကြောင်နေတာလား မသိဘူး၊ တစ်ချက်လောက် စမ်းခေါ် ကြည့်ပေးပါလား"

"အော. . . ဟုတ်၊ ရှင့်ဖုန်းနံပါတ်ပြောလေ"

သူက ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြလိုက်တော့ သူမက သူမဖုန်းကိုထုတ်ကာ ခေါ်ပေးသည်။ ချက်ချင်းဆိုသလိုပင် သူ့ဖုန်းထဲမှ ring tone လုပ်ထားသည့် နီနီခင်ဇော်၏ "အရိပ်တစ်ခုပိုင်ဆိုင်ခြင်း" သီချင်းသံက သာယာနာပျော်ဖွယ် ထွက်ပေါ်လာ၏။

*"ခိုးခိုးချစ်ရတဲ့ အဖြစ်တွေမလွယ်ဘူး××× စိုးမိုးထားခဲ့ပေါ့ မင်းရယ်သံလေး×××ညဘက် ညဘက် အိပ်မက်တွေထဲမှာ ×××မှိုင်းလင်းသွားတော့ ငါ့စိတ်ကူးထဲမှာ နင်ပဲ××× ငါခိုးရိုက်ထားတဲ့ မင်းဓာတ်ပုံလေးသာ×××အရိပ်တစ်ခုအဖြစ်နဲ့သိမ်းဆည်းခွင့်ပေးပါ×××ချစ်သူလေးရာ×××"*

သူက ဖုန်းကို တန်းပိတ်မပစ်လိုက်ဘဲနဲ့ သီချင်းတစ်ကြောင်းပြီးသည်အထိ စောင့်နေလိုက်ပြီးနောက်မှ ပိတ်လိုက်သည်။

"သြော. . . ရပြီ ရပြီ၊ အဟင်း. . . အဲဒီဖုန်းနံပါတ်ကို မှတ်ထားပေးနော်၊ ကိုယ်လည်း ဒီဖုန်းနံပါတ်ကို မှတ်ထားလိုက်ပြီ"





ဒီတော့မှ သူမက သူ့လုပ်ရပ်ကို သဘောပေါက်သွားတော့သည်။

"သြော. . . ရှင်က လူလည်ပဲ"

နှစ်ယောက်သား ရယ်လိုက်ကြ၏။ ဘာပဲဖြစ်ဖြစ် သူမဖုန်းနံပါတ်ကို သူရလိုက်ပြီပဲ မဟုတ်လား။ ကိုယ့်ဖုန်းနံပါတ်ကိုလည်း သူမ မှတ်ထားမှာ သေချာပါသည်။

ဒါပေမယ့် အဲဒီလို သာယာနေသည့်အချိန်မှာပဲ မျှော်လင့်မထားသည့် လူက ရောက်လာတာဖြစ်သည်။

"နှင်းစက်. . . နင်ဒီမှာ ဘာလုပ်နေတာလဲ"

"အစ်ကိုကြီး"

သူမက အလန့်တကြားဖြစ်သွားပေမယ့်လို့ သူကတော့ အေးအေးလူလူပင် ထိုင်နေလိုက်သည်။

"အစ်ကိုမကြီးနဲ့ ၊ ထစမ်းအခု၊ လာခဲ့"

တေဇနောင်က နှင်းစက်ကို လက်ကနေ ဖျတ်ခနဲဆောင့်ဆွဲခေါ်လိုက်တော့ သူမခမျာ ကသောကမျောဖြင့် မတ်တပ်ရပ်ဆိုက်ရပြီးနောက်. . .

"ဟာ. . . နေဦးလေ၊ အား. . ."

တေဇနောင်က နှစ်လှမ်းသုံးလှမ်းမျှ လျှောက်သွားပြီးမှ နောက်ဘက်ကို ပြန်လှည့်ကြည့်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

"ဟော့ကောင်. . . မင်းခြေလှမ်းတွေ ရပ်လိုက်လို့ ငါပြေ
လိုက်မယ်နော်၊ ငါ့ညီမနားမှာ မင်းကိုနောက်တစ်ခါ ငါ
မမြင်ချင်ဘူး"

လခြမ်းကတော့ ဘာတစ်ခွန်းမှ မပြော။ နှုတ်ခမ်းထော
စွန်းတစ်ဖက်တည်း မသိမသာလေးကော့တက်သွားရုံသာ ပြုံး
ကာ ပြန်ကြည့်ပေးလိုက်သည်။ တစ်ခါတစ်ရံမှာ စကားလုံးတွေ
အများကြီးပြောတာထက် ဒီလို၃၂အမူအရာလေးတစ်ခုက
ပိုတာ သွားသည် မဟုတ်ပါလား။

နှင်းစက်ကတော့ သူရှိရာနောက်ဘက်သို့ လှည့်ကြည့်လှည်
ကြည့်ကာဖြင့် သူ့အစ်ကိုဆွဲခေါ်ရာနောက်ကို ယက်ကန်ယက်
ကန်ပါသွား၏။ သူမ ရှင်းမည်ဆိုသည့် စားထားတာတွေလည်း
ကိုယ်သာ ရှင်းရပေတော့မည်။



အိမ်ရှေ့ရောက်လို့ ကားရပ်လိုက်သော်လည်း စိတ်ပျက်
က်ပျက်ဖြစ်နေသည့် နှင်းစက်က ကားပေါ်ကမဆင်းသေးဘဲ
သို့ဖီးလ်နဲ့ကိုယ်နင်ကာ ထိုင်နေလိုက်သည်။ ဒီမှာတင်ပဲ
ာက်ကို ဆင်းသွားပြီဖြစ်သည့် အစ်ကိုတေဇနောင်က သူမ
က်အခြမ်းက ကားတံခါးကို ဖျတ်ခနဲဆွဲဖွင့်၊ သူမကိုလည်း
က်တစ်ဖက်ကနေ ဆောင့်ဆွဲကာ ကားပေါ်ကနေ ဆွဲချလိုက်
နောက်အိမ်ထဲတိုင် ဆွဲခေါ်သွားလေတော့သည်။ အိမ်ထဲ
ာက်တော့လည်း မပြီးသေးဘဲ အသံပြုကြီးဖြင့် အော်ပြန်၏။

"မေမေ. . . မေမေ. . . မေမေ. . ."

မေမေက မီးဖိုခန်းဘက်ကနေ မပြေးရုံတမယ်ခြေလှမ်း
ွနဲ့ ထွက်လာသည်။

"ဟဲ့. . . အလန့်တကြားနဲ့ အသက်မရှူဘူးခေါ်နေတာ၊
ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ မေမေ့သမီးကို ကြည့်ထိန်းဦး၊ ကလေ
ကချေကောင်တစ်ကောင်နဲ့ တွဲနေတယ်"

"အစ်ကိုကြီးနော်၊ သူများကို အဲလိုမှိုချိုးမျှစ်ချိုး လျှော
ပြောမနေနဲ့၊ ပြီးတော့ နှင်းစက်နဲ့သူနဲ့လည်း ဘာမှဆိ
တာမဟုတ်ဘူး၊ ပြီးတော့ ဟိုတစ်ယောက်က ဘာမှတော
လုပ်တာမဟုတ်ဘူး၊ သူကချည်းပဲ တွေ့တာနဲ့ ဘီ
ဆိုင်းတီးနေတာ"

"မိန္နှင်းစက် . . . ငါလုပ်လိုက်ရင် သေတော့မယ်"

အစ်ကိုဖြစ်သူရဲ့ လက်တစ်ဖက်က သူမ့ရှိရာဆီကို
လာသည်။ သို့သော်လည်း မေမေက အစ်ကိုဖြစ်သူကို ဆွဲထာ
လိုက်ရင်းက . .

"ဟဲ့ . . . ဟဲ့ . . . ပါးစပ်ကပြော၊ လက်မပါနဲ့၊ နှင်းစ
ဘာဖြစ်လာတာလဲ၊ ပြောစမ်း ငါ့ကို"

"မေမေ့ သမီးကို မမေးနဲ့၊ ကျွန်တော့်ကိုပဲမေး၊ ကျွန်တေ
ပြောမယ်"

"အေး . . . အဲဒါဆိုပြော"

"မေမေ့သမီးကို အကောင်တစ်ကောင်က လိုက်နေတာ
အဲဒီကောင်က ကလေကချေရယ်၊ စားသောက်ဆိ
တစ်ခုမှာ သီချင်းဆိုပြီးတော့ ရုပ်ကလေးပန်းပြ
ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက်ကို





နေတာ၊ အဲဒါကို အမေ့သမီးက သာယာနေတာလေ၊ သားက လိုက်ထိန်းတာကို သူ့က မကျေမနပ်ဖြစ်နေတာ"

"နှင်းစက် . . . သူပြောတာ ဟုတ်လား"

"ဘာမှမဟုတ်ဘူး၊ အစ်ကိုကြီးနဲ့ အဲဒီတစ်ယောက်က ဘယ်လိုတွေ ကျိုင်တက်ထားသလဲတော့ နှင်းစက်လည်း မသိဘူး၊ အဲဒါ အဲဒီတစ်ယောက်နဲ့နှင်းစက် ဈေးဝယ်ရင်း တိုက်မိတာကို အစ်ကိုကြီးက ဘာမပြောညာမပြောနဲ့ တန်းထိုးတယ်လေ၊ ဟိုက ဘာမှပြန်လုပ်တာမဟုတ်ဘူး၊ ပြီးတော့ ဒီနေ့ သူနဲ့စားသောက်ဆိုင်တစ်ခုမှာဆုံလို့ တစ်နေ့ကကိစ္စကို နှင်းစက်က တောင်းပန်နေတာ၊ အဲဒါကိုပဲ သူက ရောက်လာပြီးတော့ ပြဿနာရှာနေတာ"

"ဟာ့ . . . နင်မကြားဘူးလား၊ အဲဒီအကောင်က နင့်ကို ရအောင်လိုက်မယ်လို့ ငါ့ဆီမှာ ကြိမ်းဝါးထားတာ"

"ဒါကတော့ သူလည်း ယောကျ်ားလေးပဲ၊ အစ်ကိုကြီးက သွားထိုးတော့ မခံချင်စိတ်နဲ့ လျှောက်ပြောလိုက်တာနေမှာပေါ့"

မိခင်ဖြစ်သူကို ရှေ့မှာထားကာ မောင်နှမနှစ်ယောက်က တစ်ယောက်တစ်ခွန်း အော်ဟစ်နေကြတော့သည်။ ကြာတော့ ဒေါ်ပုလဲခင် စိတ်မရှည်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ. . . တော်ပြီ၊ ဒီမှာတင်ရပ်တော့၊ နှင်းစက်ငါ ဘာသံမှမကြားချင်ဘူးနော်၊ တစ်ခုခုအသံထွက်လို့ကတော့ နင့်အဖေရှိတဲ့ အမေရိကားကို ပို့ပစ်မယ် ဘာမှတ်နေလဲ၊ သွားတော့"

သူမက အစ်ကိုဖြစ်သူကို မျက်စောင်းတစ်ချက် ထိုးဖြစ်အောင် ပိတ်ထိုးပစ်ခဲ့ပြီးတော့မှ အပေါ်ထပ်က မိမိအခန်းရှိရာကို တက်လာခဲ့လိုက်ကာ တံခါးကို ဂျိုင်းခနဲမြည်အောင် ပိတ်ပစ်လိုက်ပြီးမှ အိပ်ရာပေါ်မှာ ပက်လက်လှန်ချလိုက်သည်။

ဒီအခိုက် သူမအတွေးထဲကို ဝင်လာတာက ဆောင်းလခြမ်းရဲ့ပုံရိပ်။ အစ်ကိုကြီးပြောစကားအရ သိလိုက်ရသည်မှာ သူက စားသောက်ဆိုင်မှာ သီချင်းဆိုတာဆိုပဲ။ ဘယ်မှာ သီချင်းဆိုတာပါလိမ့်။ အစ်ကိုကြီးကတော့ သူ့ကို တော်တော်မျက်မုန်းကျိုးနေသလိုပါပင်။ ပြောလိုက်တာကလည်း ရစရာကိုမရှိ။ ဒါပေမယ့် သူမကတော့ အစ်ကိုကြီးပြောတာတွေကို မယုံပါ။ အစ်ကိုဖြစ်သူအကြောင်းများ သူမ သိပြီးသား။ သူနဲ့မတည့်သည့်သူမှန်သမျှဟာ ဒီလောကကြီးမှာ မကောင်းတဲ့သူတွေဟု သူက သတ်မှတ်ထားတာမဟုတ်ပါလား။



ညဘက်အိပ်ပျော်လုဆဲဆဲမှာပင် လမ်းဘက်ဆီက ဂစ်တာသံကြောင့် နှင်းစက်က ဖျတ်ခနဲပြန်နိုးလာရသည်။ အသံက မိမိတို့အိမ်ရှေ့က လာနေသည့်အသံမျိုးဖြစ်နေတာကြောင့် သူမက တံခါးကို အသာဖွင့်ကာ လမ်းဘက်ကိုလှမ်းကြည့်လိုက်စဉ်မှာတော့ သူမတွေ့လိုက်ရတာက ဆောင်းလခြမ်းကိုပင် ဖြစ်ပါတော့သည်။ ဆောင်းလခြမ်းနှင့် သူ့သူငယ်ချင်းတစ်ယောက်တို့က သူမတို့အိမ်ရှေ့က လမ်းရဲ့တစ်ဖက်က အုတ်ခုံပေါ်မှာထိုင်ကာ ဂစ်တာတစ်လက်ဖြင့် သီချင်းကို အပီဟဲနေကြတာဖြစ်သည်။

ဒါပေမယ့် ဆိုနေတဲ့သီချင်းကြီးက စိန်ဝင်းထွန်းရဲ့ အချစ်ရူးသီချင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



"အရှုံး×××အချစ်ရှုံးတဲ့ အရှုံးပါပဲလား××× အရှုံး

မြေခွေးနဲ့လင်းတများကြား×××ကိုယ့်အသည်းတို

စွန့်ပစ်သွားမလား×××အို အရှုံး×××ကိုယ့်ပြောစကား

မင်းဂရုမစိုက်ဘူး ××× တခြားနဲ့တွဲတာ မကြိုက်ဘူး××

ဒီမိန်းကလေး ကောင်းတာမဟုတ်ဘူး××× သူများ

အပြော သိပ်မခံချင်ဘူး××× အို အရှုံး×××"

သူမမှာ သူဆိုနေသည့် သီချင်းကို အစတော့ စိတ်ထဲမှာ

တစ်မျိုးကြီးရယ်ပါပဲ။ ဒါပေမယ့် သူသီဆိုနေသည့် သီချင်းထ

သူ့ခံစားချက်ကို ဖော်ကျူးဖို့ထက် သူမ၏အစ်ကိုရဲ့စိတ်ကို လာဆွ

နေခြင်းဖြစ်သည်ဆိုတာကို ရိပ်စားမိလိုက်သည့်ခဏမှာတော့

သူမဟာ သူ့ရဲ့လုပ်ရပ်အတွက် မပြုံးဘဲကို မနေနိုင်တော့ချေ။

"ကိုယ်လိုလူက နွားအကျဆုံး×××လူတကာတွေနဲ့ မင်းတ

ပြုံး×××ဟိုလူနဲ့လည်း ဇာတ်ရှုပ်တုန်း×××ဒီလူကိုလည်း

တစ်ပတ်လျှော့ဦး×××အို အရှုံး×××မြေခွေးနဲ့လင်းတ

များကြား×××ကိုယ့်အသည်းကို စွန့်ပစ်သွားမလား×××

အို××× အရှုံး×××"

အခုအချိန်လောက်ဆိုလျှင် အောက်ထပ်က အစ်ကိုဖြစ်

သူဟာလည်း လမ်းပေါ်ကသီချင်းသံကိုကြားကာ ဒေါသတွေ

ထွက်နေလောက်ချေပြီဆိုတာကို သူမက တွေးလိုက်မိတော့





ဆိုလာမရမ်းစေရန်အတွက် အခန်းတံခါးဆီကိုသွားကာ

ဘဲမှ လော့ခ်ချထားလိုက်လေသည်။

သိပ်မကြာပါချေ။ သူမထင်ထားသည့်အတိုင်းပင် သူမ

အခန်းတံခါးကို အစ်ကိုကြီးနှင့်မေမေတို့က လာခေါက်လေ

သာ၏၊ ဒါပေမယ့် အိပ်ပျော်နေဟန်ဆောင်ကာ မထူးလိုက်

"မေမေ. . . ဒါ ဟိုကောင်တွေ သက်သက်ရန်လာစ

နေတာ၊ ကျွန်တော်သွားဖွဲ့လိုက်မယ်ဗျာ၊ ရှုပ်တယ်"

"ဟဲ့. . . ထားလိုက်စမ်းပါဟယ်၊ သူတို့ဘာသာ အာ

ညောင်းရင် ပြန်သွားလိမ့်မယ်၊ မင်းသွားမှ ပြဿနာတွေ

က ရှင်းမရအောင် ပိုရှုပ်သွားလိမ့်မယ်"

"မေမေ့သမီးကလည်း မထူးဘူး၊ မြင်လား"

"သူအိပ်ပျော်နေတာနေမှာပေါ့"

"အမေကလည်း၊ ဒီလောက်ညံပွက်နေတာကို သူအိပ်ပျော်

နေတာ ဖြစ်နိုင်ပါ့မလား၊ နှင်းစက်. . . ဟေ့ နှင်းစက်. . .

တံခါးဖွင့်စမ်း၊ တံခါးဖွင့်စမ်းလို့ပြောနေတယ်လေ၊ နင်

အိပ်မပျော်ဘူးဆိုတာ ငါသိတယ်၊ ဖွင့်. . . တံခါးကို၊

နှင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူနဲ့ မေမေတို့က သူမအခန်းရှေ့မှာ
စကားအခြေအတင်ပြောနေကြကာ အစ်ကိုဖြစ်သူက သူ
လည်း အော်ခေါ်၊ တံခါးကိုလည်း တဒုန်းဒုန်းထုနေတော့သည်
သူမကတော့ လမ်းပေါ်က သီချင်းသံကိုသာ ရယ်ချင်စိတ်
ဝက်ဖြင့် နားထောင်နေလိုက်လေသည်။

"မြေခွေးနဲ့လင်းတများကြား×××ကိုယ့်အသည်း
စွန့်ပစ်သွားမလား×××အို အရှး×××"

အစ်ကိုဖြစ်သူနဲ့ မေမေတို့က သူမကိုခေါ်မရသည့်အ
မှာတော့ အောက်ထပ်ကို ပြန်ဆင်းသွားကြလေသည်။ ထိုအ
မှာပင် လမ်းပေါ်က သီချင်းသံကလည်း ရပ်သွားလေသည်
မရှေးမနှောင်းမှာပင် သူမ၏လက်ကိုင်ဖုန်းက မြည်လာတော့
ပေါ်နေတာက သူ့နာမည် ဆောင်းလခြမ်း။

"ဟယ်လို"

"နှင်းစက်လား၊ ကိုယ်ပါ"

"ဟင်း. . . သိသားပဲ၊ အကြောက်အလန့်မရှိ လာလု
နေတယ်၊ အထဲမှာ နှင်းစက်အစ်ကိုက သောင်းကျန်း
တာနော်၊ မေမေက တားနေလို့သာ အပြင်ရောက်
လာတာ"



# ထိုမိန်းကလေး ပြုစားတတ်သည်

တစ်ဖက်က ခပ်တိုးတိုးရယ်၏။ သူ့အသံက ဖုန်းထဲမှာ ငြိနားထောင်လို့ ကောင်းနေသလိုပါပင်။ ရှုတတနှင့် ဘယ်လို အသံမှန်းကိုမသိ။

"အဟင်း. . . ကိုယ်မှန်းမိပါတယ်၊ ပြီးတော့ အခုသီချင်းဆိုတာကလည်း နှင်းစက်ကို ရည်ရွယ်ပြီးတော့ဆိုတာမဟုတ်ဘူးနော်၊ နှင်းစက်အစ်ကိုကို စချင်လို့ဆိုတာ"

"သိတယ်. . . သိတယ်၊ အဲဒါလည်း သိတယ်"

"မနက်ဖြန် ကိုယ်သီချင်းဆိုတဲ့ဆိုင်ကို လာခဲ့ပါလားဟင်၊ ကိုယ်က ပြည်လမ်းပေါ်က (. . . . )ဆိုင်လေးမှာ သီချင်းဆိုတာလေ"

"လာပြီး ဘာလုပ်ရမှာလဲ"

"လာခဲ့ပါကွာ၊ ကိုယ့်မှာ နှင်းစက်ကို ပေးစရာရှိလို့ပါ"

"ပေးစရာ. . . ဘာပေးမှာလဲပြော"

"ဒါတော့. . . အခုမပြောသေးဘူး၊ သိချင်ရင် လာခဲ့လေ၊ ရောက်လာတဲ့အခါသိမှာပေါ့၊ လာခဲ့နော်၊ ကိုယ်မျှော်နေမယ်၊ လာမယ်မလား"

တကယ်ပါ။ သူ့အသံထဲကနေ သူမဆီကို ဘာမှန်းမသိသော ခံစားချက်ခေတ်တစ်ခုက တဖြည်းဖြည်းချင်း စိမ့်ဝင်စီးဆင်းလာသလို ခံစားရလေသည်။

www.burmeseclassic.com



နောက်ဆုံးမှာတော့ သူမက သူ့တောင်းဆိုချက်ကို လက်ခံလိုက်တော့၏။

"ဖိုးခေ. . . အာမ,တော့မခံဘူးနော်၊ လာဖြစ်အောင်တော့ ကြိုးစားကြည့်မယ်၊ အစ်ကိုနဲ့မေမေက မျက်စိဒေါက်ထောက်ကြည့်နေတာ"

"ဖိုးခေ. . . ဒါဆို ကိုယ်ပျော်သွားပြီ ဒါပဲနော်၊ ဒါဆိုကိုယ်ဖုန်းချလိုက်တော့မယ်"

"အင်း"

"ဂွတ်နိုက်ပါ နှင်းစက်၊ ဒီနေ့ည အိပ်မက်အကောင်းစားမက်ပါစေ"

ပြောပြီး သူက ဖုန်းချသွားလေသည်။ သူမမှာတော့ ဘာမှန်းမသိသည့် ခံစားချက်တစ်မျိုးဖြင့် မောဟိုက်ကာ ကျန်ခဲ့ရ၏။ တော်တော်နှင့်လည်း အိပ်မပျော်တော့။

မနက်လင်းလို့ မျက်နှာသစ်ပြီး နံနက်စာဝိုင်းကို ထွက်အလာမှာတော့ အစ်ကိုဖြစ်သူက သူမကို သူခိုးဖမ်းသည့်အကြည့်ဖြင့် ကြည့်လာကာ မေးတော့၏။

"နှင်းညက အခန်းထဲမှာ ဘာလုပ်နေတာလဲ ပြောစမ်း"

"အာ. . . ဘာတွေလာပြောနေတာလဲ၊ ညပါဆို အိပ်နေတာပေါ့"





"ဒီလောက် အပြင်မှာ အသံတွေ ဆူညံနေတာကို နင်က အိပ်ပျော်နေတယ်ဆိုတာ ဟုတ်ပါ့မလား"

အစ်ကိုဖြစ်သူစကားအဆုံး သူမက တအံ့တသြပုံစံတစ်ခုကို ကောက်ဖမ်းထားလိုက်ပြီးနောက်. . .

"ဆူညံတယ်! ဘာဆူညံတာလဲ၊ သူခိုးကပ်လို့လား၊ ဟုတ်သားမေမေ"

ဟုဆိုကာ မေမေ့ဘက်သို့ပင် လှမ်းမေးကာ အကယ်ဒမီသရုပ်လိုက်သည်။

"နင်နော်. . . နင်၊ ကြပ်ကြပ်သတိထားနေ"

အစ်ကိုဖြစ်သူက မတော့မနပ်ဖြင့် ထမင်းစားခန်းထဲက ထွက်သွားတော့မှပင် သူမက မီးဖိုခန်းထဲက မေမေမမြင်အောင် အသာကျိတ်ကာ တစ်ယောက်တည်း ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





## ရင်ထဲက စကား (၃)

"လူတစ်ယောက်ကိုချစ်ဖို့...
ကိုယ့်နှလုံးသားကို ကိုယ်က
မောင်းနှင်နေရရင်...
အဲဒါ ရည်းစားထားခြင်းဖြစ်ပြီးတော့...
လူတစ်ယောက်ကိုချစ်ဖို့...
နှလုံးသားက ကိုယ့်ကို
ပြန်မောင်းနှင်လာရင်တော့...
အဲဒါချစ်သူတွေ့ခြင်းလို့ ခေါ်တယ်"

၆၀ တံ့ညွှန့်တိုင်စောမေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

သူနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် နှင်းစက်ကိုကြည့်တာ သူ့ရင်ထဲမှာ ခံစားချက်တစ်ခုက တငြိမ့်ငြိမ့်နှင့် စီးဆင်းလာနေ၏။ ဒါပေမယ့် ဒါဟာ အချစ်မဟုတ်သေးတာကိုတော့ သူကောင်းကောင်းသိနေသေးသည်။ သူ့အစ်ကိုနှင့်မတည့်၍ သူ့အစ်ကိုရှေ့မှာပင် မခံချင်စိတ်နှင့် "မင်းညီမကို ငါရအောင်လိုက်ပြမယ်"လို့ ကြွေးကြော်ထားသည့် လူတစ်ယောက်ကို သူမက ဘာ့ကြောင့် ယုံကြည်နေရတာတဲ့လဲ။ သူမနေရာမှာ ကိုယ်သာဆိုရင်တော့ ဒီနေ့ ဒီနေရာကို ရောက်လာဖြစ်မည်မထင်ပါ။

"ဘာတွေ အဲဒီလောက်ကြည့်နေတာလဲ၊ ပေးစရာရှိတယ်ဆို၊ ဘာပေးမှာလဲ ပေးတော့၊ နှင်းစက်က အကြာကြီးနေလို့မရဘူး၊ မေမေတို့မသိအောင် ခိုးထွက်လာတာ၊ ဘာမှမပြောခဲ့ဘူး၊ ခွင့်တောင်းနေရင် အစ်ကိုက

www.burmeseclassic.com

ကန့်လန့်ကန့်လန့်နဲ့ နောက်ကနေ ပါလာနေဦးမှာစိုးလို့"

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေသည့်သူ့ကို ပြောလာသည့် သူမစကားကြားမှပင် သူက အတွေးထဲက ရုန်းထွက်လိုက်နိုင်သည်။

"ပေးမှာပေါ့၊ ဟိုမှာလာနေပြီ"

ပြောလိုက်သည့်စကားကြောင့် သူမက သူကြည့်နေရာကို လိုက်ကြည့်၏။ သူတို့ဝိုင်းကိုလာနေတာက စားပွဲထိုး ကောင်လေးတစ်ယောက်ပါ။

စားပွဲထိုးကောင်လေးက သူမရှေ့မှာ သူမစောစောက မှာထားသည့် ကော်ဖီတစ်ခွက်ကိုချပေးကာ ပြန်လှည့်ထွက်သွားသည်။ သူမက နားမလည်နိုင်စွာနှင့် မျက်မှောင်ကြုတ်သွား၏။

"ဟင်. . . ဒါက နှင်းစက်မှာထားတဲ့ ကော်ဖီခွက်ကြီးလေ"

"အင်းလေ. . . ကိုယ်ပေးချင်တာကလည်း အဲဒါပဲ"

"ဒီကော်ဖီခွက်ကို နှင်းစက်ကိုပေးချင်တာ! နှင်းစက်နားမလည်ဘူး"

နဝေတိမ်တောင်ဖြစ်နေသည့် သူမပုံစံကြောင့် သူက တစ်ချက် အသံထွက်ပြီးတော့တောင် ရယ်လိုက်မိတော့သည်။ သူမအကြည့်ကတော့ ကော်ဖီခွက်ဆီကကို မခွာ။





"အဟင်း. . . နားလည်သွားမှာပါ၊ ကော်ဖီသောက်လိုက်ပါဦး"

သူမက အခုထိ နားလည်သေးဟန်မရှိသေး။ ဒါပေမယ့် [illegible]ဝေါဟန်နှင့်ပင် ကော်ဖီခွက်ကို ကောက်မ,လိုက်ကာ တစ်ချက် [illegible]တ်သောက်၏။ ပြီးမှ ကော်ဖီခွက်ကို ပြန်ချဖို့အလုပ်မှာတော့ [illegible]တ ကော်ဖီခွက်တင်သည့် အောက်ခံပန်းကန်ပြားလေးတွင် [illegible]ထားသည့် စာတန်းလေးကို တွေ့သွားလေတော့၏။

ရေးထားသည့် စာတန်းလေးက "ချစ်တယ်" တဲ့။

"ဟင် ! "

စာတန်းကိုတွေ့တော့မှ သူမက သူ့ကို အလန့်တကြား [illegible]န်ဖြင့် မော့ကြည့်လာ၏။ သူက သူမကို ပြုံးမြမြလေးကြည့်ပေး[illegible]တ်ပြီးနောက်. . .

"ကိုယ်ပေးချင်တာကို တွေ့ပြီလား"

"အာ. . ."

"တကယ်ပါ၊ ကိုယ်က ကိုယ့်အသည်းကို နှင်းစက်ဆီပေးချင်လို့"

သူမက ခေါင်းတစ်ချက်ငုံ့သွား၏။ ဒါပေမယ့် ခဏလေး [illegible]ာဖြစ်ပြီး သူ့ကိုပြန်မော့ကြည့်လာကာ. . .

"အလာကြီးပဲ၊ အစ်ကိုကြီးပြောတာမှန်နေပြီထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

“နှင်းစက်အစ်ကိုက ဘာပြောလို့လဲ”

“ရှင်က အသည်းစားကဝေကြီးတစ်ကောင်တဲ့”

“ဟား. . . ဟား. . . အဲဒီလိုပဲပြောတာလား”

သူမက ခေါင်းလည်း ညိတ်မပြသလို “အင်း” ဟုလည် ဝန်မခံ။ ဒါပေမယ့် သူမအစ်ကိုက ဒီထက်တောင်ကြမ်းသည့်စကား မျိုးတွေနှင့် သူမကိုနားသွင်းထားမှာ သေချာပါသည်။

“ဘယ်လိုလဲ၊ ကိုယ်ပေးတာကို လက်ခံမှာလားဟင်”

“ကိုယ်ကရတာပဲဟာ၊ ကိုယ့်ဆီက ပါသွားတာမှမဟုတ် ဘဲ၊ ယူထားပေးတာလောက်တော့ ရပါတယ်”

“အာ. . . မဟုတ်သေးဘူးလေကွာ၊ လောကကြီးမှာ ဘယ်အရာမှ အလကားမရဘူးတဲ့ အယူရှိရင် အပေးတော ပြန်ရှိရမယ်လေ၊ နှင်းစက်နှလုံးသားလည်း ကိုယ့်ကိုပြ ပေးပါလား”

သူမက ကော်ဖီခွက်ကို မ,ကာ သောက်လိုက်ပြန်သည် ပြီးနောက်မှ သူ့ကို ပြုံးရိရိကြည့်လာကာ. . .

“နှင်းစက် ပေးချင်စိတ်ရှိလာတဲ့အခါကျရင် ပေးမှာပေါ့”

ပြောပြီး သူမက ဖျတ်ခနဲထကာ ပြန်သွားလေတော့ သည်။ သူကတော့ သူမနောက်မှ လိုက်မသွားပါ။ ဒီအချိန်မှာ



သူ့အတွက် တစ်ခုခုကိုခံစားဖို့ရာ တစ်ယောက်တည်းလွှတ်ပေး ထားလိုက်ခြင်းက ပိုကောင်းသည်မဟုတ်လား။

မှတ်ထား။ မိန်းကလေးတစ်ယောက်ဆီက နှလုံးသားကို တောင်းခံတဲ့အခါ လူကိုယ်တိုင်လိုက်ပြီး သူမဘေးကနေ တတွတ်တွတ်နှင့် ဖွတ်တောင်းစရာမလိုဘူး။ ကိုယ့်နှလုံးသားကိုသာ သူမ ရင်ဘတ်ထဲမှာ ထည့်ပေးထားလိုက်။ တောင်းခံခြင်းအလုပ်ကို သူမနှင့်အတူပါသွားတဲ့ ကိုယ့်နှလုံးသားက သူမနှလုံးသားဆီမှာ ထုတ်ပေးလိမ့်မယ်။

နှလုံးသားချင်းပြောတဲ့စကားက ပိုထိရောက်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com





သူမအိမ်ထဲကို အဝင်မှာပင် အစ်ကိုနှင့် ပက်ပင်းတိုး၏။ သူမက သူ့ကိုရှောင်သွားဖို့ လုပ်သော်လည်း သူက သူမ,ရှောင်သည့် ဘတ်ကို လိုက်ကာထားလိုက်ကာ. . .

"ဒါက ဘယ်ကပြန်လာတာလဲ"

"အပြင်ကလေ"

"ငါ နားရင်းအုပ်လိုက်မယ်၊ အပြင်ကတော့သိတာပေါ့၊ ဘယ်နေရာက ပြန်လာတာလဲ"

"ဆောင်းလခြမ်းသီချင်းဆိုတဲ့ဆိုင်က ပြန်လာတာ"

ဟုသာပြောချလိုက်လို့ကတော့ အစ်ကိုဖြစ်သူဟာ နေရာ တင် သွေးတွေနားထင်ကိုဆောင့်တိုးကာ ဦးနှောက်သွေးကြော တွေဘာတွေပါ ဒိုင်းခနဲ ပြတ်တောက်ပွင့်ထွက်ပြီး သေသွားမည် အား မပြောတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဒါပေမယ့် သူမ တကယ်တမ်းပြောလိုက်တာကတော့. . .

"လိုအပ်တာရှိလို့ သွားဝယ်လာတာ"

ပြောမိပြောရာ ပြောလိုက်မိသော်လည်း သူမမှာက ဝယ်

ထားသည့်ပစ္စည်းဆိုလို့ ဘာတစ်ခုမှ ပြစရာပါမလာခဲ့။ ဒါကို အစ်ကို

ကလည်း သိသည်။

"ဘာဝယ်လာတာလဲ၊ ပြစမ်းပါဦး"

ဒါပေမယ့် သူမက သူမလွယ်ထားသည့် ဘေးလွယ်အိတ်

ကြီးကို ရင်ခွင်ပိုက်ပွေ့ပစ်လိုက်ရင်းက. . .

"ဟာ. . . မိန်းကလေးသုံးတဲ့ပစ္စည်း အစ်ကိုဖြစ်သူ

ပြစရာလား။ ဖယ်. . . ရှေ့က"

ဆိုပြီး ရှောင်ကွင်းထွက်လာခဲ့လိုက်သည်။ မိန်းကလေး

အသုံးအဆောင်ပစ္စည်းဆိုတော့ သူလည်း တောင်းမကြည့်ရဲတော့

ချေ။ ဒါပေမယ့် မချင့်မရဲနှင့်တော့ အသံက နောက်တော်ပါးက

ကပ်ပါလာပါသေးသည်။

"နင်ကြွပ်ကြွပ်သတိထားနော်၊ ဟိုအကောင်နဲ့များ အဆ

ထွက်လာလို့ကတော့ နှစ်ယောက်စလုံးကို အသတ်ပဲ"

"ဒါဆို မင်း. . . သူ့ကို ဖွင့်ပြောလိုက်ပြီပေါ့"

"အင်း. . . ပြောလိုက်ပြီ"

"ငါတော့ မင်းကို ကောင်မလေးအပေါ် မတရားဘူးလို့

ထင်တယ်နော်၊ မင်းက သူ့ကိုလည်း တကယ်မချစ်ဘဲနဲ့၊ သူက

မင်းအရင်တွဲခဲ့ဖူးတဲ့ မိန်းကလေးတွေလို အတွဲရှာတာ မဟုတ်ဘဲ

မင်းကိုတကယ်ချစ်သွားရင် မင်းဘယ်လိုလုပ်မလဲ"

နှင်းစက်ရဲ့ပုံရိပ်က သူ့အာရုံထဲမှာ ဖျတ်ခနဲပေါ်လာသည်။

သူက ဓာတ်ပုံတွေကို zoom ဆွဲကြည့်သလိုမျိုး အာရုံမှာပေါ်လာ

သည့် သူမပုံရိပ်ကိုလည်း zoom ဆွဲကာ မျက်လုံးတွေကို အနီး

ကပ်ဖမ်းကာ ဖတ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းတို့ဆီမှာ ကိုယ့်အတွက် အချစ်ဆိုတာ စင်မှန်စွာ တည်ရှိနေပါသလား။ အခုမရှိသေးရင်တောင် မကြာတော့သည့်အချိန်တစ်ခုမှာ ဖြစ်တည်လာနိုင်ပါသလား။ ဒါပေမယ့် သူ့မျက်လုံးတွေက အဖြူထည်ဆန်လွန်းနေတော့ အဲဒီအဖြေကို သူ မမှန်းဆ,တတ်ချေ။

"မသိဘူး၊ ငါအဲဒီလောက်အထိ တွေးမထားဘူး၊ သူ့အင်ကို,ကို ငါကြည့်မရတာတော့အမှန်ပဲ၊ သူ့ကို ကသိတအောက်ဖြစ်အောင် ငါလုပ်ချင်တယ်၊ အဲဒါကြောင့် နှင်းစက်ကို ငါလိုက်နေမိတာ၊ ဒါပေမယ့် ငါထင်ပါတယ် ငါက သူ့အစ်ကိုရှေ့မှာပဲ သူ့ကိုရအောင်လိုက်မယ်လို့ ကြွေးကြော်ထားတာလေကွာ၊ ဒါကိုသူလည်း သိနေတာပဲ၊ ဒါကို ကြည့်ခြင်းအားဖြင့် ငါ သူ့ကိုတကယ်မချစ်ဘူးဆိုတာကို သူလည်း မှန်းဆမိမှာပါ၊ အဲဒါကို သိရက်နဲ့ ငါနဲ့အလိုက်အထိုက် ဆက်ဆံနေတာကိုကြည့်ရရင်တော့ သူလည်း ငါ့ကို ချစ်လို့တော့မဖြစ်နိုင်ပါဘူး ဘယ်လိုတွေ ဆက်ဖြစ်မလဲဆိုတာကို စိတ်ဝင်စားလို့ သူပါ ဒီကစားပွဲမှာ လိုက်ကစားနေတာလို့ ထင်တာပဲ"

မြတ်မိုးက သူ့စကားကို ခေါင်းတဆတ်ဆတ်ညိတ်၏။ နားလည်တယ်လို့ပြောတာလား။ ဒါမှမဟုတ် ဘာရယ်မဟုတ် ခေါင်းညိတ်ပြခြင်းလားတော့ မြတ်မိုးသာလျှင်သိပါလိမ့်မည်။





သူကလည်း မြတ်မိုးရဲ့အမြင်ကို ဇွတ်ဆွဲထုတ်ကာ မေးကြည့်ဖို့ ဆန္ဒမရှိပါ။ တစ်ခါတလေကျတော့ တစားပွဲတစ်ခုမှာ သူများပြောတာထက် ကိုယ့်အတွေးနှင့်ကိုယ်ကစားနေတာက ပွဲတစ်ခုလုံးကို ပိုပြီး အာရုံစိုက်လို့ရသည်မဟုတ်ပါလား။

"အေးပါ. . . မင်းဇာတ် မင်းနိုင်ရင်လည်း ပြီးတာပါပဲ"

သူက တစ်ချက်ပြုံးလိုက်ရင်းမှ စကားလမ်းကြောင်းပြောင်းသည့်အနေဖြင့် ဆွေးနွေးချက်ကို မြတ်မိုးဘက် လားရာပြောင်းပေးလိုက်သည်။

"ဒါနဲ့ မင်းရော. . . ရင်ခုန်ရမယ့်မိန်းကလေး အခုထိ မတွေ့သေးဘူးလား"

မြတ်မိုးက ရှက်တက်တက်ဖြင့် တစ်ချက်ရယ်လိုက်သေး၏။ ပြီးတော့မှ သူ့အမေးကို ခပ်တွေးတွေးဆဆဖြင့် ဖြေလာသည်။

"မတွေ့သေးပါဘူး၊ မင်းပြောဖူးတယ်လေကွာ၊ လူတစ်ယောက်ကိုချစ်ဖို့ နှလုံးသားကို ကိုယ်က မောင်းနှင်နေရရင် အဲဒါ ရည်းစားထားခြင်းဖြစ်ပြီးတော့ လူတစ်ယောက်ကို ချစ်ဖို့နှလုံးသားက ကိုယ့်ကို မောင်းနှင်လာရင်တော့ အဲဒါ ချစ်သူတွေခြင်းဆို၊ အဲလိုပဲပေါ့၊ ငါက ငါ့နှလုံးသားကို ဖိအားပေးပြီး မမောင်းနှင်ဘူး၊ နှလုံးသားက ငါ့ကိုမောင်းနှင်လာမယ့်အချိန်ကိုပဲ စောင့်နေတာကွ၊



www.burmeseclassic.com

www.burmeseclassic.com

ငါက ရည်းစားမထားချင်ဘူးလေ၊ ချစ်သူပဲထားချင်တာ ပြီးတော့ ငါက အမှတ်တရဆိုတာကို ငါတကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်တည်းနဲ့ ငါနဲ့ကြားမှာပဲ ဖြစ်ထွန်းနေစေချင်တာ၊ အဲဒါမှ အဲဒီအမှတ်တရက ချိုမြိန်တော့မှာပေါ့"

မြတ်မိုးစကားအဆုံး သူ့မျက်ခုံးတွေက အပေါ်ကို ပင့်တက်သွားရတော့သည်။ အမှတ်တရဆိုတာကို ငါတကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်တည်းနဲ့ ငါနဲ့ကြားမှာပဲ ဖြစ်ထွန်းနေစေချင်တာဆိုပဲ့လား။

ဒါဆို ကိုယ်ကရော. . .။ ဟင့်အင်း. . . ငါ မိန်းကလေးတွေအများကြီးနဲ့ တွဲခဲ့ဖူးပေမယ့်လို့ အမှတ်တရဆိုတာမျိုး ငါ့ဆီမှာလည်း ကြွင်းကျန်ရစ်ခဲ့ခြင်း မရှိသေးပါဘူး မြတ်မိုးရာ။ ချိုမြိန်ဖို့ဆို ပိုလို့တောင် ဝေးပါသေးတယ်လေ။



ရင်ထဲက စကား (၄)

"ချိုမြိန်တဲ့ အမှတ်တရဆိုတာ...

ကိုယ်တကယ်ချစ်တဲ့သူနဲ့

ကိုယ့်ကြားမှာသာ

မွေးဖွားတတ်တဲ့အရာပါ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဧည့်ခန်းထဲမှာ ထိုင်ကာ တီဗီကြည့်နေတုန်းမှာပဲ သူမအနားကို မေမေရောက်လာသည်။

"သမီးရေ. . . မေမေဂုဏ်ပြုပွဲတစ်ခု တက်စရာရှိလို့ မေမေ့ကို မေမေတို့ဝယ်နေကျ ပန်းဆိုင်ကနေ ပန်းစည်းတစ်စည်းလောက် သွားဝယ်ပေးပါဦး"

သူမက ကြည့်နေသည့်ဇာတ်ကားကို pause လုပ်ကာ ရပ်ထားလိုက်ပြီးမှ. . .

"ဟုတ်. . . မေမေက ဘာပန်းလိုချင်တာလဲ"

"နှင်းဆီပဲ ကောင်းပါတယ်သမီးရယ်၊ အဖြူလေးတွေဆိုရင် ပိုကောင်းမယ်နော်၊ နှင်းဆီအဖြူတွေချည်းပဲကို ပါကင်လှလှလေးနဲ့ထုပ်ခဲ့ပေး"



www.burmeseclassic.com

www.burmeseclassic.com

"အပွင့်အရေအတွက်ကရော. . ."

"အပွင့်က. . . အင်း. . . ပန်းစည်းကို ခပ်သေးသေးလေး တော့ မပေးချင်ဘူး၊ နည်းနည်းပေါ်ပေါ်လွင်လွင်လည်း ရှိအောင် အပွင့်ငါးဆယ်လောက်စည်းခဲ့ပေး"

"ဟုတ်. . . နှင်းဆီဖြူ အပွင့်ငါးဆယ်နော်"

"အင်း. . . ရော့. . . ဒီမှာပိုက်ဆံ"

သူမက မေမေ့ဆီက ပိုက်ဆံကိုယူကာ အိမ်နေရင်း အဝတ်အစားတွေနှင့်ပဲ နေနေတာမို့ အဝတ်အစားလဲဖို့အတွက် အပေါ်ထပ်ကို တက်လာခဲ့လိုက်သည်။ အဝတ်အစားလဲပြီး နောက်မှာတော့ သူမက နှစ်လမ်းကျော်လောက်မှာသာရှိသည့် ပန်းဆိုင်ကို ဒီအတိုင်းပဲ လမ်းလျှောက်ကာ ထွက်လာခဲ့လိုက်လေ တော့သည်။



ပန်းဆိုင်မှာ ပန်းဝယ်ကာ စိတ်ကြိုက်ရသည်အထိ စည်းခိုင်း နေတုန်းကတော့ ဘာမှမဖြစ်သေးချေ။ ရာသီဥတုက သူ့ဘာသာ အတိုင်း ပုံမှန်လည်ပတ်ကာ သာသာယာယာပဲရှိသေးတာဖြစ် သည်။

"နှင်းစက်. . ."

ပန်းစည်းစည်းနေတာကို စောင့်နေတုန်းမှာပဲ အနောက် နားဆီကနေကပ်ကာ လေသံတိုးတိုးနှင့် ခေါ်လိုက်သံကြောင့် သူမက ဆတ်ခနဲပင် တုန့်သွားရလေ၏။

"အိုး. . . ဘုရားရေ. . . ရှင်ဘယ်လိုလုပ် ဒီကိုရောက် လာတာလဲ"

အံ့သြစရာ။ သူ့ကိုမမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အခိုက် အတန့်လေးမှာပဲ သူမစိတ်တွေက ချက်ချင်းကိုပဲ မြူးကြွသွားရ တာ ကိုယ့်ဘာသာတောင် လိုက်မမီချေ။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုရောက်လာရမှာလဲ၊ ဒီနေ့က အားတော့ နှင်းစက်တို့လမ်းထိပ်ရဲ့တစ်ဖက်က အအေးဆိုင်လေးမှာ အင်တာနက်သုံးရင်းကနေ နှင်းစက်များ ထွက်လာမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ စောင့်ကြည့်နေတာလေ ကိုယ့်စိတ်က တောင့်တလွန်းလို့များလားမသိဘူး နှင်းစက်က ထွက်လာတော့တာပဲ၊ အဟင်း. . . နှင်းစက်တို့လမ်းထိပ်မှာကတည်းက ကိုယ်က နောက်ကနေပါလာတာ၊ နှင်းစက်က မတွေ့လို့"

"ဟုတ်လား၊ ဖုန်းဆက်လိုက်ပြီးရော၊ နှင်းစက်ထွက်မလာရင် ဘယ်လိုလုပ်မလဲ"

"မဆက်ချင်ပါဘူး၊ ကိုယ်က ကိုယ့်ကံကြမ္မာကိုယ် စမ်းသပ်ကြည့်နေတာလေ၊ ကိုယ်နဲ့နှင်းစက်သာ ဖူးစာပါရင် ဒီနေ့ နှင်းစက် အပြင်ကိုထွက်ကိုထွက်လာရမယ် ဆိုပြီးတော့ စမ်းသပ်နေတာ"

"အောင်မယ်. . . ဘာမှမဆိုင်ဘူး၊ လျှောက်ပြောတယ်"

"ဟာ. . . တကယ်ပြောတာ"

"ဒါဆို ဒီနေ့ နှင်းစက်က အပြင်ထွက်မလာတော့ဘူးထားပါတော့၊ လခြမ်းက နှင်းစက်အချစ်ကိုရဖို့ ထပ်မကြိုးစားဘဲနေတော့မှာလား၊ ဖူးစာမှ မပါတဲ့ဟာကို"





"ဟင့်အင်း. . . ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ ဒီနေ့မှာ ဖူးစာမပါပေမယ့်လို့ နောက်နေ့ထပ်စမ်းသပ်ရင် ဖူးစာပါချင်ပါလာမှာပဲလေ၊ အဲဒီတော့ နောက်တစ်ခါ ထပ်စမ်းသပ်မှာပေါ့၊ ဖူးစာပါတယ်ဆိုတဲ့ အဖြေမရမချင်းကို ထပ်စမ်းသပ်နေမှာ"

"ဟင်း. . . တော်တော်လွဲချော်မယ့် စမ်းသပ်နည်းပဲနော် အဟင်းဟင်း"

ဒီအချိန်မှာပဲ သူမစောင့်နေသည့် ပန်းစည်းက ပြင်ဆင်လို့ပြီးသွားလေရာ သူမက ကျသင့်ငွေကိုရှင်းပေးလိုက်သည်။

"နှင်းစက် အချိန်ရလား၊ ဒီနားက အအေးဆိုင်တစ်ဆိုင်ဆိုင်မှာ ခဏလောက် စကားပြောကြရအောင်လေ"

"အစ်ကိုကြီးတွေ့သွားလို့ကတော့ မိုးမီးလောင်မှာ၊ ဒါပေမယ့် ထိုင်ကြတာပေါ့၊ ကံဆိုးကံကောင်းထပ်စမ်းသပ်မယ်လေ၊ အစ်ကိုကြီးတွေ့မတွေ့ကို. . . အဟင်းဟင်း. . ."

ဒါပေမယ့် သူမတို့ ကံဆိုးကြောင်းကိုတော့ ချက်ချင်းဆိုသလိုပဲ သိလိုက်ကြရလေသည်။ သူမတို့က ဆိုင်ထဲကနေ ရယ်ကာမောကာနဲ့အထွက်. . . ဆိုင်ရှေ့မှာ ဘွားခနဲပေါ်လာတာက သူမ၏အစ်ကို ။

"ဟင် ! "


www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ငါထင်တဲ့အတိုင်းပဲ၊ တန်းနေတယ်၊ ကဲကွာ"

ပါးစပ်ကလည်းပြော လက်ကလည်း ပါပြီးသားဖြစ်လေရာ အစ်ကိုလက်သီးချက်ကြောင့် လခြမ်းက နောက်ဘက်ကို ဖင်ထိုင်ရက်လဲကျသွားလေသည်။ အဲဒီလိုလဲအကျမှာကိုပဲ အစ်ကိုဖြစ်သူက လခြမ်းကို ဆောင့်ကန်ဖို့ကြံရွယ်လိုက်သည့်အခါမှာတော့ သူမမျက်လုံးတွေက ပြာဝေသွားကာ လက်ထဲကပန်းစည်းသည်လည်း မြေပြင်ပေါ်ကို ပြုတ်ကျသွားရလေသည်။

"အစ်ကိုကြီး. . ."

သူမက အလန့်တကြားအော်ကာ အစ်ကိုဖြစ်သူ၏ရှေ့က နေ ပိတ်ကာထားလိုက်သည်။

"အစ်ကိုကြီး. . . အစ်ကိုကြီးလွန်မယ်နော်"

ဆိုတော့ သွေးဆူနေဟန်ရှိသည့် အစ်ကိုဖြစ်သူက သူမကိုလည်း မမြင်တော့ဘဲ. . .

"ဖယ်စမ်းပါ. . . နှင်"

ဆိုပြီး သူမကို ဘေးသို့တွန်းဖယ်လိုက်ကာ လဲကျနေသည့် လခြမ်းကို တစ်ချက်ဆောင့်ကန်လိုက်လေတော့သည်။ ဒါပေမယ့် လခြမ်းက ဘာမှပြန်မလုပ်။ ဒါကိုအခွင့်ကောင်းယူသည့် အစ်ကိုကလည်း နောက်တစ်ချက်ဆောင့်ကန်ရန်လုပ်သည့်အချိန်မှာတော့ သူမက အစ်ကိုဖြစ်သူကို တင်းကျပ်နေအောင် ပြေးဖက်ထားပစ်လိုက်သည်။





"တော်ပါတော့ အစ်ကိုကြီးရယ်၊ တော်ပါတော့"

"ဟာ. . လွှတ်စမ်းငါ့ကို၊ လွှတ်စမ်း. . . အခု"

"မလွှတ်ဘူး"

ဒီအချိန်မှာတင်ပဲ သူမတို့အနားကို အပြေးရောက်လာသူက မေမေဖြစ်သည်။

"ဟဲ့. . . ဒါက ဘယ်လိုတွေဖြစ်နေကြတာလဲ"

"မေမေ. . ."

"ငါ ထင်လို့ လိုက်လာတာ၊ ကွက်တိပဲ၊ သားကြီး. . . မင်း လွန်မယ်၊ တော်တော့၊ မင်းညီမကို ဆွဲခေါ်ခဲ့ မောင်ရင်. . မင်းလည်း ပြန်တော့"

မေမေ့စကားနှင့် တပြိုင်တည်းလိုလိုပင် လခြမ်းကလည်း လဲကျနေရာကနေ ထရပ်လိုက်သလိုပဲ အစ်ကိုဖြစ်သူကလည်း သူမလက်ကို ဆောင့်ဆွဲခေါ်၏။

"လာစမ်း. . . နှင်"

လက်တစ်ဖက်လုံး အောင့်မျက်နာကျင်သွားရသော်လည်း စိတ်ကနာတာထက် ရင်ဘတ်ကနာတာက ပိုလေသည်။ သူမက အစ်ကိုနောက်ကို ဒရေသောပါး ပါသွားရရင်းကနေ ကျန်နေခဲ့သည့် လခြမ်းကို ပြန်လှည့်ကြည့်လိုက်မိစဉ်မှာတော့ လခြမ်းကလည်း သူမတို့ကြည့်နေသည်ဖြစ်ရာ အကြည့်ချင်းက ဆုံသွားရလေသည်။

www.burmeseclassic.com





ဒီအချိန်မှာတင်ပဲ သူမရင်ထဲမှာ ခံစားချက်တွေပေါင်းစုံ လှိုင်းတံပိုးတစ်ခုလို ပြင်းထန်စွာ ရိုက်ခတ်လာပြီးနောက်မှာတော သူမက သူကြားလောက်သောအသံဖြင့် ဖြစ်ချင်ရာဖြစ်ဆို အော်ပြောလိုက်မိလေတော့သည်။

"လခြမ်း. . . ပြန်လိုက်တော့နော်၊ နှင်းစက် ရှင့်ကိုချ တယ်သိလား. . ."

"အာ. . . ဒီကောင်မ၊ ပြောနေတဲ့ကြားက. . ."

အစ်ကို့လက်က သူမပါးပြင်ဆီ ဝဲပျံလာ၏။ ဒါပေမယ့် မမေ့တားမြစ်သံကြောင့် အစ်ကို့လက်က သူမပါးပြင်ဆီတို ရောက်မလာခဲ့ဘဲ လေထဲမှာတင် ရပ်တန့်သွားရလေ၏။

"ဟဲ့. . . သားကြီး၊ မလုပ်နဲ့၊ လွန်မယ်၊ အိမ်ကိုခေါ်သွား အိမ်ရောက်မှပြောမယ်"

မမေ့စကားအဆုံး အစ်ကိုက သူမကို စောစောကထက် ပိုမိုတင်းကြပ်စွာ ဆုပ်ကိုင်ရင်း ဆွဲခေါ်သွားလေတော့သည်။

"လာစမ်း. . ."

သူမကတော့ နောက်ဘက်က သူရှိရာကို လှည့်ကြည့် လှည့်ကြည့်ဖြင့် လိုက်ပါသွားရလေသည်။ မမေကလည်း သူမ နောက်မှ ကပ်ပါလာ၏။



အိမ်ကိုရောက်သောအခါမှာတော့ အစ်ကိုက သူမကို ဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးပေါ်သို့ ဆောင့်တွန်းချလိုက်လေသည်။ သူမက ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ပုံကျသွားရာကနေ ပြန် ထမတ်လိုက်ရင်းက. . .

"အစ်ကို မတရားဘူး၊ အစ်ကို သူ့အပေါ်မှာ တော်တော် တရားလွန်နေပြီ"

"အောင်မာ. . . သူ့အကောင်ကိုထိတော့ နာတတ်ထား တာ၊ ငါလုပ်လိုက်ရရင် သေတော့မယ်"

ပြောလည်းပြော၊ လက်ကလည်း မြောက်တက်လာပြန် တော့သည်။

"သားကြီး. . . မင်းကို လက်မပါနဲ့လို့ မမေပြောနေတယ် လေ၊ မိနှင်းစက် ညည်းလည်း တော်တော်သတ္တိကောင်း နေပါလား. . . ဟမ်၊ အမေဖြစ်တဲ့သူရော အစ်ကိုဖြစ် တဲ့သူကပါ မဖြစ်သင့်တာမဖြစ်ရအောင် တားနေတဲ့ ကြားထဲက ဟိုတစ်ယောက်ကို ချစ်တယ်လေးဘာလေး နဲ့ လူကြားထဲမှာ အော်နေသေးတယ်၊ တော်တော် အရှက်မဲ့နေပါလား၊ တော်ပြီ၊ ဒီနေ့ဒီအချိန်ကစပြီး ညည်းအိမ်ထဲက အိမ်ပြင်ထွက်ဖို့ လုံးဝ စိတ်မကူးနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသုံးခွင့်လည်းပိတ်တယ်၊ ပြီးတော့ ဒီတစ်ပတ်အတွင်းမှာ
ညည်းကို ညည်းအမေရှိတဲ့ အမေရိကားကိုပို့ဖို့ စီစ
မယ်၊ ဒါမှ ညည်းနဲ့ ဟိုတစ်ယောက်ဇာတ်လမ်းက ပြတ်မှာ

မေမေ့စကားကြောင့် သူမမှာ အထိတ်တလန့်ဖြစ်သွား
ကာ စီးကျနေသည့် မျက်ရည်များကို ခပ်ကြမ်းကြမ်းပွတ်သုတ်
လိုက်မိရင်း. . .

"ဟင့်အင်း ဟင့်အင်း. . . သမီး အမေရိကားကို မသွား
ချင်ဘူး၊ မသွားဘူး"

"မသွားလို့မရဘူး၊ ငါစကားကို နှစ်ခါမပြောဘူး၊ ပြင်စရာ
ရှိတာ ပြင်ဆင်ထား၊ ဒါပဲ"

"မေမေတို့ မတရားဘူး၊ မေမေတို့ လုံးဝမတရားဘူး"

ပြောပြီး သူမက ထိုင်ရာကနေထကာ သူမအခန်းရှိရာ
သွားဖို့အလုပ်မှာတော့ အစ်ကိုဖြစ်သူက သူမရှေ့ကနေ ပိတ်ကာ
ထားလိုက်ကာ. . .

"ပေးစမ်း. . . နင့်ဖုန်းကို"

ဆိုပြီး သူမလက်ထဲက ဖုန်းကို ဖျတ်ခနဲဆွဲယူလိုက်လေ
သည်။ ဖုန်းက သူ့လက်ထဲပါသွား၏။ သူမက ဘာမှပြောမနေတော့
ဘဲ အပေါ်ထပ်အခန်းရှိရာကိုသာ ပြေးတက်လာခဲ့လိုက်တော့
သည်။



# ထိုမိန်းကလေး ပြုစားတတ်သည်

အခန်းထဲရောက်တော့မှ ခုတင်ပေါ်ကို ပစ်လှဲချလိုက်ကာ
အားရပါးရငိုမိသည်။ မသွားဘူး။ လုံးဝမသွားဘူး။ နိုင်ငံခြားကိုတော့
လုံးဝမသွားနိုင်ဘူး။

သူမ တစ်ခုခုတော့ လုပ်မှဖြစ်ပါမည်။

www.burmeseclassic.com

မြတ်မိုးထိုက်က ဆောင်းလခြမ်းရဲ့ ပါးကဒဏ်ရာကို ကြပ်ထုပ်ထိုးပေးရင်းကနေ ဗျစ်တောက်ဗျစ်တောက်ပြောဒါ။

"အဲဒီဘဲ တော်တော်လွန်နေပြီကွ၊ မင်းကလည်း ဘာလို့ ပြန်မလုပ်တာလဲ၊ ငါသာဆို သူ့သေကိုယ်သေပြန်ချခဲ့မှာ"

ကိုယ်လည်း ယောကျ်ားပဲဟာ။ ဘယ်ခံချင်ပါ့မလဲ။ သူသေကိုယ်သေ ပြန်ချချင်တာပေါ့။ ဒါပေမယ့် ဇာတ်ရဲ့လိုအပ်ချက်အရ သူက သနားစရာဇာတ်ရုပ်နေရာမှာ တမင်ကိုပဲ နေပေးလိုက်တာပါ။

"ငါပြောပြီးပါပြီကောကွာ၊ ငါက သူ့ကို ပြင်ပမှာ ဒဏ်ရာရအောင် မလုပ်ပါဘူးလို့၊ သူ့စိတ်ကိုပဲ မခံချိမခံသာဖြစ်အောင်လုပ်မှာ၊ မင်းပဲ စဉ်းစားကြည့်လေ၊ ငါသာ အဲဒီဘဲကို ပြန်ထိုးရင် နှင်းစက်က ငါ့ကို ပြန်ချစ်လိမ့်မယ်လို့ မင်းထင်လား၊ မထင်နဲ့၊ ငါသာ အဲဒီဘဲကိုပြန်လုပ်ကြည့်

www.burmeseclassic.com



နှင်းစက်ကလည်း ငါ့ကို လန့်ရင်လန့်၊ မလန့်ရင် ရှိန်တော့ ရှိန်သွားမှာပဲ၊ အခုလိုငါက ဘာမှပြန်မလုပ်ဘဲနေတော့ သူက ငါ့ကို သနားသွားတယ်လေ၊ အဲဒီတော့ သူ့အချစ်ကို ငါပြန်ပြန်ရတာပေါ့၊ မှတ်ထား၊ တချို့မိန်းကလေးတွေရဲ့အချစ်က သနားခြင်းက စတယ်ကွ"

"ငါသာဆိုရင်တော့ နှင်းစက်သံသာရဲ့အချစ်ကို မရကာမှ မရရော. . . အဲဒီဘဲကိုတော့ ကွဲပြဲနေအောင် ပြန်ဆော်ပစ်လိုက်မှာ"

"အဟင်း. . . မင်းက အချစ်ကိုမှ မခံစားဖူးတာ၊ ဒီလိုအဖြစ်ကို ဘယ်သည်းခံနိုင်ပါ့မလဲ"

သူ့စကားအဆုံး မြတ်မိုးထိုက်က ကမ္ဘာ့အရယ်ရဆုံးပြက်လုံးတစ်ခုကို ကြားလိုက်ရသလိုဖြင့် ရယ်သည်။ ပြီးတော့မှ. . .

"လေကြီးလေကျယ်မပြောစမ်းပါနဲ့၊ မင်းကရော အချစ်ကို ခံစားတတ်လို့လား၊ အတုအယောင်တွေနဲ့ ကခုန်နေတဲ့သူကများ"

"မင်းထင်လို့ပါ၊ အခုတစ်ခါက အချစ်ကို ငါတကယ်ခံစားနေမိတာပါ၊ ငါ နှင်းစက်ကို တကယ်ချစ်သွားပြီမြတ်မိုး"

သူ့ပါးကို ကြပ်ထုပ်ထိုးဖို့ လှမ်းလာသည့် မြတ်မိုးထိုက်ရဲ့လက်က လမ်းခုလတ်က လေထဲမှာတင် ရပ်တန့်သွားသည်။





"ဘယ်လို"

"ဟုတ်တယ်၊ ငါ နှင်းစက်ကို တကယ်ချစ်သွားပြီ"

"တကယ်လားဟ၊ သေချာလို့လား"

မြတ်မိုးက မယုံကြည်နိုင်လောက်အောင်ဖြစ်နေပုံရသည်။ အေးလေ. . . အဲလိုဖြစ်လောက်အောင်ကိုပဲ သူက အတုတွေနဲ့ တန်ဆာဆင်ထားတဲ့အချိန်က များခဲ့တာကိုး။

"တကယ်ပြောနေတာ၊ သေချာတယ်၊ ငါက သူ ငါ့ကိုသနားပြီး ပြန်ချစ်လာအောင် လုပ်နေရင်းကနေပဲ ငါကိုယ်တိုင်က သူ့ကိုပြန်သနားပြီး တကယ်ချစ်မိသွားတာ၊ သူ့အစ်ကိုတွေ အမေတွေ ဒီလောက်ဆွဲလွဲတားဆီးနေတဲ့ကြားကနေ ငါ့ကိုချစ်တယ်လို့ အဖြေပေးသွားရဲတဲ့သူ့မေတ္တာတရားကို ငါဦးညွှတ်သွားတယ်ကွာ၊ ပြီးတော့ ငါ့ကိုအဖြေပေးပြီး နောက်ဆုံးလှည့်ကြည့်သွားတဲ့အကြည့်လေး၊ အဲဒီအကြည့်မှာတင်ပဲ ငါ့ရင်ခုန်သံတွေက သူ့အတွက် ဝုန်းခနဲမွေးဖွားလာတယ်၊ သူက ငါက သူ့ကို အတုအယောင်နဲ့ချစ်ထားပေမယ့် သူ့ဘက်က ငါ့ကို အစစ်အမှန်တွေ ပေးတဲ့အခါကျတော့ ငါ့အတုတွေဟာ သူ့မေတ္တာကြောင့် အစစ်တွေဖြစ်ကုန်တယ်ထင်တာပဲ၊ သေချာပါတယ်၊ ငါသူ့ကို တကယ်ချစ်သွားမိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ သူ့အစ်ကို တေဇနောင်ကို မင်းရှုံးပြီပေါ့ ဟုတ်လား"

"ထင်လို့ပါ၊ ငါမရှုံးပါဘူး၊ ငါ တေဇနောင်ကို ရှုံးတယ်မရှုံးဘူးဆိုတာက နှင်းစက်အပေါ်မှာထားတဲ့ ငါ့အချစ်က စစ်တယ်မစစ်ဘူးနဲ့ မဆိုင်ဘူးလေ၊ နှင်းစက်က ငါ့ကို သူ့အချစ် ပေးမပေးနဲ့ဘဲဆိုင်တာမလား၊ အခု နှင်းစက်က သူ့အစ်ကို တေဇနောင်ရဲ့ရှေ့မှာပဲ ငါ့ကိုချစ်တယ်လို့ ပြောလိုက်တဲ့အတွက် ဒီပွဲမှာ ငါနိုင်တယ်လို့ပြောလို့ရတယ်၊ တေဇနောင်နဲ့ငါ့ကြားက ကိစ္စက အဲဒီနေရာမှာတင် ပြီးသွားပြီ၊ ကျန်နေသေးတာက ငါနဲ့နှင်းစက်ရဲ့ အပိုင်းပဲရှိတော့တယ်၊ ငါနှင်းစက်ကို အရမ်းစိတ်ပူတယ်ကွာ၊ သူ့အစ်ကိုနဲ့ အမေက သူ့ကို ဘယ်လိုတွေပြောပြီး ချုပ်ချယ်ထားပြီလဲမသိဘူး၊ သူတို့တွေ နှင်းစက်ကို ဒီအတိုင်း လွှတ်ထားတော့မှာ မဟုတ်တာတော့ သေချာတယ်"

နှင်းစက်အတွက် သူတကယ်ပဲ စိတ်ပူမိပါသည်။ သူမတို့ သူမအမေနဲ့အစ်ကိုက ရိုက်နှက်တဲ့အထိတောင် ဆုံးမကြလေမလား။ ဒါကို တွေးလိုက်မိတော့ ရှူးတောင်ရှူးချင်သွားရသည်။



ရင်ထဲက စကား (၅)

"တစ်ခါတစ်ရံမှာ အချစ်က...
ကိုယ့်ဆီကို
လျှပ်စီးလက်သလို ရောက်လာတတ်တယ်။
အဲဒီလိုအချစ်မျိုးက
ဖမ်းဆုပ်ရည်ပ်ခက်ပါတယ်
ဒါပေမယ့်...
သင့်ဆီမှာ စစ်မှန်တဲ့
ရင်ခုန်သံလှိုင်းတွေရှိနေရင်တော့
အဲဒီအချစ်ကို...
လွယ်လွယ်ကူကူ သင်ဖမ်းနိုင်ပါလိမ့်မယ်..."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

သူမဆီက အဖြေကိုရပြီးသည့်နေ့ကစပြီး သူမနှင့်သူ ဆက်အသွယ်ပြတ်သွားခဲ့သည့်မှာ ဒီနေ့ဆိုလျှင် လေးရက် ထိပင် ကြာပြီဖြစ်သည်။ သူမ၏ဖုန်းကို ဆက်ပါသော်လည်း ဖုန်းက စက်ပိတ်ထားသည်ဟုသာ ဖြေနေခဲ့၏။ အိမ်ဖုန်းကို ဖို့ကြပြန်တော့လည်း ဖုန်းနံပါတ်က သူမသိချေ။

သူမကို တွေ့ရလိုတွေ့ရငြား သူမတို့အိမ်အနီးတစ်ဝိုက် ယောင်မလည်ဖြင့် ခဏခဏသွားပါသော်လည်းပဲ သူမ၏ ပ်အယောင်လေးကိုသော်မှ မတွေ့ရချေ။ သူ့အထင်က တော့ သူမကို သူမအမေနှင့်အစ်ကိုတို့က ဖုန်းသုံးခွင့်ပိတ်ကာ ထဲကနေ အိမ်ပြင်တောင် ပေးမထွက်တော့ဘဲ စောင့်ကြည့် ရပါသည်။ ဒါကိုတွေးမိတော့ သူမကို ပိုစိုးရိမ်မိသည်။ သူမ လောက်တောင် စိတ်ဒုက္ခရောက်ကာ အနေကြပ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါမည်လဲ။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်မကင်းသလို ခံစားရ၏။ မတွေ့ရတော့မှ တွေ့ချင်သည့်ဝေဒနာကလည်း အတော့်ကိုပဲ ဆိုးရွားလေသည်။ မြတ်မိုးကတော့ "အဲဒါ မင်းကို အချစ်စစ်တဒဏ်ခတ်တာ " ဟု မှတ်ချက်ပေးရှာ၏။

ဒါပေမယ့် တစ်ချက်ချက်မှာတော့ သူမဟာ သူ့ကို မရရအောင် ဆက်သွယ်လာမှာပဲဟု သူက သိနေလေသည်။ ထို့ကြောင့် သူက သူ့ဖုန်းကိုအမြဲတမ်း ကိုယ်နှင့်မကွာထားသလို အချိန်အအားရှိသည်နှင့် လူကလည်း သူမတို့အိမ် အနီးနားတစ်ဝိုက်မှာသာ ယောင်လည်လည်ဖြင့် ရှိနေခဲ့တော့တာဖြစ်ပါသည်။



လခြမ်းနှင့် အဆက်အသွယ်လုပ်ချင်သော်လည်း သူမအတွက်က ဘယ်လိုမှကို အခွင့်အလမ်းမသာခဲ့ချေ။ မေမေနှင့် အစ်ကိုတို့က သူမဖုန်းကိုသိမ်းထားကာ အိမ်ထဲမှ အိမ်ပြင်သို့လည်း ပေးထွက်ပါချေ။ အိမ်ထဲမှာ နေတာတောင်မှ ကိုယ့်အခန်းထဲမှာကိုယ်ဆိုလျှင်တော့ ပြဿနာမရှိပေမယ့် ကိုယ့်အခန်းထဲကနေ အပြင်ထွက်လာပြီဆိုသည်နှင့် မျက်လုံးလေးလုံးစလုံးက သူမသွားလေရာနောက်ကို တကောက်ကောက် ကပ်ငြိပါလာနေတော့တာဖြစ်ပါသည်။

ဒါပေမယ့် သူတို့တွေ သူမကို စက္ကန့်မလပ်တော့ စောင့်ကြည့်မနေနိုင်ဘူးဆိုတာကို တွက်ဆထားသည့်သူမက မေမေနှင့် အစ်ကိုတို့ ဘယ်အချက်မှာ လစ်လေမလဲဆိုတာကို အမြဲတမ်းပဲ ချောင်းမြောင်းနေမိတော့တာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနှင့် တစ်နေ့မှာတော့ သူမစောင့်မျှော်နေသေ
အခိုက်အတန့်က ရောက်လာပါတော့၏။ အဲဒီနေ့က မေမေ
ဈေးသွားနေချိန်ဖြစ်ပြီး သူမနှင့်အစ်ကိုဖြစ်သူတို့ကတော့ ဧည့်
ခန်းထဲမှာ တီဗီထိုင်ကြည့်နေခဲ့ကြတာဖြစ်သည်။ တီဗီမှာပြနေ
သည်က သူမ စိတ်မဝင်စားသည့် တင်းနစ်ပွဲဖြစ်သော်လည်း
အလစ်အငိုက်ကို ချောင်းနေရသည့် သူမက အစ်ကိုဖြစ်သူ
အနားမှာနေရင်းကနေ အစ်ကိုဖြစ်သူ သတိလက်လွှတ်ဖြစ်မည့်
အချိန်ကိုသာ စောင့်နေမိတာ ဖြစ်ပါသည်။

အဲဒီလိုစောင့်နေတုန်းမှာပဲ အစ်ကိုဖြစ်သူက အိမ်သာသွား
ချင်လာဟန်ဖြင့် သူ့အခန်းထဲသို့ဝင်သွားလေသည်။ ဒါပေမယ့်
သူမကိုမယုံသည့် အစ်ကိုဖြစ်သူက ခြံတံခါးသော့ကိုတော့ သူနှင့်
အတူယူဖြစ်အောင်ယူသွားသေးတာ ဖြစ်ပါသည်။ သို့သော်လည်း
သတိထားလွန်းသည့်အစ်ကို သတိလွှတ်သွားသည်မှာ ဆိုဖာပေါ်
တွင် တင်ထားသော သူ့ဟန်းဖုန်းကိုပဲ ဖြစ်ပါတော့သည်။ သူမ
လည်း ဒီလိုအခိုက်အတန့်ဆိုတာ နောက်တစ်ခေါက်ထပ်မရနိုင်
မှာကို သိနေသည့်အတွက် ဒီတစ်ခါတော့မိချင်လည်းမိ၊ ပြောချင်
တာကိုတော့ ရအောင်ပြောမည်ဟု ဆုံးဖြတ်ကာ အစ်ကို့ဖုန်းနဲ့
ဆောင်းလခြမ်းဆီကို ခေါ်လိုက်လေတော့သည်။ ကံကောင်းသွား
သည်မှာ သူ့ဖုန်းနံပါတ်တွေကို သူမအလွတ်ရနေခြင်းပင် ဖြစ်ပါသည်။



# ထိုမိန်းကလေး ပြုစားတတ်သည်

ဖုန်းက တစ်ချက်သာ မြည်ရသေးခင်မှာပင် တန်းကိုင်၏။

"ဟယ်လို"

"ဟယ်လို. . . လခြမ်းလား၊ နှင်းစက်ပါ"

"ဟာ. . . နှင်းစက်၊ ဘယ်လိုတွေဖြစ်နေတာလဲ နှင်းစက်ရယ်၊ ကိုယ်က နှင်းစက်ကိုစိတ်ပူနေတာ၊ ဖုန်းဆက်တော့လည်း ဖုန်းကပိတ်ထားတယ်၊ အိမ်နားလာကြည့်တော့လည်း အရိပ်အယောင်တောင် မတွေ့ရဘူး၊ ဒီမှာရူးတော့မလို ဖြစ်နေတာ၊ အခုဆက်တာကရော ဘယ်က ဖုန်းကြီးလဲ"

ဘယ်အချိန်ကတည်းက ဘယ်လောက်တောင်ပြောချင်ခဲ့သလဲတော့ မသိချေ။ သူ့ဆီကထွက်ပေါ်လာသည့် စကားသံတွေက ဆက်တိုက်။ အသက်ပင်မရှူ။

"ဟုတ်တယ်၊ နှင်းစက် အိမ်ထဲမှာပဲ ခြေချုပ်မိနေတာ၊ ဖုန်းလည်း အသိမ်းခံထားရတယ်၊ အခုဆက်နေတာကလည်း အစ်ကိုလစ်တုန်း အစ်ကို့ဖုန်းနဲ့ ခိုးဆက်နေတာ၊ အကြာကြီးပြောလို့မရဘူး၊ သူအိမ်သာတက်နေတာ"

"အော. . . ကိုယ်က နှင်းစက်ကို အရမ်းစိတ်ပူနေတာ၊ ပြီးတော့ အရမ်းလည်းတွေ့ချင်နေတာ၊ အရမ်းလည်း လွမ်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ညောင်သီးလည်းစား၊ လေးသံလည်း နားထောင်ဆိုသ...
သူမက ဖုန်းလည်းပြော၊ မျက်စိကလည်း အစ်ကိုဖြစ်သူရဲ့အခန်း...
ကို ကြည့်နေရတာဖြစ်သည်။

"နှင်းစက်လည်း လခြမ်းကိုလွမ်းပါတယ်၊ ဒါပေမယ့် အ...
အရေးမှမရတာ၊ ပြီးတော့ နှင်းစက် နိုင်ငံခြားကိုသွာ...
တော့မယ် လခြမ်းရယ်၊ နှင်းစက်. . . နှင်းစက် နိုင်ငံခြ...
ကို မသွားချင်ဘူး၊ လခြမ်းနဲ့လည်း မခွဲချင်ဘူး"

"ဘယ်လို. . . နှင်းစက်က နိုင်ငံခြားသွားရတော့မ...
ဟုတ်လား၊ ဘာသွားလုပ်မှာလဲ"

"ဘာမှမဟုတ်ဘူး၊ လခြမ်းနဲ့ ဝေးအောင်ဆိုပြီး တ...
ကြတာ၊ မေမေက စီစဉ်နေပြီ၊ ဒီတစ်ရက်နှစ်ရက်အတွ...
ပို့မယ်ထင်တယ်"

"ဟာ. . . ရက်စက်လိုက်ကြတာကွာ၊ ကိုယ်. . . ကိုယ်...
နှင်းစက်နဲ့မခွဲနိုင်ဘူး နှင်းစက်ရာ"

"နှင်းစက်လည်း လခြမ်းနဲ့မခွဲနိုင်ဘူး"

သူ့ဘက်က စက္ကန့်အနည်းငယ်တော့ ငြိမ်သက်သွား...
ဒါပေမယ့် အသက်ရှူသံခပ်ပြင်းပြင်းကိုတော့ ကြားနေရလေသ...

"ရှုပ်တယ်ကွာ၊ ခိုးပြေးမယ်၊ ကိုယ်နှင်းစက်ကို လာခိုး...
ကွာ၊ နှင်းစက် ကိုယ်နဲ့လိုက်ရဲလား"



သူ့စကားကြောင့် သူမရင်ထဲမှာ ဒိန်းခနဲပင် မြည်ဟီးကာ ...တ်လုံးထဲမှာလည်း အရောင်တွေ ပြိုးပြိုးပြက်ပြက်ပင် လက်သွား ...ည်၊ ကိုယ့်နားကိုယ်တောင်မှ မယုံချင်။

"လခြမ်း. . . တကယ်ပြောနေတာလား"

"ဒါနောက်စရာမှ မဟုတ်တာ၊ တကယ်ပေါ့ နှင်းစက်ပြော၊ ကိုယ်နဲ့လိုက်ရဲလား"

သူ့အသံက ရင်ခုန်တိမ်းမူးဖွယ်ကောင်းစွာ။ သူမစိတ်တွေ ...ရမ်းကိုပဲ လှုပ်ရှားလာရသည်။ သူမ လခြမ်းကိုသိပ်ချစ်သည်။ သူသော နိုင်ငံခြားသို့ထွက်သွားရမည်ဆိုပါက ဘယ်တော့မှ ပြန်လာ ...ည်ဆိုတာမသိ။ ဒီလိုသာဆိုလျှင် လခြမ်းနှင့် ဝေးဖို့သာရှိတော့ ...ည်။

"နှင်းစက်. . ."

သူမ ကြာကြာစဉ်းစားမနေချင်တော့။ မိုက်ရူးရဲဆန်သည် ...ဆိုလျှင်လည်း အချစ်အတွက် သူမ မိုက်ရူးရဲဆန်လိုက်ပါတော့ ...ည်။

"နှင်းစက် လခြမ်းကို သိပ်ချစ်တယ်၊ နှင်းစက်. . . နှင်းစက် လိုက်မယ်"

"အိုခေ. . . ဒါဆို မနက်ဖြန်ည ကိုယ်လာခိုးမယ်နှင်းစက်၊ နှင်းစက် အပြင်ထွက်လို့ရလောက်လား"



www.burmeseclassic.com

www.burmeseclassic.com

"နှင်းစက် ရအောင်ကြံကြည့်မယ်လေ၊ မရရအောင်တော့ ထွက်ခဲ့မယ်"

"အိုခေ. . . နှင်းစက်၊ ကိုယ် နှင်းစက်တို့လမ်းထိပ်မှာ ညဦးပိုင်းလောက်ကတည်းကနေ နှင်းစက်မလာမချင်း စောင့်နေမယ်၊ နှင်းစက်အဆင်ပြေတဲ့အချိန်သာ ထွက်ခဲ့ ဟုတ်ပြီနော်"

"အင်း. . . ဒါပဲနော်၊ အစ်ကိုထွက်လာတော့မယ်၊ မီ သွားမှာစိုးလို့"

"အင်း. . . ကိုယ်နှင်းစက်ကို အရမ်းချစ်တယ်သိလား ကိုယ် စောင့်နေမယ်နော်"

"နှင်းစက်လည်း လခြမ်းကိုအရမ်းချစ်ပါတယ်၊ နှင်းစက်ဖြစ် တဲ့နည်းနဲ့ ထွက်ခဲ့ပါ့မယ်"

ပြောပြီး သူမက ဖုန်းကို ချပစ်လိုက်ကာ ဖုန်း called list ထဲကိုဝင်ကာ လခြမ်းဆီခေါ်ထားသည့် ဖုန်းနံပါတ်ကို ဖျက်ပစ်လိုက် ပြီးနောက် ဖုန်းကို ဆိုဖာပေါ်ပြန်ချထားလိုက်သည်။ ပွတ်ကာသီကာ လေးဆိုသလိုပင် အစ်ကိုဖြစ်သူကလည်း သူ့အခန်းထဲကနေ ပြန် ထွက်လာလေ၏။

အစ်ကိုက သူမကို စူးစမ်းသလိုတစ်ချက်ကြည့်လာလေ ၏။ ပြီးတော့ အခုမှ သူ့ဖုန်းကျွန်ခဲ့တာကို သတိရသွားဟန်ဖြင့်





...ချက် ကောက်စစ်၏။ ဒါပေမယ့် သူမက မျက်နှာသေဖြင့်သာ ...တလာနေသည့် တင်းနစ်ပွဲကိုကြည့်နေလိုက်လေသည်။ ...တွင်းပိုင်းမှာကတော့ ရင်တွေတအားခုန်ကာနေသည်မှာ ...ရောဂါသာရှိလို့ကတော့ ရှော့ခ်ပင်ရသွားနိုင်လောက်သည့် ...ခြေအနေပင်ဖြစ်သည်။ အချစ်အတွက် သူမ စွန့်စားရတော့ ...ည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





အကြောင်းစုံကို ပြောပြအပြီးမှာတော့ မြတ်မိုးက တွေးတွေးဆဆဖြင့် ပြောလာသည်။

"မင်း စဉ်းစားဦးနော် လခြမ်း၊ မင်းနဲ့သူနဲ့ ချစ်သူဖြစ်တာက ရက်ပိုင်းပဲရှိသေးတယ်၊ တစ်ယောက်အကြောင်းလည်း တစ်ယောက် ကောင်းကောင်းသိသေးတာမဟုတ်ဘူး၊ သုံးနှစ်သုံးမိုးတွဲလာပြီးမှ ယူကြတဲ့သူတွေတောင် စိတ်သဘောထားခြင်း မတိုက်ဆိုင်တာတွေ အများကြီးရယ်၊ မင်းလုပ်ရပ်က တအားမိုက်ရူးရဲဆန်ရာ ကျမနေဘူးလား"

"ဘေးလူအမြင်နဲ့ကြည့်ရင်တော့ ဒါကြီးက မိုက်ရူးရဲဆန်တဲ့ လုပ်ရပ်ကြီးပေါ့ကွာ၊ ဒါပေမယ့် ငါသူ့ကိုသိပ်ချစ်တယ် မြတ်မိုးရာ၊ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်တော့ လောက်အောင်အထိကို အချိန်တိုတိုလေးအတွင်းမှာ ချစ်မိသွားတာ၊ ငါ သူနဲ့မခွဲနိုင်ဘူး၊ အဲဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သူလည်းငါ့ကို သိပ်ချစ်တယ်ဆိုတာကို ငါခံစားလို့ရနေတယ်၊ သူသာ နိုင်ငံခြားကို ထွက်သွားရမယ်ဆိုရင် ငါနဲ့သူ နောက်ဘယ်တော့မှ ပြန်တွေ့ရမယ်ဆိုတာ ခန့်မှန်းလို့မရနိုင်ဘူး၊ ငါသူ့ကို ငါနဲ့ဝေးရာကို မလွှတ်လိုက်နိုင်ဘူးကွာ"

"အချစ်စိတ်ကြောင့် မင်းမှန်နေတာရော မဖြစ်နိုင်ဘူးလား၊ သေွးအေးအေးနဲ့ စဉ်းစားကြည့်ပါဦးလားကွာ၊ ငါပြောတာက မင်းတို့နှစ်ယောက်စလုံးအတွက်ပြောတာနော်၊ ဒီအချိန်မှာ မင်းတို့နှစ်ယောက်စလုံးက အချစ်စိတ်တက်ပြီး မှန်နေကြတာ၊ တကယ်တမ်းသွေးအေးသွားတဲ့အခါကျရင် မင်းတို့နှစ်ယောက် နောင်တရနေမှာမျိုးကို ငါက မဖြစ်စေချင်လို့ပါ"

မြတ်မင်းစကားကိုလည်း သူလက်ခံပါသည်။ စဉ်းလည်းစဉ်းစားမိပါသည်။ ဒါပေမယ့် ဒီအချိန်မှာ သူ့အတွက် အချစ်ကသာ အရာရာဖြစ်နေတာဖြစ်သည်။ ပြီးတော့ သူမကလည်း သူ့ကိုသိပ်ချစ်နေတာ။ မိန်းကလေးဖြစ်သည့် သူမကတောင် အချစ်အတွက် စွန့်စားရဲသေးရင် သူကရော ဘာလို့မစွန့်စားရဲရမှာလဲ။ ပြီးတော့ သူယုံကြည်ထားသည်မှာ သူနှင့်သူမကြားတွင်ဖြစ်တည်နေသော အချစ်၏ စစ်မှန်မှုကိုပဲဖြစ်သည်။ အချစ်စစ်လျှင် နောင်တဆိုတာ ဖြစ်ပေါ်လာနိုင်စရာမရှိဘူးဟု သူထင်ပါသည်။





"မင်းပြောတာကို ငါနားလည်ပါတယ်၊ ဒါပေမယ့် ငါ သူ့ကိုမခွဲနိုင်ဘူးကွာ၊ သူနဲ့တွေ့မှ အချစ်ဆိုတာကို ငါခံစားတတ်လာတာ၊ ဒါဟာ ငါ့အတွက် သိပ်ကို တန်ဖိုးကြီးမြတ်လွန်းတဲ့ အချစ်ဖြစ်နေတယ်"

"ဒါဆို မင်းက မင်းဆုံးဖြတ်ချက်ကို မပြင်တော့ဘူးပေါ့"

သူက ပြတ်သားစွာပင် ခေါင်းညိတ်ပြလိုက်တော့သည်။ စစ်မှန်သောအချစ်မှာ တွေဝေခြင်းမရှိသလို တွေဝေနေလျှင်လည်း အဲဒါအချစ်မဟုတ်ဘူးဟု သူထင်သည်။ သူရော သူမရောက တွေ ဝေနေခဲ့ခြင်းမရှိလေတော့ ဒါဟာ ဘုရားသခင်ရဲ့အလိုတော်တိုင်းပင် ဖြစ်ပါသည်။

"ဟုတ်တယ်၊ ငါ မပြင်တော့ဘူး မြတ်မိုး၊ ဖြစ်လာသမျှကို ငါရင်ဆိုင်တော့မယ်"

"အိုခေလေ. ... ဆုံးဖြတ်ပြီးသွားပြီဆိုရင်တော့လည်း မင်းသဘောပါ၊ ငါလည်း လိုက်ကူညီပေးပါ့မယ်"

"ကျေးဇူးပါကွာ"

မြတ်မိုးက တစ်ချက်ပြုံးကာ သူ့ပခုံးကို အားပေးသလိုဖြင့် သာရောက် ပုတ်သည်။ သူကတော့ မကြာခင်ရင်ဆိုင်ရတော့မည့် နှစ်ကိုယ်တူနေ့ရက်တွေအတွက် ကြိုတွေးကာ ရင်ခုန်လှိုက်မော လာရသည်။ ပြီးတော့ သူတွေးလိုက်မိသည်မှာ တစ်ခါတစ်ရံ၌



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် ကိုယ့်ထံသို့ လျှပ်စီးလက်သလိုရောက်ရှိလာတတ်သည်ဆိုတာပါပဲ။ အဲဒီအတွက် ထိုအချစ်သည် ဖမ်းဆုပ်ရခက်ချင် ခက်နေပါလိမ့်မည်။ သို့သော် မိမိထံ၌ စစ်မှန်သောရင်ခုန်သံလှိုင်းများရှိနေပါက ထိုအချစ်ကို အမိအရဖမ်းဆုပ်နိုင်မှာ အသေအချာပဲမဟုတ်ပါလား။



တချက်ချက်မြည်ကာ ရွေ့လျားနေသော နာရီလက်တံတိုကြည့်နေရတာကိုက သူမအတွက် တော်တော်လေးကို စိတ်လှုပ်ရှားနေရပြီဖြစ်သည်။ သူမက ကျောပိုးအိတ်တစ်လုံးထဲမှာ အဝတ်အစားသုံးစုံလောက်ကိုထည့်ကာ၊ သူမမှာရှိသည့် ငွေအနည်းငယ်နှင့် လက်ဝတ်လက်စားအချို့ကိုလည်း ကျောပိုးအိတ်ထဲမှာ ထည့်ထားပြီးပြီ။ ပြီးတော့ မမေ့မလျော့ယူရသည်က မှတ်ပုံတင်။ ဖုန်းကတော့ မေမေတို့သိမ်းထားတာမို့ ယူလို့မရတော့။

အချိန်က တဖြည်းဖြည်း ညဉ့်နက်သထက် နက်လာခဲ့ပြီ။ အခုလောက်ဆိုလျှင် လခြမ်းလည်း သူမတို့လမ်းထိပ်အနီးတဝိုက်တွင် သူမထွက်အလာကို စောင့်နေလောက်ပြီဖြစ်သည်။

သူမက အခန်းတံခါးကို အသာဟဖွင့်ကာ အပြင်ကိုခေါင်းလေး အသာထုတ်လို့ အခြေအနေကို တစ်ချက်အကဲခတ်လိုက်

သည်။ တစ်အိမ်လုံးက တိတ်ဆိတ်နေ၏။ အစ်ကိုနှင့် မေမေတို့သည်လည်း အိပ်မောကျနေလောက်ပြီဖြစ်သည်။ သူမက အခြေအနေကို စိတ်ချရပြီဆိုတော့မှ တံခါးကိုအသံမထွက်အောင် အသာပြန်ပိတ်လိုက်သည်။

နောက်တော့ ခုတင်ပေါ်မှာတင်ထားသည့် ကျောပိုးအိတ်ကိုကောက်လွယ်ကာ ခေါင်းမှာ အနက်ရောင်သိုးမွေးဦးထုပ်တစ်လုံးကို ကောက်စွပ်လိုက်သည်။ ပြီးနောက် စောင်တွေကိုဆက်ကာ ချည်ထားသည့် အဝတ်ကြိုးတန်းကြီးကို ပွေ့ပြီး ဝရန်တာသို့ထွက်လာခဲ့လိုက်သည်။ တံခါးအားလုံး၏ သော့တွေက အစ်ကို ဒါမှမဟုတ် မေမေ့ဆီမှာ ရှိနေပါလိမ့်မည်။ ဒီတော့ သူမအတွက် အိမ်အပြင်ရောက်ဖို့က ဝရန်တာမှ ခိုဆင်းရုံသာ။

သူမက စောင်တန်းရဲ့ တစ်ဖက်အစွန်းကို ဝရန်တာမှ ပွတ်လုံးကို ချည်လိုက်ကာ တစ်ဖက်အစွန်းကိုတော့ အောက်ဘက်ကို ချလိုက်သည်။ သေချာခန့်မှန်းတွက်ချက်ပြီးမှ ချည်ထားတာမို့ စောင်တန်း၏အရှည်က သူမအောက်ဘက်ကိုဆင်းဖို့ရာအတွက် လုံလောက်စွာ ကျသွားသည်။

သူမ သိပ်လည်း စဉ်းစားမနေအား။ ဒီအိမ်ထဲမှ မြန်မြန်ထွက်နိုင်မှ ဖြစ်ပါမည်။ သူမက အသက်ကို ဝဝလင်လင် တစ်ချက်ရှူရှိုက်လိုက်ပြီးနောက် ဝရန်တာကိုခွကာ စောင်ကြိုးတန်းကို သေ





ချာကိုင်ပြီး အောက်ဘက်သို့ ပင်ပင်ပန်းပန်းဖြင့် တွယ်ဆင်းလိုက်ရ၏။

မြေပြင်ပေါ်ကို ခြေချမိတော့လည်း ကြာကြာ အမောမဖြေအားဘဲ ခြံရှေ့ညာဘက်ထောင့်ကိုပြေးရပြန်သည်။ ဒီနေရာသည် မှောင်ရိပ်ကျသောနေရာမို့ သူမကျော်တက်ရန် အကောင်းဆုံးနေရာပင်ဖြစ်သည်မဟုတ်ပါလား။

အဲဒီလို အဆင့်ဆင့်ကျော်ခွခုန်ချအပြီးမှာတော့ သူမဟာ ခြံရှေ့လမ်းပေါ်ကို ချောမောစွာပဲရောက်သွားရကာ သူမက လခြမ်းရှိနေမည့် လမ်းထိပ်ဆီသို့ နောက်ဘက်ကိုလှည့်မကြည့်တမ်း ပြေးလာခဲ့လိုက်တော့၏။

ဒါပေမယ့် သူမသာ လမ်းထိပ်ကိုရောက်သွားသည်။ လခြမ်းကတော့ လမ်းထိပ်မှာ ရှိမနေခဲ့ချေ။ သူမက လခြမ်းများ မှောင်ရိပ်ခိုကာ ပုန်းနေသလားအထင်နှင့် လှည့်ပတ်ဝေ့ဝဲကြည့်ကာရှာဖွေပါသော်လည်း မတွေ့ရ။

“ဟာကွာ. . . လခြမ်းကလည်း ကြိုစောင့်နေပါဆိုတာကို မရောက်သေးတာလားမသိဘူး။ နောက်က မေမေတို့သိပြီး လိုက်လာရင်တော့ သွားပါပြီ”

သူမက တစ်ယောက်တည်း စိတ်ပျက်လက်ပျက် ပူပူပန်ပန်ဖြင့် ခပ်တိုးတိုးညည်းကာ လက်က နာရီကိုကြည့်လိုက်မိတော့ ည ဆယ်တစ်နာရီထိုးပြီး ငါးမိနစ်။

www.burmeseclassic.com



လခြမ်းမလာသေးတာလား။ ဒါမှမဟုတ် သူမ မလာတော့ဘူးအထင်နှင့်ပဲ ပြန်သွားခဲ့လေပြီလား။ ပြန်သွားတာတော့ မဖြစ်နိုင်ပါဘူး။ မိမိမလာမချင်းစောင့်နေမယ်လို့ သူပြောထားတာမဟုတ်လား။ ဒါဆို မလာသေးတာပေါ့။ ဒါပေမယ့် ဒီအချိန်ထိရောက်အောင် သူက မလာသေးဘူးဆိုတာက သိပ်တော့မဟုတ်သေးချေ။

"ကျွတ်. . ."

သူမက စိတ်ပျက်စွာ စုတ်တစ်ချက်သပ်လိုက်ပြီး နောက်ကျောပိုးအိတ်ကို အပေါ်သို့တစ်ချက်ပင့်တင်ကာ လက်တွေကို ပိုက်ထားလိုက်မိသည်။ နောက်ဘက်ကိုလည်း ပြန်ကြည့်ရသေး၏။ တော်ကြာ မေမေတို့လိုက်လာလျှင် ကွဲခနဲမိသွားမှာမဟုတ်လား။ လာပါတော့ လခြမ်းရယ်။

ဒီလိုနှင့် သူမစောင့်နေရင်းကနေ တစ်နာရီခန့်အကြာတော့ သူမအနားကို ကားတစ်စီးက ထိုးဆိုက်လာသည်။ သူမထဲမှာ လခြမ်းလာပြီဆိုသည့်အထင်နှင့် လိုက်ခနဲပျော်သွားကာကားပေါ်က ဆင်းလာသည့်သူကိုအကြည့်မှာတော့. . .

"ညီမလေး. . . တစ်ယောက်တည်းလား"

"ဟင်! "





ကားပေါ်မှ ဆင်းလာသည်က လခြမ်းမဟုတ်။ အခြားယောကျ်ားတစ်ယောက်သာဖြစ်ပြီး သူ့နောက်မှ နောက်ထပ်ယောကျ်ားနှစ်ယောက်ကလည်း ထပ်မံဆင်းလာသေးလေ၏။ ပြီးတော့ သူမနှာခေါင်းထဲသို့ တိုးဝင်လာသည်က စူးရှသော အရက်နံ့။ ဒီတော့မှ သူမရင်ထဲကို အကြောက်တရားတို့က တိုးဝင်လာကာ နောက်ဘက်ကို ခြေလှမ်းသုံးလေးလှမ်းမျှ ဆုတ်လိုက်မိသည်။

"ဒီမှာတစ်ယောက်တည်း ဘာလုပ်နေတာလဲ၊ အစ်ကိုကြီးတို့နဲ့ လိုက်ခဲ့လေကွာ"

ပြောလည်းပြော သူတို့က သူမနှင့်လည်း နီးကပ်သထက်ကပ်လာအောင် တိုးကပ်လာလေသည်။

"ရှင်တို့. . . ရှင်တို့ ကိုယ့်လမ်းကိုယ်သွားနော်"

"အဟင်း. . . သွားမှာပါ၊ ဒါပေမယ့် ညီမလေးကိုလည်း ခေါ်သွားချင်လို့လေ၊ လိုက်ခဲ့နော်"

"ရှင်တို့. . . ရှင်တို့ မနှောက်ယှက်နဲ့နော်၊ ကျွန်မအော်လိုက်မှာ"

"လိမ္မာပါတယ်ကွာ၊ ကိုယ်တို့က ကြင်နာတတ်ပါတယ်၊ လိုက်ခဲ့နော်၊ ညီမလေး စိတ်မပျက်စေရဘူး. . . ဟဲဟဲ. ."

"ရှင်တို့. . . ရှင်တို့. . ."



www.burmeseclassic.com

www.burmeseclassic.com



သူမက အခြေအနေမကောင်းမှန်းသိလာသည်နှင့် ပြိုင်နက် နောက်ဘက်သို့လှည့်ကာ ပြေးဖို့လုပ်လိုက်သည်။ သော်လည်း သကောင့်သားတစ်ယောက်က သူမကို လက် ဖက်မှ ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်သည်။

သူမရင်ထဲ ဒိန်းခနဲမြည်သွားကာ ကြောက်လန့်တ ဖြင့် အော်လိုက်မိသည်။

"လာကြပါဦး"

သို့သော်လည်း ကျန်နှစ်ယောက်ထဲမှ တစ်ယောက် သူမကိုနောက်ဖက်မှ ဖမ်းချုပ်ကာ ပါးစပ်ကိုပိတ်လိုက်သောအခါ တော့ သူမအော်သံက တစ်ချက်သာထွက်လိုက်ပြီးနောက် ဝါးဝါးအသံသာ ထွက်နိုင်တော့၏။

"အူး. . . အူး. . . အ. . ."

နောက်တော့ သူတို့က သူမကိုအတင်းဆွဲခေါ်ကာ ပေါ်သို့ တင်လိုက်ကြပြီးနောက် တစ်ယောက်က ရှေ့ခေါင်း ထဲမှာ ကားသွားမောင်းကာ ကျန်နှစ်ယောက်ကတော့ သူ ဘေးတစ်ဖက်တစ်ချက်မှ ဝင်ထိုင်လိုက်ကြကာ သူမကို ချုပ် ကြ၏။

သူမက ရုန်းကန်တွန်းထိုးသော်လည်း မရ။ ယောက် အားနှင့် မိန်းမအားဆိုတော့ သူမ ကြိုးစားမှုက အချည်းနှီးသ ဖါပေမယ့် သူမပါးစပ်ကိုတော့ ပိတ်ထားခြင်းမရှိတော့။





"ရှင်တို့ လူယုတ်မာတွေ၊ လွှပ်. . . ကားကိုရပ်၊ အခု ရပ်နော်"

"ဟဲဟဲ. . . အေးဆေးပေါ့ ဘေဘီရယ်၊ ကိုကြီးတို့က ကြင်နာတတ်ပါတယ်. . . ဟဲဟဲ"

"ညီမလေး မနစ်နာစေရပါဘူးကွာ၊ ကိုကြီးတို့က ညီမ လေးကျေနပ်အောင် ပေးမှာပါ. . . ဟဲဟဲ"

"ဟားဟား. . . ဟား"

"ရှင်တို့. . . ရှင်တို့. . . မယုတ်မာနဲ့နော်၊ ရပ်. . . ကား ကိုအခုရပ်၊ ရပ်လို့ပြောနေတယ်"

ကားက တဝိုးဝိုးမြည်အောင်ပြေးနေသည်။ သူမကတော့ ပေါ်မှာ တွန်းထိုးရုန်းကန်ကာ အော်ဟစ်နေပါသော်လည်း မထင်ချေ။ သူမပါးပြင်မှာ မျက်ရည်တွေ လိမ့်ဆင်းလာ သူမ. . . သူမ. . . ဘဝပျက်ရတော့မှာလား။ ဟင့်အင်း. . . အင်း. . . ဒီလိုတော့ အဖြစ်မခံနိုင်ဘူး။ မေမေ၊ အစ်ကိုကြီး။ မြမ်း. . . နှင်းစက်ကို မကယ်နိုင်တော့ဘူးလား။

လခြမ်း. . .။ ရှင်ကရော ဘာလို့အိုးထားတဲ့နေရာကို က်မလာခဲ့တာလဲ။ ရှင်ကျွန်မကို တကယ်မချစ်ခဲ့ဘူးလား။ ကိုကြီးကို မကျေနပ်လို့ ကျွန်မကို ကစားခဲ့တာလား။ ဟုတ်တယ်။ ကျွန်မကို တကယ်မချစ်ခဲ့ဘူး။ ကျွန်မအချစ်ကို ရှင်စော်ကား

www.burmeseclassic.com



တယ်။ ရှင့်ကို မုန်းတယ်၊ ရှင့်ကိုကျွန်မသိပ်မုန်းတယ်၊ ရှ
ကြောင့် . . ရှင့်ကြောင့် အခု ကျွန်မဘဝပျက်ရတော့မယ်၊ ရှင်
တော့ အခု အချိန်လောက်ဆို အောင်ပွဲခံနေလောက်ရော

တွန်းထိုးရုန်းကန်ရင်းကနေ သူမအသားတွေ တဆ
ဆတ်တုန်ယင်လာသည်။ ကြံရာမရသည့်အဆုံးမှာတော့ သူ
သူမရဲ့ညာဘက်မှာထိုင်ကာ ချုပ်ထားသည့် လူရဲ့လက်ကို အ
သလောက် ကုန်းကိုက်ပစ်လိုက်မိတော့သည်။

"အား . . . ကိုက်တယ် . . . ကိုက်တယ် . . ."

ညာဘက်ကလူက အလန့်တကြားအော်ကာ သူမကို
ထားသည့်လက်တွေအား လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် သူ
ဘယ်ဘက်ကလူကိုလည်း ဆံပင်မွေးမှဆွဲကာ ကားဘော်ဒီ
ခေါင်းကို ရိုက်ထည့်ပစ်လိုက်သည်။

သူမက ကြောက်အားလန့်အားဖြင့် လုပ်မိလုပ်ရာတို့
စက်လုပ်ပစ်လိုက်တာဖြစ်သလို ဘေးလူနှစ်ယောက်တို့ကလ
သူမ ဒီလိုလုပ်မယ်ဟု ထင်မထားလေကြတော့ နှစ်ယောက်
က ဘာမှမတုံ့ပြန်နိုင်လိုက်။ အလစ်အငိုက်မိကာ နာသွားကြ
သူမက သူတို့နှစ်ယောက်ကြားမှာ အချုပ်အနှောင်မရှိလွတ်
တော့၏။





ဒါပေမယ့် သူမက တုန့်ဆိုင်းမနေပါ။ အဲဒီလိုလွတ်လပ်
သည်နှင့်တစ်ပြိုင်နက် ကားခေါင်းထဲသို့ ကျားနာမလေးတစ်
ာင်လို ခုန်ကူးသွားလိုက်ကာ ကားမောင်းနေသည့်တစ်ယောက်
တ်ထဲမှ စီယာတိုင်ကိုလုကာ လှည့်ပစ်လိုက်မိသည်။

"ဟာ . . ဟာ . . . မလုပ်နဲ့လေ . . . ဟာ . ."

သူမက ခံစားချက်လှိုင်းတံပိုးတွေ ပြင်းထန်ကာ ကိုယ့်ကို
ယ်လည်း သေမထူးနေမထူးလို သဘောထားကာ စီယာတိုင်ကို
အားကိုပဲ ဆွဲလှည့်ချလိုက်တော့၏။ နင်တို့လက်ထဲမှာတော့
အပျက်မခံဘူး။ အသက်ပဲ အသေခံလိုက်မယ်။ နင်တို့ကိုလည်း
အတူ သေရွာကိုခေါ်သွားမယ်။

"အ . . ."

ကားက အရှိန်ပြင်းပြင်းနှင့် လမ်းဘေးသို့ ထိုးဆင်းသွား
ည်။ ပြီးတော့ သူမတို့ရှေ့တည့်တည့်မှာပေါ်လာသည်က ကျောက်
ားနှင့်စီထားသည့် နံရံကြီးတစ်ခု။

သူမက မျက်လုံးတွေကို မှိတ်ချပစ်လိုက်သည်။

"အား . . ."

"အား . . ."

"အား . . ."



www.burmeseclassic.com


www.burmeseclassic.com

ဝုန်းခနဲမြည်ဟိီးသံကြီးနှင့်အတူ ကြောက်လန့်တကြာ
အော်ဟစ်လိုက်သံတွေက တိတ်ဆိတ်နေသောပတ်ဝန်းကျင်မှ
ကြောက်မက်ဖွယ်ကောင်းလောက်အောင် ထွက်ပေါ်လာသည်
မှန်ကွဲစတွေက ပတ်ဝန်းကျင်မှာ ဝဲပျံသွားကာ ကားထဲမှလူတစ်
သည်လည်း ကားထဲမှထွက်ကျကာ အဝေးဝေးသို့ လွှ
စင်သွားကြ၏။

သူမသည်လည်း လေဟာနယ်ထဲသို့ လွင့်စင်သွားသလို
တစ်ခုခုနှင့်ပြင်းထန်စွာ ထိခတ်မိလိုက်သလိုလို ခံစားလိုက်မိ
အဲဒီနောက်ပိုင်းမှာတော့ သူမဘာကိုမှ မသိတော့ဘဲ သူမကမ္ဘာ
တစ်ခုလုံးသည် မှောင်အတိကျသွားရတော့တာ ဖြစ်ပါတော့
သည်။



(၃)နှစ်ခန့် ကြာသွားပြီးနောက်. . .





www.burmeseclassic.com

www.burmeseclassic.com

အချစ်မှဖြစ်သော

အမုန်းသည်...

ပို၍

အားကောင်းတတ်၏





တံခွန်တိုင်ခြားမေ

www.burmeseclassic.com

www.burmeseclassic.com

# Part (II)



www.burmeseclassic.com

www.burmeseclassic.com

# မန္တလေးမြို့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ရင်ထဲက စကား (၁)

“ သစ္စာမရှိတဲ့
ယောက်ျားတစ်ယောက်ဟာ...
ခြံထဲမှာ မနေတတ်တဲ့...
နွားတစ်ကောင်နဲ့ တူတယ်။
စားကျက်အသစ်တွေကို
အမြဲပြောင်းစားပြီး
ပျော်မြူးနေတတ်တာက...
သူ့အကျင့်ပဲလေ...”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ကားပေါ်က ဆင်းလိုက်ပြီဆိုတာနှင့် ဒေါ်လေးဝေနှင်းက သူမကို ပြေးဖက်၏။

"ဟား. . . မိသူ၊ အမလေး ကြည့်စမ်းပါဦး၊ အရင်က ထက် အများကြီးတောင် လှလာလိုက်တာ၊ ကြည့်စမ်း၊ ကြည့်စမ်း"

ဒေါ်လေးစကားကြောင့် မိမုန်းသူက အားရပါးရ ပြုံးတိတ်မိ၏။

"အဟင်း. . . ဒေါ်လေးကလည်း အရွယ်နဲ့မလိုက်အောင် အများကြီးကျန်နေပါသေးတယ်နော်"

ဒေါ်လေးက ပြောလည်းပြော၊ ကားပေါ်က အထုပ်တစ်ထုပ်ကိုလည်းဆွဲချကာ ရှေ့ကဦးဆောင်ကာ ထွက်သွားတော့ မိမုန်းသူနဲ့ ဇီဇဝါတို့ကလည်း ကျန်နေသည့်အထုပ်တွေကို ကားပေါ်ကချကာ သယ်လာခဲ့လိုက်ကြသည်။

www.burmeseclassic.com



"ဟင်း. . . ပြောရှောမယ်၊ လာလာ အိမ်ထဲဝင်၊ ဟိုသမီး ရောလာ၊ နှစ်ယောက်စလုံးကတော့ အလန်းတွေချည်းပဲ"

"သတ္တိကိုတော့ ချီးကျူးတယ်ဟေ့၊ ရန်ကုန်ကနေ မန္တလေးကို နှစ်ယောက်တည်းကားမောင်းပြီး လာရဲတာ နည်းတဲ့ သတ္တိလား"

ဒေါ်လေးစကားကြောင့် မိမုန်းသူနဲ့ ဇီဇဝါတို့က တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြသည်။

"အချီးကျူးမစောနဲ့ ဒေါ်လေးရေ၊ မုန်းသူတို့က ခိုင်မွှေလေးကားနောက်ကနေ ကပ်လိုက်လာတာ. . . ဟင်း ဟင်း၊ လမ်းတွေကလည်း သိပ်မမှတ်မိတော့ဘူးလေ"

"အေးပေါ့ဟဲ့၊ မရောက်တာပဲ နှစ်တွေအတော်ကြာပြီပဲ ဟာ၊ အစ်မတို့ရော နေကောင်းရဲ့လား"

"ကောင်းတယ်ဒေါ်လေး၊ အကုန်လုံးနေကောင်းကြပါ တယ်"

ဒေါ်လေးက ရှေ့ကနေ ပြောလည်းပြော၊ အခန်းတစ်ခု အတွင်းကိုလည်း ဦးဆောင်ကာခေါ်သွား၏။

"ဒါ မုန်းသူတို့အတွက် စီစဉ်ထားတဲ့အခန်းပဲ၊ လာမယ်ဆို ကြားတဲ့နေ့ကတည်းက တန်းရှင်းထားတာ"



မုန်းသူတို့က သယ်လာသည့်အထုပ်တွေကို လွတ်ရာကျွတ်ရာကြမ်းပြင်မှာပဲ ချထားလိုက်ကြပြီးနောက် ခုတင်ပေါ်မှာ တက်ထိုင်လိုက်ကြသည်။

"ဒီမှာ အကြာကြီးနေကြမှာမလား၊ ကြာကြာလေးနေကြပါ ဟယ်၊ ဒီမှာ တစ်နေ့တစ်နေ့ မိုးလင်းကနေ မိုးချုပ်ထိ ငါတစ်ယောက်တည်းပျင်းနေတာ၊ ယောကျ်ားလုပ်တဲ့ သူကလည်း တစ်နေ့ကုန်အပြင်မှာ အလုပ်ကိစ္စနဲ့နေရ၊ သားဖြစ်တဲ့သူကလည်း ဆယ်တန်းဆိုတော့ မလှိုင်ဘော် ဒါကို ပို့ထားတယ်လေ"

"ဟုတ်လား၊ ပိုင်ပိုင်က မလှိုင်မှာလား၊ ဘယ်ဘော်ဒါလဲ"

"Family ဘော်ဒါလေ၊ အဲဒီက စည်းကမ်းကောင်းတယ်၊ အောင်ချက်လည်းကောင်းတော့ အဲဒီကိုပဲပို့ထားလိုက် တယ်၊ မသွားချင်ဘူး ဘာဘူးနဲ့ ကဂျိကကျောင်ကျနေသေး တာ၊ ကုပ်ကနေဆွဲပြီး ဇွတ်ပို့ပစ်လိုက်တယ်"

ဒေါ်လေးစကားအဆုံး ရယ်လိုက်မိကြသည်။ ဒေါ်လေးက မုန်းသူမေမေရဲ့ညီမအရင်းဖြစ်ပြီးတော့ မန္တလေးသားနဲ့ရကာ ဒီမှာအခြေချဖြစ်ရင်းက မန္တလေးသူကြီးကိုဖြစ်နေပါပြီ။ ဒေါ်လေး မှာက မင်းမင်းပိုင်ဆိုသည့် သားတစ်ယောက်ပဲရှိတာဖြစ်ပါသည်။

"ဒါနဲ့ ဟိုသမီးနာမည်က ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

ဒေါ်လေးအမေးကို ဇီဇဝါက တစ်ချက်ပြုံးလိုက်ရင်း. . .

"ဇီဇဝါပါရှင့်"

"ဩော. . . နာမည်လေးက မိုက်တယ်"

"လူလေးကရော မမိုက်ဘူးလားဟင်အန်တီ"

"လူက ပြောစရာမလိုပါဘူးကွယ်၊ မိုက်တာထက်ကိုပိုပါတယ်"

ဘာပဲပြောပြော မန်းမြို့ကိုတော့ ရောက်လာခဲ့ကြပြီဖြစ်ပါသည်။ ဒီကိုမရောက်ဖြစ်သည်မှာ ရန်ကုန်မှာနေခဲ့သည့်အချိန်ရယ်။ အမေရိကားမှာနေခဲ့သည့်အချိန်ရယ် ပေါင်းလိုက်လျှင် လေးနှစ်ကျော်ကျော်လောက်တော့ ကြာပြီထင်ပါသည်။

"ကဲ. . . တစ်ညလုံး ကားမောင်းလာကြတာဆိုတော့ ခြေတွေလက်တွေသန့်ပြီး တစ်ရေးတစ်မောအိပ်ချင် အိပ်လိုက်ကြဦး၊ ဒေါ်လေး သမီးတို့စားဖို့ ထမင်းဟင်း ချက်လိုက်ဦးမယ်၊ ဒါနဲ့ နံနက်စာရော စားပြီးခဲ့ကြပြီလား"

"စားပြီးပြီ ဒေါ်လေး၊ မိတ္ထီလာမှာ ကားခဏနားပြီး ဝင်ဆွဲခဲ့ကြသေးတယ်၊ ဗိုက်သိပ်မဆာသေးဘူး၊ လောလောဆယ် ကျောဆန့်လိုက်ဦးမယ်"

"အင်းအင်း. . . ဒါဆိုလည်း နားကြနားကြ"

ဒေါ်လေးက အပြင်ထွက်ကာ အခန်းတံခါးကိုပိတ်ပေးသွားသည်။ ဒီတော့မှ သူမနှင့်ဇီဇဝါတို့က ခုတင်ပေါ်မှာ ခြေပစ်လက်





လှဲချလိုက်ကြသည်။ တစ်ညလုံးနီးပါး တစ်ယောက်တစ်လှည့် ားမောင်းလာခဲ့ကြရသည်မို့ နှစ်ယောက်စလုံးဟာ အရမ်းကိုပဲ ညာင်းညာနေကြပြီမဟုတ်ပါလား။

ဇီဇဝါက ပက်လက်လှန်နေရာကနေ တစောင်းအနေအ ားပြောင်းလိုက်ကာ မုန်းသူ့ဘက်ကို ငဲ့စောင်းကြည့်လိုက်ရင်း . . . .

"အင်း. . . မန်းလေး(မန္တလေး)တော့ ရောက်လာပြီ၊ ဟိုတစ်ယောက်ကို ဘယ်လိုရှာကြမလဲ"

ဇီဇဝါ့စကားအဆုံး တစ်စုံတစ်ယောက်၏မျက်နှာက န်းသူရဲ့အာရုံထဲကို တိုးဝင်လာသည်။ တစ်ပြိုင်တည်းလိုလိုပင် န်းသူ၏ရင်ထဲ၌ အမုန်းတရားတို့ကလည်း တဖွားဖွားပေါ် ါက်လာရတော့၏။

"သူ့အိမ်လိပ်စာကို ငါသိထားပြီးပါပြီ၊ သူသွားတတ်တဲ့ နေရာတွေကိုလည်း ငါစုံစမ်းထားပြီးသား၊ ဒီမှာ ငါ့ အသိတစ်ယောက်ရှိတယ်လေ၊ သူတို့အိမ်က ဝပ်ရှော့ ဖွင့်ထားတာ၊ သူကလည်း အဲဒီမှာပဲ ဝင်လုပ်နေတာ၊ ပြီးတော့ သူ့ဦးလေးတစ်ယောက်က ခရီးသွားအေဂျင်စီ ဖွင့်ထားတာ၊ သူကလည်း တစ်ခါတစ်လေကျရင် တိုးရစ် ဂိုက်လုပ်လေ့ရှိတယ်၊ ငါတို့က အဲဒါကို ကောင်းကောင်း အသုံးချရမယ်"

www.burmeseclassic.com

"သူ့မှာ ရည်းစားတွေ ဘာတွေရှိနေရင် ဘယ်လိုလုပ်မ
အဲဒါကိုရော နင်ထည့်စဉ်းစားမိရဲ့လား"

"ငါ့အသိတစ်ယောက် ပြောပုံအရဆိုရင်တော့ သူ့မှာ လ
ရှိရည်းစား ရှိနေပုံမပေါ်ဘူးတဲ့၊ ရှိနေတော့ရော ဘာဖြစ်
ဟာ၊ သစ္စာရှိတဲ့သူမှ မဟုတ်တာ၊ အချစ်ဆိုတာကိုလည်
ခံစားတတ်တဲ့သူ မဟုတ်ဘူးလေ၊ ငါပြောပြမယ်၊ သစ္စ
မရှိတဲ့ယောကျ်ားတစ်ယောက်ဟာ ခြံထဲမှာ မနေတ
တဲ့ နွားတစ်ကောင်နဲ့တူတယ်၊ အမြဲမပြတ် စားကျ
အသစ်တွေကို ပြောင်းစားရင်း ပျော်မွေ့နေတတ်တ
သူ့အကျင့်ပဲ၊ ငါက အဲဒါကို အခွင့်ကောင်းယူရမှာ"

"အင်း. . .နင်တော့မသိဘူး၊ ဘေးလူဖြစ်တဲ့ငါတော
ဘာတွေဖြစ်လာမလဲဆိုတာကို အရမ်းစိတ်ဝင်စားနေ"

ဇီဇဝါ့စကားကြောင့် မုန်းသူက ပြုံးလိုက်မိသည်။ ဒီပွဲမှာ
မိမိနိုင်ကိုနိုင်ရပါမည်။ အချစ်ကို အလေးမထားတတ်သည့် သူ
ယောကျ်ားတစ်ယောက်ကို အချစ်က ခွင့်လွှတ်ရင်တောင်မှ သူမ
တော့ အလွတ်မပေးပါ။ အချစ်က ဒဏ်မခတ်လျှင် အဲဒီဒဏ်ခ
ခြင်းတာဝန်ကို သူမက ယူရမှာပဲ ဖြစ်ပါတော့သည်။



မိမုန်းသူက သူမနှင့် မလှမ်းမကမ်းက ခုံမှာထိုင်နေသည့် ဆောင်းလခြမ်းကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ ဂျင်းဘောင်းဘီအနက်တစ်ထည်ကို မီးခိုးရောင်အကွက်စိပ် လက်ရှည်တစ်ထည်နဲ့ တွဲဝတ်ထားပြီး လက်တွေကိုလည်း တံတောင်ဆစ်လောက်အထိခေါက်ထားပုံက သူ့ရုပ်ရည်နှင့်ပေါင်းစပ်လိုက်သောအခါ တော်တော်လေးတော့ ကြည့်ကောင်းသွားတာအမှန်ပါပဲ။ ဒါပေမယ့် အတွင်းစိတ်ကတော့ တစ်ပြားဖိုးမှ တန်ဖိုးမရှိတာခက်သည်။

ကြည့်နေရင်းက သူမ၏စိတ်ထဲမှာ အမုန်းတရားတို့က နေရာအနှံ့ အရှိန်အဟုန်ပြင်းပြင်းနှင့် ပျံ့နှံ့စီးဆင်းလည်ပတ်လာရတော့သည်။

သူက သူငယ်ချင်းတစ်ယောက်ယောက်နှင့် ဖုန်းပြော နေသည့် ပုံစံမျိုးဖြစ်တာ တစ်ဖက်လူက ဘာတွေပြောလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



တော့မသိ သူကတော့ အားရပါးရကြီးကိုပဲ ပြုံးရယ်လိုက်တာကို တွေ့ရသည်။

ဟင်း. . . အဲဒီအပြုံး၊ အဲဒီအရယ်တွေနဲ့ မိန်းကလေး ဘယ်နှစ်ယောက်လောက်ကိုများ ရှင်ဖြားယောင်းပြုစားခဲ့ပြီးပြီလဲ ဆောင်းလခြမ်း၊ အဲဒီအပြုံးတွေကို ကျွန်မသိပ်မုန်းတယ်သိလား။ ရှင့်ရဲ့အပြုံးတွေကို ဘယ်တော့မှဖူးပွင့်မလာနိုင်တော့အောင် ကျွန်မဖျက်ဆီးပစ်ချင်တယ်။ ဟင့်အင်း. . . မဟုတ်ဘူး။ ကျွန်မဖျက်ဆီးပစ်ချင်တာ ရှင့်အပြုံးတွေတင်မဟုတ်ဘူး။ ရှင့်နှလုံးသား၊ ရှင့်မနက်ဖြန်တွေ၊ ကုန်ကုန်ပြောရရင် ရှင့်ဘဝကြီးတစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် ကျွန်မလုပ်ပစ်ချင်တာ။

သူက ဖုန်းပြောလို့ပြီးသွားဟန်ဖြင့် ဖုန်းကိုနားမှခွာကာ စားပွဲပေါ်မှာ ချထားလိုက်တာကိုတွေ့ရသည်။ တစ်ဆက်တည်း လိုလိုပင် စားပွဲထိုးလေးအားလှမ်းခေါ်လိုက်ကာ ပိုက်ဆံရှင်းလိုက်ပြီး ဆိုင်ထဲမှ ထွက်ခွာသွား၏။

ဒါပေမယ့် သူ့နောက်ကို သူမလိုက်မသွားပါ။ သားကောင်ကို တွေ့ထားပြီးဖြစ်သော်လည်း သူမ ဒီနေ့တော့ မပစ်ချင်သေး။ နောက်နေ့မှပစ်လည်း သူမလက်က သူဘယ်လိုမှ လွတ်မသွားနိုင်တာကို သူမသိနေသည်။ သူ့နောက်ကို သူမ လိုက်သွားစရာမလိုပါ။





အချိန်တန်လျှင် သူ့ဘာသာ သူမရှေ့မှာ လည်လာစင်းပေးရမှာပဲဖြစ်သဖြင့် သူမက ဆိုင်ထဲမှာပဲ အင်တာနက်သုံးကာ အေးအေးဆိုင်တျန်နေခဲ့လိုက်သည်။

ဟင်း. . . ရှင်က ရှင့်ကိုယ်ရှင် နှလုံးသားနယ်ပယ်မှာ ကဝေ ရယ်လို့ သတ်မှတ်ထားသတဲ့လား ဆောင်းလခြမ်းရဲ့။ ရှင့်ကို တန်ပြန်နည်းနဲ့ ပြန်ပြုစားမယ့် စုန်းမတစ်ကောင် ရှင်နဲ့အနီးဆုံးမှာ ရောက်နေပြီဆိုတာကိုတော့ ရှင် မသိသေးတာ သနားစရာပဲ။

ကဲ. . . ကဝေကောင်ရေ. . . ။ ရှင်နဲ့ ကျွန်မ တစ်ပွဲတစ်လမ်းလောက် အကဲစမ်းကြည့်ရအောင်လား။



www.burmeseclassic.com

www.burmeseclassic.com





ရင်ထဲက စကား(၂)

“မှဆိုးမုဆိုးမုဆိုးမုဆိုး

“မုဆိုးမှန်ရင်...

ဘယ်မုဆိုးမှ...

သူတို့ရဲ့လက်နက်ကို

မေ့ပစ်လေ့မရှိကြဘူး...”



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၂)

ဒီနေ့တော့ မိမုန်းသူက ပထမဆုံးတိုက်ကွက်ကို စသုံးသည့်အနေဖြင့် ရန်သူ့ပိုင်နက်ဆီသို့ စတင်ချဉ်းနင်းဝင်ရောက်လာခဲ့တော့လေသည်။

မိမုန်းသူနှင့် ဇီဇဝါတို့က နှီးမရတော့သည့် ဆိုင်ကယ်တစ်စီးကို ဆောင်းလခြမ်းတို့အိမ်က ဝပ်ရှော့ဆီသို့ တွန်းလာခဲ့လိုက်ကြသည်။ အစကတော့ ဒီဆိုင်ကယ်က အကောင်းကြီးရယ်ပါ။ ဒါပေမယ့် သူမက အဲဒီလိုကောင်းနေတာကိုပဲ မကောင်းတော့စေရန်အတွက် ပလပ်အကောင်းကိုဖြုတ်ကာ မီးမလိုက်တော့သည့် ပလပ်အစုတ်တစ်လုံးနှင့် ပြောင်းလဲတပ်ဆင်ကာ သူ့ဝပ်ရှော့ဆီကို အရောက်တွန်းလာခဲ့လိုက်တာဖြစ်ပါသည်။ အဒေါ်ဖြစ်သူသာသိရင် သူ့ဆိုင်ကယ်ကို ဒီလိုလုပ်လို့ ဘာပြောလေမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ပြုစားနိုင်ဖို့ဆိုရင် ကျွန်မဘာပဲလုပ်ရလုပ်ရ လုပ်မယ် ဆောင်းလခြမ်း။

ကံကောင်းသွားတာတစ်ခုကတော့ သူ့ကို ဝပ်ရှော့မှာ ဆိုက်ဆိုက်မြိုက်မြိုက်ကိုပဲ တွေ့လိုက်ရတာဖြစ်ပါသည်။

"ဘာများ ကူညီပေးရမလဲခင်ဗျာ"

နောက်ထပ် ကံကောင်းသွားတာတစ်ခုကတော့ သူတို့ဝပ်ရှော့မှာရှိသည့် အလုပ်သမားလေးတွေက သူတို့အလုပ်နှင့်သူတို့ ရှုပ်နေကြကာ သူတစ်ယောက်သာလျှင် အနည်းငယ်အားနေပုံဖြင့် သူမတို့ဆီကို အပြုံးတစ်ခုဖြင့် ရောက်လာခဲ့တာပင်ဖြစ်၏။

ရှင်. . . သေတော့မယ် ဆောင်းလခြမ်း။

"ဟို. . . ဆိုင်ကယ်က စီးလာတုန်းကတော့ အကောင်းပဲ အဲဒါ ဆိုင်တစ်ဆိုင်ကိုခဏဝင်ပြီး ပြန်နှိုးတော့ စက်နှိုးလို့ မရတော့လို့"

"ဩော. . . ဟုတ်"

သူက ဆိုင်ကယ်ကို တစ်ချက်နှစ်ချက်နှိုးကြည့်သည်။ မနှိုးတော့ ပလပ်ဖြုတ်ကာ ကစ်နင်းပြီး စမ်းပြန်သည်။ ခဏနေတော့ အဖြေကို သူသိသွားပြီ။

"ပလပ်မကောင်းတော့တာဗျ၊ ပလပ်လဲရမယ်၊ ခဏလေး နော်"





သူက ဆိုင်ထဲဘက်ဆီသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူမနှင့် ဗိဇဝါတို့ကတော့ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်ကာ နေရာမှာ ကျန်ခဲ့ကြသည်။ ချက်ချင်းဆိုသလိုပဲ သူက ပလပ်အသစ်တစ်လုံးကိုကိုင်ကာ ပြန်ရောက်လာပြီးနောက် ပလပ်အဟောင်းကိုဖြုတ်၊ ပလပ်အသစ်တပ်၊ မီးစမ်းကြည့်၊ ပြန်နှိုးကြည့်လုပ်နေတော့၏။

မကြာ. . . ဆိုင်ကယ်က စက်နှိုးလို့ပြန်ရသွားသည်။

"ရပြီခင်ဗျာ"

သူမက သူ့ကိုအပြုံးတစ်ခုဖြင့် ကြည့်ပေးလိုက်ရင်း. . .

"ကျေးဇူးပါနော်၊ ဟိုဟာ. . . ပစ္စည်းဖိုးနဲ့ပြင်ခ,က ဘယ်လောက်ပေးရမလဲမသိဘူး"

"ပြင်ခတ မပေးပါနဲ့၊ ရပါတယ်၊ ပလပ်ဖိုးပဲပေးခဲ့ပါ"

"ဘယ်လောက်လဲမသိဘူး"

"ထောင့်ငါးရာပါ"

သူမက တစ်ချက်ပြုံးလိုက်မိပြန်သည်။ အဆိပ်ရည်အပြည့်သုတ်လိမ်းထားတဲ့ ထောင့်ငါးရာကိုလည်း ရှင်မကြာခင် ထပ်ရဦးမှာပါ တဝေကောင်းရယ်။

သူမက ထောင်တန်တစ်ရွက်နှင့် ငါးရာတန်တစ်ရွက်ကို သုတ်ပေးလိုက်ရင်း. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲနော်၊ သွားလိုက်ပါဦးမယ်"

သူက ခေါင်းတစ်ချက်သာ ညိတ်ပြသည်။ နောက်တော့ သူ့တို့က ဆိုင်ကယ်ပေါ်တက်ကာ သူ့ဝပ်ရှော့မှ ပြန်လာခဲ့လိုက်သည်။

"ဟဲ့. . . သူ့မျက်နှာကတော့ လုံးဝ အပြစ်ကင်းတဲ့မျက်နှာ ပေးမျိုးလေးနော်"

"အဟင်း. . . နင်ကလည်း၊ သူက ဆရာအဆင့်ပါဆို ဒီလောက်ကတော့ သူ့အတွက် ဘာမှမဟုတ်တဲ့ပညာလေး ပါ ဇီဇဝါရယ်၊ အဲဒီလိုမျက်နှာပေးကြောင့်ပဲ မိန်းကလေးတွေ ဘယ်လောက်များများ အသည်းကွဲခဲ့ရပြီလဲဆိုတာ နင်မှန်း ကြည့်စမ်းပါ"

ဇီဇဝါက ငြိမ်သွားသည်။ သူမကတော့ မီးပွိုင့်တစ်ခုကို ရောက်လာသည့်အတွက် ဆိုင်ကယ်ကို အရှိန်လျှော့ကာ ဘရိတ်နင်း ကာ ရပ်ထားလိုက်သည်။

ရှင်သိလား ဆောင်းလခြမ်း။ ကျွန်မက ရှင့်ရဲ့ပျော်ရွှင်မှု တွေကို အခုလို ဆိုင်ကယ်ဘရိတ်နင်းပြီးရပ်ပစ်လိုက်သလိုပဲ တန့်ခနဲ ဖြစ်သွားအောင် ရပ်တန့်ပေးမှာဆိုတာကိုလေ။



ဆောင်းလခြမ်းနှင့် မြတ်မိုးထိုက်တို့က Friends လက် ဘက်ရည်ဆိုင်မှာ ထိုင်နေကြရင်းက စကားတွတ်ထိုးနေမိကြသည်။ ထိုအချိန်မှာပဲ ဆောင်းလခြမ်း၏နောက်မှာ လူရိပ်တစ်ခုက ဖြတ်ခနဲ ရောက်လာကာ သူ့မျက်လုံးတွေကို နောက်ဘက်ကနေ မှိတ်ချ ပစ်လိုက်တာကို ခံလိုက်ရတာဖြစ်သည်။

"ငါဘယ်သူလဲ မှန်မှန်ပြောစမ်း"

ပြီးတော့ နောက်ထပ်ထွက်လာတာက ကောင်မလေးတစ် ယောက်၏အသံ။ သူက သူ့မျက်လုံးတွေမှာ မှိတ်ထားသည့်လက် တွေကို ဆွဲခွာလိုက်ရင်းက. . .

"ဘယ်သူလဲကွာ"

ဆိုပြီး နောက်ဘက်ကို လှည့်ကြည့်လိုက်စဉ်မှာတော့ သူမြင်လိုက်ရတာက ကောင်မလေးတစ်ယောက်။ မဟုတ်သေးဘူး။ အတိအကျပြောရရင် မနေ့ကမှ လောလောလတ်လတ်ကြီးကိုပဲ သူတို့ ဝပ်ရှော့မှာ ဆိုင်ကယ်လာပြင်သွားသည့် ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

သူက အံ့ဩသွားရသလိုပဲ ကောင်မလေးကလည်း သူ့မျက်နှာကို အတွေ့မှာတော့ မျက်ကလူးဆန်ပြာဖြစ်သွားကာ. . .

"အာ. . . လူမှားပြီ ဆောရီး၊ ဆောရီးပါရှင်. . . ဪ"

သူမကလည်း သူ့ကိုမှတ်မိဟန်ပါပင်။ အစတော့ လူလွဲပြီဆိုပြီး တောင်းပန်၊ တောင်းပန်နေရင်းတနေမှ သူ့မျက်နှာကိုသေချာကြည့်မိရင်းက မှတ်မိသွားဟန်ဖြစ်သည်။ သူမဆီမှာ အရိပ်ပေါင်များစွာ ဖြတ်သန်းသွားကြလေတော့သည်။

"ရှင်. . . ဝပ်ရှော့က မဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ကျွန်မကို မှတ်မိလား၊ မနေ့က ဆိုင်ကယ်လာပြင်သေး တယ်လေ"

သူက ခေါင်းညိတ်ပြရင်းက ဆိုဖြစ်သည်။

"ကိုယ်မှတ်မိပါတယ်"

"အဟင်း. . . တိုက်တိုက်ဆိုင်ဆိုင်ရှင်၊ ဆောရီးနော် ကျွန်မက ရှင့်ကိုနောက်ကကြည့်တော့ ကျွန်မသူငယ် ချင်းတစ်ယောက်ထင်လို့ စလိုက်မိတာ၊ ဆောရီးပါနော်"

"ရပါတယ်ဗျာ"





"ကျွန်မသူငယ်ချင်းက ကျွန်မကို မော်လမြိုင်မှာလို့တော့ ပြောပါတယ်၊ ဒါပေမယ့် ကျွန်မကိုမတွေ့ချင်လို့များ မော်လမြိုင်မှာလို့ပြောပြီး ရှောင်နေတာလားလို့. . . အဟင်း၊ အဲဒါနဲ့ မိပြီဆိုပြီးလုပ်လိုက်မိတာ၊ အနှောက်အယှက်ဖြစ်သွားရင် ဆောရီးပါနော်"

"ရပါတယ်၊ အဲလောက်မလိုပါဘူး"

"ဟုတ်. . . ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

"လာဇီဇဝါ. . . ငါတို့ ဟိုမှာပဲ ထိုင်ရအောင်"

သူမထွက်သွားတော့မှ မြတ်မိုးထိုက်၏အကြည့်တို့က အရောင်တွေတလက်လက်ဖြင့် သူ့ထံရောက်လာသည်။ ပြီးနောက် သူတို့နှင့် အလှမ်းမကမ်းကဝိုင်းမှာ သွားထိုင်နေသည့် သူမတို့ဆီကို အကြည့်တွေက ပြန်ရောက်သွားကြပြန်ကာ. . .

"မင်းနဲ့အသိလား"

"မသိပါဘူးကွာ၊ မနေ့ကမှ ဆိုင်ကယ်နိုးမရလို့ဆိုပြီး ဝပ်ရှော့လာပြသွားတာ၊ ဒီလောက်ပဲ၊ အခုတွေ့တာ ဒုတိယအခေါက်"

"ဟုတ်လား၊ မသိပါဘူး၊ ငါက မင်းများ ဒိုင်လျှိုနဲ့ လှုပ်ရှား နေသလားလို့၊ လန်းတော့ လန်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးစကားကြောင့် သူ့အကြည့်က သူမတို့ဝိုင်းဆီကို ဖြတ်ခနဲရောက်သွားရပြီးနောက် လက်ဘက်ရည်ပေါ်ဆိမ့်ခွက်ကို ကောက်မ,လိုက်ရင်းက. . .

"မင်းမလန်းတဲ့ ကောင်မလေးရောရှိလို့လား"

လို့ဆိုတော့ မြတ်မိုးက သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်သည်အထိ သွားဖြဲရယ်လိုက်ရင်းက. . . .

"အဟဲ. . . သူက ပိုလန်းနေတာကွ ဒီဝိုင်းက အတော်မိုက်တယ်"

ဟု ဆိုသည်။ တစ်ဆက်တည်းလိုလိုပဲ မြတ်မိုးထိုက်ဆီက ထွက်လာသည့် စကားတွေကတော့. . .

"ဒါနဲ့ စောစောက ဖြစ်သွားတဲ့ ပုံစံမျိုးကို မင်းမှတ်မိလား လခြမ်း၊ မင်းသုံးခဲ့ဖူးသေးတယ်လေ"

မြတ်မိုးစကားကြောင့် သူ့ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားရသည်။ ပြီးတော့ သူ့အာရုံထဲကို ဝင်လာတာက နှင်းစက်၏ပုံရိပ်များ။

သူက နှင်းစက်ကို လိုက်စဉ်တုန်းက ဒီလိုမျိုးအကွက်လေးကို တမင်တကာလူများချင်ယောင်ဆောင်ကာ သုံးခဲ့ဖူးသေးသည်ပဲ။ နှင်းစက်ရယ်. . . မင်း ဘယ်တွေရောက်လို့ ဘာတွေများဖြစ်နေပြီလဲ။ မင်းကို ကိုယ် တစ်နေ့မှမေ့လို့မရခဲ့ဘူးဆိုရင် မင်း ကိုယ့်ကို ဟားတိုက်ပြီးတော့များ ရယ်မောနေလေမလား။





သူ့ရင်တစ်ခုလုံး ချက်ချင်းဆိုသလိုပဲ နွမ်းလျသွားရ၏။

"မတူတာတစ်ခုတော့ ရှိတယ်၊ ဒီအကွက်ကို မင်းက တမင်သုံးတာဖြစ်ပြီးတော့ သူကတော့ မတော်တဆဖြစ်တာ တစ်ခုပဲကွာတယ်"

သူ့အကြည့်က သူမတို့ဝိုင်းဆီကို ဖျတ်ခနဲရောက်သွားရပြန်သည်။ ဖြစ်စဉ်တူပေမယ့် သူမကတော့ နှင်းစက်နှင့် ဘယ်နေရာမှမတူပါချေ။ ရုပ်ရည်၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်ပုံ. . . ဘာဆိုဘာမှ မတူပါချေ။

ဟား. . . ငါဘာတွေများ တွေးနေမိတာပါလိမ့်။ ဘာဖြစ်လို့များ ဒီမိန်းကလေးနဲ့ နှင်းစက်ကို သွားယှဉ်ကြည့်မိနေရတာလဲ။ ဘာမှမဆိုင်တဲ့လူနှစ်ယောက်ကို ဘာလို့သွားယှဉ်ကြည့်နေမိရတာလဲ။ ကျွတ်. . .။

မိမုန်းသူတို့ဝိုင်းမှာကလည်း သူမတို့ခေါင်းစဉ်နှင့် သူမတို့ စကားဖောင်ဖွဲ့နေကြ၏။

"သူ့ပုံစံက ဘာမှ ထူးထူးခြားခြား မခံစားရသလိုပဲနော်၊ နင်လုပ်လိုက်တာ မထိရောက်ဘူးထင်တယ်"

ဇီဇဝါစကားကြောင့် မိမုန်းသူက ကော်ဖီခါးခွက်ကို ငုံ့နှန်းဖြင့်မွှေနေရင်းမှ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ထင်လို့ပါ။ ငါရှေ့လိုက်တဲ့အကွက်က တအားကြီးမထိရောက်ဘူးဆိုရင်တောင်မှ သူ့ရင်ထဲမှာ တစ်ခုခုတော့ ခံစားသွားရမှာ သေချာပါတယ်၊ ဘာလို့လဲဆိုတော့ ဒီအကွက်က သူသုံးခဲ့ဖူးတဲ့ လက်နက်တစ်ခုဖြစ်နေလို့ပဲ မသိရင်မှတ်ထား၊ ဘယ်မုဆိုးမှ သူတို့လက်နက်ကိုမေ့ပစ်လေ့မရှိကြဘူး"

ပြောပြီးသူမက ကော်ဖီခါးခွက်ကိုကောက်ကာ တစ်ကျိုက်မော့သောက်လိုက်မိသည်။ ခါးသက်သောအရသာက လျှာဖျားပေါ်မှတဆင့် သူမရင်ထဲတလျှောက် စီးဝင်စိမ့်ဆင်းသွား၏။

ဒါပေမယ့် ကော်ဖီရဲ့ခါးသက်မှုအခါးဟာ မိမိရင်ထဲမှာရှိနေခဲ့ပြီးသား အမုန်းရဲ့ခါးသက်မှုကို မီမှာတဲ့လားကွယ်။



ရင်ထဲက စကား(၃)

"အချစ်နဲ့မတန်တဲ့
ယောကျ်ားတွေကို...
မျက်စိစုံမှိတ်ချစ်နေကြတဲ့
မိန်းမတွေဟာ...
ကိုယ့်သေတွင်း
ကိုယ်တူးနေကြတဲ့...
အရူးမတွေပါ..."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဦးလေးညို့မောင့် ရုံးခန်းကိုသူရောက်သွားတော့ ဦးလေးကို ရုံးခန်းမှာပဲ အဆင်သင့်တွေ့ရသည်။ ဦးလေးက ခရီးသွား ဧည့်ဂျင်စီ တစ်ခုဖွင့်ထားတာဖြစ်ပြီးတော့ သူ့အေဂျင်စီမှာ လူလိုသည့်အခါမျိုး ဆိုလျှင် သူ့ကို အကူအညီတောင်းတတ်၏။ သူကလည်း အင်္ဂလိပ် စာကောင်းတော့ ဦးလေးအကူအညီလိုလျှင် ကူညီပေးခဲ့တာ ချည်းပါပင်။ အခုလည်း ဦးလေးက သူ့ကိုလာခဲ့ပါဦးဆိုသည်မှာ ထိုးရစ်ဂိုက် လုပ်ဖို့ကလွဲလျှင် ကျန်တာမဖြစ်တန်ရာ။

"ဟော. . . မင်းရောက်လာပြီလား၊ လာကွာ၊ ထိုင်၊ ငါမင်း ကိုစောင့်နေတာ"

"ဒီလိုကွာ၊ အခုက ခရီးသွားရာသီဆိုတော့ နိုင်ငံခြားဧည့် သည်တွေက ဒီကိုအရမ်းဝင်တယ်၊ ငါ့ဆီမှာရှိတဲ့ ဝန်ထမ်း နဲ့က မလောက်တော့ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက တွေးထားသည့်အတိုင်း ကွက်တိဖြစ်နေတာမို့ ပြုံးလိုက်ရင်းက. . .

"ဒါနဲ့ပဲ ကျွန်တော်က တိုးရစ်ဂိုက်လုပ်ပေးရပြန်ဦးမယ်ဆိုပါတော့"

ဦးလေးက ခေါင်းရမ်းသည်။

"ဂိုက်လုပ်ပေးရမှာတော့ ဟုတ်တယ်၊ ဒါပေမယ့် တိုးရစ်ဂိုက်တော့မဟုတ်ဘူး"

"ဗျာ"

"ဒီလိုကွာ၊ မင်းလုပ်ပေးရမှာက မြန်မာမိန်းကလေးနှစ်ယောက်ကိုဂိုက်လုပ်ပေးရမှာ၊ သူတို့က အမေရိကားမှာနေနေတာကြာပြီ၊ အခု မြန်မာနိုင်ငံကိုရောက်လာတယ်၊ ရောက်လာရတဲ့အကြောင်းရင်းက အမေရိကားမှာ သူတို့အသိ စာရေးဆရာမတစ်ယောက်ရှိတယ်ပြောတယ်၊ အဲဒီစာရေးဆရာမက မြန်မာနိုင်ငံကို နောက်ခံထားပြီးတော့ ဝတ္ထုတစ်အုပ်ရေးချင်တာ၊ အဲဒါနဲ့ သူတို့ကို အကူအညီတောင်းတယ်ဆိုပါတော့၊ အဓိကက အဲဒီစာရေးဆရာမ စိတ်ဝင်စားတာက ထီးရိပ်နန်းရိပ်ရှိတဲ့ ငါတို့မန္တလေးမြို့ကို စိတ်ဝင်စားတာတဲ့၊ ဖြစ်ချင်တော့ သူတို့ကလည်း ဟိုမှာအနေကြာနေတော့ ဒီက





တိုးတက်ပြောင်းလဲမှုတွေ၊ အထင်ကရနေရာတွေကို သူတို့သိပ်မသိဘူး၊ အဲဒါကြောင့်မို့လို့ အဲဒီစာရေးဆရာမကို လိုက်ပြတဲ့အခါ သူတို့က နယ်ခံဖြစ်ပြီးတော့ နိုင်ငံခြားသားတစ်ယောက်ရှေ့မှာ အိုးနင်းခွက်နင်းမဖြစ်ချင်ကြတာနဲ့ စာရေးဆရာမ မလာခင်မှာ သူတို့က ကြိုပြီးတော့ ဒီကိုရောက်လာကြတယ်၊ ဒီကအခြေအနေကို အရင်လေ့လာမယ်ပေါ့ကွာ၊ အဲဒါမင်းက လိုက်ပြရမယ်"

"ဒါများ ဦးလေးရယ်၊ သူတို့ဘာသာ ဆိုင်ကယ်တစ်စီးနဲ့ လျှောက်ပတ်ကြည့်လည်း ရတဲ့ဟာကို ဂိုက်ငှားစရာလိုလို့လား"

"လျှောက်ပတ်ကြည့်တာကတော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမယ့် သူတို့က ဒီအထင်ကရနေရာတွေရဲ့ ရာဇဝင်နောက်ခံကိုပါ သိထားချင်တာ၊ ဒါမှ စာရေးဆရာမလာတဲ့အခါ သူတို့ပြောပြလို့ရမှာပေါ့၊ အဲဒါကြောင့်ဂိုက်ငှားတာ"

"ဒါဆို စာရေးဆရာမလာမှ ဂိုက်ငှားပြီး တစ်ခါတည်းရှင်းပြလိုက်လည်းရတာပဲကို၊ သူတို့က အလုပ်ရှုပ်ခံနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကျရင်လည်း ဂိုက်ကငှားမှာပါ။ ဒါပေမယ့်ကွာ တခြား နိုင်ငံသူတစ်ယောက်ရှေ့မှာ မြန်မာနိုင်ငံသားဖြစ်တဲ့ သူတို့က ဘာမှမသိဘဲ ပါးစပ်အဟောင်းသားနဲ့ ငိုင် ပြောသမျှ နားထောင်၊ ခေါင်းညိတ်၊ အဲလိုချည်းနေနေ ရရင် အောက်တာပေါ့ကွာ၊ ရိုးလ်ကျတာပေါ့၊ အဲဒါ ကြောင့် သူတို့က တီးမိခေါက်မိရှိထားချင်တာ၊ ရှင်းပြီလား"

"ဩော. . . ဒီလိုလား"

"ဟော. . . ဟိုမှာ ပြောရင်းဆိုရင်းလာနေပြီ မင်းနဲ့ တစ်ခါ တည်း တွေ့ပေးမလို့"

ဦးလေးစကားကြောင့် သူက နောက်ဘက်ကဝင်လာ သည့် သူတွေကိုကြည့်လိုက်မိစဉ်မှာတော့ သူ့အံ့ဩမှုဒီဂရီက မြင့် တက်သွားရသည်။ ဟိုကောင်မလေးနှစ်ယောက်။ ဆုံမှဆုံတတ် ကြပုံက ဩချလိုက်ချင်စရာရယ်ပါပဲ။

"ဟင်. . ."

"ဩော. . . ရှင်"

သူမကလည်း သူ့ကို မှတ်မိနေ၏။ ချက်ချင်းဆိုသလို သူမမျက်ဝန်းမှာလည်း အံ့ဩမှုအရိပ်အယောင်တွေ ယှက်ဖြာ သွားကြသည်။

"ဩော. . . သိနေကြတာလား"





ဦးလေးစကားကြောင့် သူမက ပြုံးလိုက်ရင်းက. . .

"ဟုတ်. . . ဆုံဖူးကြတာပါ"

"ဩော်. . . ဟုတ်ကဲ့၊ ထိုင်ကြပါခင်ဗျာ"

သူမတို့နှစ်ယောက်က သူ့ဘေးက ခုံအလွတ်နှစ်ခုမှာ ဝင်ထိုင်လိုက်ကြသည်။

"ဒါက ညီမတို့ကို ဂိုက်လုပ်ပေးမယ့်သူပါ၊ နာမည်က ဆောင်းလခြမ်းတဲ့"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

သူက အပြုံးတစ်ခုနှင့် ဆိုဖြစ်တော့ သူမကလည်း အပြုံး တစ်ခုနှင့် ပြန်လည်တုံ့ပြန်လာရင်း. . .

" me too, glad to see you! ကျွန်မနာမည်က မိမုန်းသူပါ၊ သူ့နာမည်က ဇီဇဝါ၊ ကျွန်မတို့ဆုံဖြစ်ကြတာ ဒါရောဆို သုံးခါရှိပြီနော်၊ အခုမှ မိတ်ဆက်ဖြစ်ကြတယ်"

သူက သူမကိုရော သူမဘေးက ဇီဇဝါဆိုသည့်တစ်ယောက် ကိုပါ ပြုံးပြဖြစ်လိုက်ပြန်သည်။

"သိနေပြီးသားဆိုတော့ ပိုအဆင်ပြေသွားတာပေါ့၊ တစ် ယောက်နဲ့တစ်ယောက် ရှိန်မနေကြတော့ဘူး၊ ညီမတို့ သွားချင်တဲ့နေရာ၊ သိချင်တာမှန်သမျှ သူက လိုက်ပြရှင်း ပြပေးပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ကိုဆောင်းလခြမ်းကိုပဲ အားကိုးရတော့မယ် မုန်းသူတို့က မြန်မာသာဖြစ်တာ မန္တလေးအကြောင်း ဘာမှ သေချာမသိဘူးရှင့်. . . အဟင်း"

"ဟုတ်. . . ကျွန်တော်အားလုံး ရှင်းပြပေးပါ့မယ်ဗျာ ကျွန်တော့်ဖုန်းနံပါတ်ယူထားလေ၊ ဒီက မမုန်း. . ."

"မုန်းသူလို့ပဲခေါ်ပါ။ ရင်းရင်းနှီးနှီးပေါ့၊ ကျွန်မလည်း လခြမ်းလို့ပဲ ခေါ်မယ်နော်၊ ရတယ်မလား"

"ဟုတ်. . . ရပါတယ်၊ မုန်းသူတို့ ဖုန်းနံပါတ်တစ်ခုခု ကျွန် တော့်ကိုလည်းပေးထားလေ"

"ဟုတ်. . . လခြမ်းဖုန်းနံပါတ်ပြောလေ၊ မုန်းသူခေါ် လိုက်မယ်၊ မုန်းသူဖုန်းလည်း မှတ်ထားလိုက်ပေါ့"

"ကျွန်တော့်ဖုန်းက 09421019677 ပါ"

သူမက သူ့ဖုန်းကို ခေါ်လိုက်တော့ Adele ၏ someon like you သီချင်းသံက အခန်းထဲမှာ ပျံ့လွင့်လာသည်။ သူမက ဖုန်း ကိုချပစ်လိုက်စဉ်မှာတော့ သီချင်းသံက ပျောက်ကွယ်သွားသည်။ သူက called list မှာပေါ်နေသည့် ဖုန်းနံပါတ်ကိုဖိကာ contac မှာ သူမနာမည်နှင့် မှတ်လိုက်သည်။

မိမုန်းသူ. . .။





နာမည်ကို ရိုက်နေရင်းက သူ့စိတ်ထဲမှာ သူမနာမည် ကြောင့် ဘာမှန်းမသိသည့် ခံစားချက်တစ်မျိုးက ဝင်ရောက်လာရ သည်။ ဘယ်လိုနာမည်ကြီးပါလိမ့်။ များသောအားဖြင့် လူတိုင်းမှည့် တတ်ကြတာက ချိုသာတဲ့နာမည်လေးတွေပဲ မဟုတ်ဘူးလား။ ခေါ်လိုက်တာနှင့် နားထဲမှာ ပါးစပ်ထဲမှာ သာယာချိုမြိန်နေ အောင် အတိတ်နိမိတ်နှင့် မှည့်တတ်ကြတာမျိုးကိုသာ တွေ့ဖူးခဲ့ ဘူးပါ။ သူမ,ကျမှပဲ မိမုန်းသူတဲ့။ ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့များ မှည့်ထားတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com





ပထမဆုံးနေ့မှာတော့ သူမတို့နှင့်သူက မန္တလေးတောင်ပေါ်ကို မနက်အစော တက်ကြတာဖြစ်ပါသည်။ သူက ဆိုင်ကယ်တစ်စီး သူမတို့နှစ်ယောက်က ဆိုင်ကယ်တစ်စီးဖြင့် တက်ကြတာဖြစ်ပြီး မြွေလိမ်မြွေကောက် တောင်တက်လမ်းမှာ ဆိုင်ကယ်ကို မနည်းသတိထား စီးရလေသည်။ အတက်လမ်းအဆင်းလမ်း ခွဲခြားထားတာဖြစ်သော်လည်း တစ်ချက်တစ်ချက်မှာ စည်းကမ်းမဲ့စွာဖြင့် အတက်လမ်းမှ ဆင်းလာတတ်သော စက်ဘီးအချို့ကလည်း အကွေ့တွေမှာ ပေါ်လာတတ်ပေရာ ရန်ကုန်သူဖြစ်သော်လည်း ဆိုင်ကယ်စီးကျွမ်း၍သာ တော်တော့၏။

သူကလည်း သူမတို့ကို ရှေ့ကနေ ခပ်မှန်မှန်ဖြင့် စောင့်ါ ပေးပါသည်။

မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်တော်ပေါ်ကိုရောက်တော့ မနက်ခုနစ်နာရီသာရှိသေး၏။ သို့သော်လည်း ဘုရားဖူးများက ရောက်နေကြပြီဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





အရင်ဆုံးဘုရားဖူး။ နောက်တော့ မြွေကြီးနှစ်ကောင်သွားကြည့်။ သူပြောပြသည့် ဘုရားသမိုင်းကြောင်း၊ မြွေကြီးနှစ်ကောင်အကြောင်းကို နားထောင်ရသည်။ ပြီးတော့မှ ဘုရားရင်ပြင်တော်ပေါ်ကနေ မန္တလေးမြို့ကြီးကို အပေါ်စီးကနေ ငုံ့မိုးကြည့်ရင်း စကားပြောဖြစ်ကြ၏။

"foreigner တွေအားလုံးနီးပါးက မန္တလေးကိုရောက်ရင် မန္တလေးတောင်ကို အရင်ဆုံးသွားလေ့ရှိကြတယ်ဗျာ ဘာလို့လဲဆိုတော့ သူတို့က ဓာတ်ပုံရိုက်ချင်ကြတယ်လေ၊ ဒီကနေလှမ်းမြင်နေရတဲ့ မန်းလေး(မန္တလေး)မြို့ရှုခင်းက ဘယ်လောက်လှလဲ၊ သူတို့က ဒါကိုတော်တော်သဘောကျတယ်၊ မုန်းသူတို့ အသိစာရေးဆရာမလည်း ဒီမြင်ကွင်းကိုသဘောကျမှာပါ"

"အင်းနော်. . . သူမပြောနဲ့ မုန်းသူတောင် တော်တော်သဘောကျတယ်၊ အရင်တုန်းကတော့ ဒီပေါ်ကိုရောက်ဖူးပါတယ်၊ ဒါပေမယ့် ဒီရှုခင်းကိုကြည့်ရကောင်းမှန်း ခံစားရကောင်းမှန်းမသိခဲ့ဘူး၊ ဘုရားဖူးမယ်၊ ဈေးတန်းက အမှတ်တရပစ္စည်းဝယ်မယ်၊ ဒီလောက်ပဲ ခေါင်းထဲမှာရှိတာ၊ ခုလိုကျတော့လည်း မိုက်သားပဲနော်"



သူမစကားအဆုံး သူက ခေါင်းညိတ်သည်။ ဒီအချိန်မှာပဲ ...ဝါက ဟိုးခပ်ဝေးဝေးက သစ်ပင်တွေကြားထဲကို လက်ညှိုးထိုးပြ...တ်ရင်း. . .

"ဟိုးမှာ လှမ်းမြင်နေရတာက နန်းတွင်းလားဟင်၊ ဟုတ်လား ကိုလခြမ်း"

ဟုမေးတော့ သူက ဇီဇဝါညွှန်ပြရာကို လှမ်းကြည့်လိုက်...း. . .

"ဟုတ်တယ်လေ၊ အဲဒါ မန္တလေးနန်းတွင်းပါ၊ ကျွန်တော်တို့ဘုရင်တွေ ထီးနန်းစိုက်ခဲ့ရာနေရာပေါ့၊ အပေါ်စီးကနေကြည့်ရတာတောင် တအားလွမ်းမောဖို့ကောင်းတယ်"

"ဟုတ်တယ်နော်၊ မြန်မာဘုရင်တွေ အခု...အထိရှိနေသေးရင် သိပ်ကောင်းမှာပဲ"

"ဒါပေါ့၊ အဝေးကြီးမကြည့်နဲ့၊ ကျွန်တော်တို့နဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကိုပဲကြည့်၊ ဘုရင်တွေရှိနေသေးတယ်လေ၊ အဲဒါကိုတွေးမိတိုင်း မြန်မာတွေထီးနန်းပျက်သုဉ်းခဲ့တာကို ရင်နာလို့မဆုံးဘူးဗျာ"

သူ့စကားအဆုံး သူမက သစ်ပင်အုပ်အုပ်ထဲက ခပ်ပျပျ...မြင်နေရသည့် မန္တလေးနန်းတွင်းကိုကြည့်နေရင်းက နေ...ဘက်ကို လှည့်ကြည့်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"လခြမ်းကို မုန်းသူတစ်ခုမေးကြည့်မယ်၊ လခြမ်းရဲ့ခံယူချက်ကို ပြောပြကြည့်ပေးပါလား"

"ဟုတ်. . . မေးလေ"

သူမက စကားကိုတန်းမပြောသေးဘဲ နန်းတော်ကြီးရှိရာဆီကို လှမ်းမျှော်ကြည့်လိုက်မိသည်။ ပြီးတော့မှ သူ့ဘက်သို့ပြန်လှည့်လာကာ သူ့မျက်လုံးတွေထဲကို တည့်တည့်စိုက်ကြည့်ကာ မေးလိုက်မိသည်။

"ရတနာပုံနေပြည်တော်ကြီး ပျက်သုဉ်းခဲ့ရတာဟာ စုဖုရားလတ်ကြောင့်လို့ ပြောကြတယ်လေ၊ လခြမ်းရဲ့အမြင်မှာရော အဲဒီလိုပြောကြတာတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမြင်လဲ"

"ကျွန်တော့်အမြင်ကိုပြောမယ်နော်၊ နိုင်ငံရေးအရပြောရမယ်ဆိုရင်တော့ ရတနာပုံနေပြည်တော်ကြီးပျက်သုဉ်းခဲ့ရတာဟာ. စုဖုရားလတ်တစ်ယောက်တည်းကြောင့် မဟုတ်ပေမယ့်လို့ သူ့ကြောင့်ပျက်သုဉ်းခဲ့ရတာက ရာနှုန်းနှုန်းအတော်များများ ပါနေတာပဲမဟုတ်ဘူးလား။ သူတစ်ဦးတည်းကြောင့်လို့တော့ မမြင်ပါဘူး၊ အဓိကကတာက သီပေါမင်းလို့ပဲ ထင်တယ်၊ တကယ်ဆို သူ သက်ဦးဆံပိုင်ဘုရင်လေ၊ သူသာ ဉာဏ်အမြော်အမြင်





ရှိခဲ့ရင် စုဖုရားလတ်ကိုလည်း ကောင်းကောင်းကိုင်တွယ်နိုင်ခဲ့မယ်ဆိုရင် အဖြေက တစ်မျိုးတစ်မည်ဖြစ်ပေါ်လာလိမ့်မယ်လို့ ထင်တာပဲ"

သူ့စကားကြောင့် သူမက အဓိပ္ပာယ်ပါပါ ပြုံးလိုက်မိသည်။ ပြီးနောက်မှ. . .

"ဟုတ်လား၊ အဟင်း. . . သီပေါမင်းက စုဖုရားလတ်ကို ကောင်းကောင်းမကိုင်တွယ်နိုင်ခဲ့ဘူးဆိုတော့ လခြမ်းကတော့ ကောင်မလေးတွေကို ကောင်းကောင်းကိုင်တွယ်နိုင်တယ်ထင်တယ်. . . ဟုတ်လား"

သူမစကားက သူ့အရှိုက်ကိုထိသွားဟန်ဖြင့် သူ့မျက်နှာက တစ်ချက်တော့ တည်သွား၏။ ဒါပေမယ့် ခဏသာဖြစ်ပြီးတော့ သူ့နှုတ်ခမ်းတွေပေါ်မှာ အပြုံးတစ်ခုက ချက်ချင်းပင်ရောက်လာသည်။

"ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ၊ ကျွန်တော့်ပုံစံက အဲဒီလိုပေါက်နေလို့လား"

"မသိဘူးလေ၊ ရှင်က သီပေါမင်းကို ညံ့တယ်လို့ပြောနေတော့ ရှင်ကများ တော်နေသလားလို့ပါ"

"မုန်းသူပြောနေပုံက အချစ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် ဘယ်သူက ပိုလ်ကျရမလဲဆိုပြီး ပိုလ်လုရမယ့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ ကျွန်တော်ပြောတဲ့ ကိုင်တွယ်တယ်ဆိုတာက အချစ်ကိစ္စကို ပြောတာမဟုတ်ပါဘူး၊ နိုင်ငံရေးနဲ့ပြော တာပါ၊ သီပေါမင်းသာ အချစ်နဲ့နိုင်ငံရေးကို ခွဲခြားပြီး ကိုင်တွယ်တတ်ခဲ့မယ်ဆိုရင်ဆိုတဲ့ သဘောမျိုးပါ၊ ချစ် တာကချစ်တာ၊ နိုင်ငံရေးက နိုင်ငံရေးပဲလေ၊ စုဖုရား လတ်ကိုချစ်လို့ အလိုလိုက်တယ်ပဲထား၊ အချစ်မှာပဲ အလိုလိုက်သင့်တယ်၊ နိုင်ငံရေးမှာတော့ သီပေါမင်းသာ ဘုရင်ဖြစ်နေရမှာမဟုတ်ဘူးလား၊ အဲဒါကြောင့် သီပေါမင်းကိုညံ့တယ်လို့ ကျွန်တော်ပြောတာပါ"

"အဟင်း. . . ထားပါတော့လေ၊ အဲဒါက ရှင့်အမြင်ပေါ့ နော်၊ ကျွန်မအမြင်ကိုပြောရမယ်ဆိုရင်တော့ အဲဒီရာဇဝင် မှာ အညံ့ဆုံးက စုဖုရားလတ်လို့ပဲထင်တယ်"

သူမစကားကြောင့် သူက သူမကို တစ်ချက်စူးစမ်းသလို ကြည့်လာသည်။ ဒါပေမယ့် ဘာမှတော့မပြော။ ဒီတော့ သူမကပဲ စကားကို ဆက်ပြောလိုက်သည်။

"ရှင်ပဲ စဉ်းစားကြည့်လေ၊ စုဖုရားလတ်က သီပေါမင်းကို သိပ်ချစ်တယ်၊ အဲဒီအချစ်ကြောင့်ပဲ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ၊ သီပေါမင်းကိုရဖို့အတွက် အစ်မဖြစ်တဲ့ စုဖုရားကြီးလက်ထဲကနေ လုယူတယ်၊ ဒိုင်းခင်ခင်တို့





လုပ်ကြံတယ်၊ ပြီးတော့ တခြားစတေးခဲ့တာတွေလည်း အများကြီးပဲ၊ တကယ်ဆို ယောကျ်ားတစ်ယောက်အတွက် အဲဒီလောက် လုပ်သင့်လို့လား၊ တော်တော်ရူးတဲ့မိန်းမပဲ၊ သူအဲဒီလို မိုက်ရူးရဲဆန်ဆန်လုပ်တော့ ရာဇဝင်မှာ သူက အမည်းစက်ကြီး တစ်ခုဖြစ်မသွားဘူးလား၊ မြည် ဖျက်တဲ့မိန်းမဆိုပြီး ရာဇဝင်တွင်မသွားဘူးလား၊ အချစ် အတွက် သူ့သိက္ခာကိုတောင် ထည့်မတွက်တဲ့မိန်းမ၊ ကျွန်မကတော့ အဲဒီလို အချစ်အတွက် စုံလုံးကန်းနေတဲ့ မိန်းမမျိုးကို သိပ်အထင်သေးတယ်၊ ယောကျ်ားတစ်ယောက် အတွက် အဲဒီလောက်လုပ်ဖို့ သင့်ကိုမသင့်တာ၊ အဲဒါ ကြောင့် စုဖုရားလတ်ကို ရာဇဝင်ထဲမှာ အညံ့ဆုံးမိန်းမ လို့ပြောတာ၊ ဘယ်သူတွေက စုဖုရားလတ်ကို ဘယ်လိုပဲ ဉာဏ်ထက်တဲ့မိန်းမလို့သတ်မှတ်သတ်မှတ် ကျွန်မက တော့ စုဖုရားလတ်ကို အထင်သေးတယ်၊ တော်တော် ညံ့တဲ့မိန်းမ၊ ရာဇဝင်မှာ အမည်းစက်ဖြစ်နေတာ နည်း တောင်နည်းသေးတယ်"

သူမစကားအဆုံး သူက သူမကို ဇဝေဇဝါဟန်လား၊ အံ့သြ ည့်ဟန်လား ဝေခွဲမရသည့်အကြည့်မျိုးဖြင့် ကြည့်လာ၏။ စ်ခုခုကိုတော့ ပြောချင်နေသည့် ပုံပါပင်။ ဒါပေမယ့် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com

တော့ ပြောမလာ။ ခေါင်းတဆတ်ဆတ်ညိတ်ကာသာ အကြည်ကို ဟိုးအဝေးဆီ လွှဲသွား၏။

သုံးယောက်သားကြားမှာလည်း ခဏတော့ အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြ၏။

ဟုတ်တယ်။ မုန်းသူရဲ့အမြင်မှာတော့ အချစ်ကြောင်း တဇွတ်ထိုးလုပ်တဲ့မိန်းမတွေကို နှာခေါင်းမရှိတဲ့မိန်းမလို့ပဲ မြင်တယ်။ အဓိကအားဖြင့် အချစ်နဲ့မတန်တဲ့ ယောက်ျားတွေကို မျက်စိစုံမှိတ်ချစ်ကြတဲ့ မိန်းမတွေကို ပိုအထင်သေးပါတယ်။ အချစ်နဲ့မတန်တဲ့ ယောက်ျားတွေကို မျက်စိစုံမှိတ်ချစ်နေကြတဲ့ မိန်းမတွေဟာ ကိုယ့်သေတွင်းကိုယ်တူးနေကြတဲ့ အရှုံးမတွေပါပဲ။



ညနေဘက်မှာတော့ သူမတို့က ဦးပိန်တံတားဆီကို ချိတ်ဆက်ခဲ့ကြတာဖြစ်သည်။ သူမတို့က သူ့ကို ဂိုက်ငှားထားတယ်ဆိုပေမယ့်လို့ အချိန်ပြည့်ကြီးခေါ်ထားတာမဟုတ်ဘဲ သူမတို့တစ်နေရာရာကို သွားတော့မယ်ဆိုမှ သူနဲ့ဆုံကာ အဲဒီနေရာကို သွားကြခြင်းပင်ဖြစ်သည်။

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးက စိတ်တွေကို ကြည်လင်သွားစေတာကတော့ အမှန်ပါပဲ။ တံတားပေါ်မှာ ဥဒဟိုသွားလာနေကြသည့် လူတွေကလည်း အများကြီးပင်။ ချစ်သူစုံတွဲတွေ၊ သူငယ်ချင်းတွေ၊ နိုင်ငံခြားသားခရီးသည်တွေ မိသားစုတွေစသည်ဖြင့် ပတ်သက်မှုအမျိုးမျိုးဖြင့် ဦးပိန်တံတား၏ နေဝင်ချိန်အလှကို လာရောက်ခံစားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုလျှင် သူမနှင့်သူရဲ့ ပတ်သက်မှုကိုရော မည်သို့ ခေါင်းစဉ်တပ်ပေးရမည်နည်း။ အကြွေးယူထားသူနှင့် အကြွေးဖြစ် တောင်းကြသူတွေလို့ပဲ သတ်မှတ်ရမည်လား။ ဒါမဟုတ် ကျောင်းတော်က ရန်စရှိသူတွေလို့ပဲ ခေါင်းစဉ်တပ်ရမည်လား။

သူမက ကိုယ့်အတွေးနှင့်ကိုယ် တံတားပေါ်မှာ မျောလွင့်နေမိတဲ့အခါ ဒါကို သူက သတိထားမိသွားဟန်ဖြင့် သူမဘက်သို့ လှည့်ကြည့်လာရင်းက...

"ငြိမ်လှချည်လားဗျာ၊ ဘာတွေများ တွေးနေတာလဲ"

"ဩော... ဒီလိုပါပဲ၊ ဟိုရောက်ဒီရောက်ပေါ့"

သူမစကားအဆုံးမှာပဲ ဇီဇဝါက အင်းထဲက လှေတွေကို ကြည့်လိုက်ရင်းကနေ...

"ဟဲ့... ငါတို့ လှေစီးရအောင်လေ"

ဆိုတော့ သူမကလည်း လှေတွေရှိရာဆီကို လှမ်းမျှော်ကြည့်လိုက်ရင်းက...

"အင်း... ကောင်းသားပဲ"

ဆိုပြီး သုံးယောက်သားက လှေတွေရှိရာ ရေဆိပ်ကိုဆင်းဖို့အတွက် တံတားပေါ်ကဆင်းသည့် လှေကားရှိရာကို သုံးယောက်သား လျှောက်လာခဲ့လိုက်ကြသည်။ လှေကားနားရောက်တော့ သူက ရှေ့မှဆင်းသွား၏။ သူ့နောက်ကနေမှ ဇီဇဝါက လိုက်ဆင်း၏။





သူက အရင်ဆုံး မြေပြင်ပေါ်ရောက်သွားတာဆိုတော့ အပေါ်ကဆင်းလာသည့် သူမတို့ကို ပြန်လည်မော့ကြည့်တာ...

"ဖြည်းဖြည်းဆင်းနော်..."

ဟုဆိုသည်။ ပြီးတော့ ပြုတ်ကျမှာစိုးသည့်ပုံဖြင့် သူ့နောက်ကဆင်းလာသည့် ဇီဇဝါကို လှမ်းထိန်းဖို့လုပ်သည်။ ဒါပေမယ့် ဇီဇဝါက...

"ရတယ်... ရတယ်..."

ဆိုပြီး သူမဘာသာ လျှောလျှောလျူလျူပင် ဆင်းသွားနိုင်၏။ ဒီတစ်ခါဆင်းလာတာကတော့ မုန်းသူ။ ဒါကို သူက လှေကားအောက်ခြေကနေ ရပ်စောင့်ကြည့်နေပေး၏။

မုန်းသူက လှေကားတွေကို တစ်ထစ်ချင်းဆင်းလာရင်းကနေ သူမခေါင်းထဲမှာ လျှပ်တပြက်ဝင်လာသည့် အကြံကို ထုတ်သုံးလိုက်လေသည်။

အဲဒါကတော့ နောက်ဆုံးလှေကားထစ်ပေါ်သို့ ခြေအချတွင် ချော်သွားဟန်ဖြင့် သူမခန္ဓာကိုယ်ကို လှေကားခြေရင်းမှာ ရပ်စောင့်ကြည့်နေသည့် သူ့အပေါ်သို့ ယိုင်လဲချလိုက်တော့တာဖြစ်သည်။

"အ..."



www.burmeseclassic.com

www.burmeseclassic.com



“ဟာ. . . ကျပြီ. . .”

သူက ဗိုးရိမ်ထိတ်လန့်သွားဟန်ဖြင့် သူမကို အောက်ဘက်ကနေ ဆီးကြိုဖမ်းထိန်းထားလေသောအခါမှာတော့ သူမက သူ့ရင်ခွင်ထဲမှာ ဖက်လျက်ကြီး ပြုတ်ကျသွားတော့တာဖြစ်သည်။

အဲဒီလိုဖြစ်သွားပေမယ့် သူမက တမင်ပြုတ်ကျအောင်လုပ်လိုက်တာဆိုတာ ကြောက်စိတ်လုံးဝရှိမနေပါ။ ဒါပေမယ့် ထို့သရုပ်ပီစေရန်အတွက် သူမက သူ့ကိုဖက်တွယ်ထားရင်း မျက်လုံးတွေကို စုံမှိတ်ထားလိုက်သည်။ နောက်တော့မှ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်စဉ်မှာတော့ သူမကို စိုးရိမ်တကြီးကြည့်နေသည့် သူ့အကြည့်တွေနှင့် ဆုံသွားရသည်။

မျက်နှာချင်းကလည်း ထိကပ်လုနီးနီး အခြေအနေ။ အသက်ရှူရင်း သူ့ဆီက ထွက်လာသည့် ထွက်သက်လေတို့တောင် သူမပါးကို လာရောက်ထိခတ်နေတာဖြစ်သည်။

သူမက သူ့ကို တမင်ကြည့်ပေးနေလိုက်တာဖြစ်ပေမယ့် သူကတော့ ရုတ်တရက်အခြေအနေမှာ ကြောင်နေခဲ့ဟန်တူသည်။ သူမလုပ်ရပ်က သူ့ကိုရင်ခုန်စေဖို့တော့ မျှော်လင့်ရလေ၏။

ရှင်. . . အခုအချိန်က စပြီး ရှုံးဖို့သာပြင်ထားပေတော့ ဆောင်းလခြမ်း။





“အဟမ်း. . . အဟမ်း. . .”

စက္ကန့်အတော်ကြာ အကြည့်ချင်းဆုံနေကြပြီး ဇီဇဝါဆီက ချောင်းဟန့်သံထွက်လာတော့မှ နှစ်ယောက်သားက လူချင်းခွာဖြစ်လိုက်ကြသည်။ သူမက အကြံအစည်နှင့်မို့ ဘယ်လိုမှ မခံစားရသော်လည်း သူကတော့ မျက်နှာပင်နီမြန်းသွားရရင်းတာ. . .

“ဘာ. . . ဘာဖြစ်သွားသေးလဲ မသိဘူး”

ဟု အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလာ၏။ အခုကျတော့လည်း ရှင့်ပုံစံက ဒီလိုအတွေ့အကြုံမျိုး လုံးဝမရှိဖူးထားတဲ့ ကောင်လေးတစ်ယောက်လိုပါပဲလား ဆောင်းလခြမ်းရယ်။ တကယ်ဆို ဒီလိုအထိအတွေ့လောက်က ရှင့်အတွက် ဘာမှမပြောလောက်သေးတဲ့ ကိစ္စမျိုးပဲ မဟုတ်ဘူးလား။ ရှင်ဟန်ဆောင်နေတာပဲ ဖြစ်လေရော့သလား။

“ဘာမှ မဖြစ်ပါဘူး၊ ရတယ်. . . ကျေးဇူးနော်”

“ဩော. . . အင်း. . . အဲဒါဆို လှေသွားငှားရအောင်နော်၊ စီးမှာ မဟုတ်လား”

“အင်း. . . စီးမယ်လေ”

သုံးယောက်သားက လှေတွေရှိရာကို လျှောက်သွားလိုက်ကြကာ လှေတစ်စင်းကို ငှားလိုက်၏။ နောက်တော့ အင်းထဲမှာ လှေကားလျှောက်စီးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသား ခရီးသည်တွေကိုလည်း လှေတွေပေါ်မှာ ကင်မရာကိုယ်စီနှင့် နေဝင်ချိန်အလှကို ရိုက်ယူနေကြတာကိုတွေ့ရ၏။

သူမက ဟိုကြည့်ဒီကြည့်လျှောက်ကြည့်နေရင်းကနေ တစ်ချက်မှာတော့ သူ့ကိုကြည့်လိုက်မိလေသည်။ ဒီမှာတင်သူမကို ကြည့်နေဟန်ရှိသည့် သူနှင့် အကြည့်ချင်းဆုံသွားရပြန်သည်။ ဒီတစ်ခါတော့ သူက ဘာမှမဖြစ်သလိုဟန်ဖြင့် အကြည့်တို့ ချက်ချင်းပင် လွှဲသွားလေ၏။

သူမက သူမမြင်အောင် တစ်ဖက်လှည့်ကာ ပြုံးလိုက်မိပြီးမှ သူ့ဘက်ကို ပြန်လည် ဦးတည်ကြည့်လိုက်ရင်း. . .

"ဟို. . . ဒီဦးပိန်တံတားကြီးဆောက်ထားတာ နှစ်ပေါင်း ဘယ်လောက်များကြာပြီလဲဟင်၊ လခြမ်းအတိအကျသိလား"

"အင်း. . . ဒီဦးပိန်တံတားကြီးကို စတင်ဆောက်လုပ်ခဲ့တဲ့ ခုနှစ်တွေကို စာဆိုတစ်ခုနဲ့ မှတ်သားခဲ့ကြတယ်ဗျား အင်းက အော်အာ ဆောက်လုပ်ခါ၊ အင်းက အော်ညည်း ဆောက်လုပ်ပြီးဆိုပြီးတော့ပေါ့၊ အဲဒီစာချိုးအရဆိုရင် တော့ စတင်ဆောက်လုပ်ခဲ့တဲ့ခုနှစ်က အင်းက အော်အာ (၁၂၁၁) ဖြစ်ပြီးတော့ ဆောက်လုပ်ပြီးစီးခဲ့တဲ့ ခုနှစ်ကတော့ အင်းက အော်ညည်း (၁၂၁၃)လို့ သိရတယ်ဗျား"





"ဩော်. . . ဒါဆို နှစ်နှစ်လောက် အချိန်ယူပြီးတော့ ဆောက်လုပ်ခဲ့တာပေါ့"

(ဦးပိန်တံတား၏ သမိုင်းကြောင်းအချက်အလက်တို့နှင့် စပ်တော်သက်ပြီး တစ်စုံတစ်ရာ လွဲချော်မှုရှိခဲ့သော် စာရေးသူ၏ ညံ့ဖျင်းမှုဟုသာ သတ်မှတ်၍ နားလည်ခွင့်လွှတ်ပေးကြပါရန် တောင်းပန်အပ်ပါသည်။)

"အင်း. . . ဟုတ်တယ်၊ ဆောက်လုပ်ခဲ့စဉ်တုန်းကတော့ တံတားအရှည်က (၃၉၇၆)ပေရှိပြီးတော့ တိုင်ပေါင်းက(၉၈၄) တိုင်၊ အခန်းပေါင်းက (၄၈၂)ခန်းရှိပြီး နားနေဆောင်က (၄) ဆောင်ရှိတယ်လို့ သိရတယ်ဗျာ၊ ပြီးတော့ အဲဒီခေတ်တုန်းက ရှင်ဘုရင်တွေအုပ်ချုပ်တဲ့ ပဒေသရာဇ်ခေတ်ဆိုတော့ အင်းထဲမှာ ဘုရင့်ရဲ့ဖောင်တော်တွေ သွားတဲ့အခါ တံတားအောက်ကနေ လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်ဖို့အတွက် ဖောင်ကြောင်းကိုးခုကိုလည်း ထည့်သွင်းခဲ့တယ်လေ၊ ဒါပေမယ့် ဒုတိယကမ္ဘာစစ်အတွင်းတုန်းက မြစ်ရေကြီးမှုကြောင့် အခန်းအချို့ ပျက်စီးခဲ့တဲ့အတွက် အမရပူရအမတ် ဦးဘသိက ပြန်လည်ပြင်ဆင်ခဲ့သလို (၁၉၇၃)ခုနှစ်တုန်းကလည်း အခန်း(၈၀)ကျော်လောက်ရေမျောသွားခဲ့တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ဦးဆောင်ပြီးတော့ အမရပူရမြို့သူမြို့သားတွေနဲ့ ပြန်လည်ပြုပြင်ဆင်ခဲ့ကြတယ်လို့ မှတ်သားဖူးတယ်"

"ဩော် . . . ရှင်က တော်တော်လေ့လာထားတာပဲ၊ တော်လိုက်တာ"

"အဟင်း . . . မတော်ပါဘူးဗျာ၊ ဦးလေးအလုပ်မှာ ဝင်ဝင်ကူနေရတာဆိုတော့ နိုင်ငံခြားသားတွေကို ပြန်ပြောပြနိုင်ဖို့ ဒီလောက်တော့ လေ့လာထားရတာပေါ့"

"ဒါနဲ့ ဦးပိန်တံတားကို ဘာအတွက်ဆောက်လုပ်ခဲ့တာလဲဆိုတာကိုရော သိလား၊ ပြောပြပါလား"

"အင်း . . . ဦးပိန်တံတားကို ဆောက်ခဲ့တာက ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်မှာလေ၊ ပုဂံမင်းက ကြက်ငှက်အစရှိတဲ့ တိရစ္ဆာန်တွေနဲ့ အမဲပစ်ကစားရတာကို အလွန်နှစ်သက်တယ်၊ အဲဒီလိုမျိုးကစားတဲ့နေရာမှာ တိရစ္ဆာန်ကျွမ်းကျင်သူအဖြစ်နဲ့ ဘိုင်ဆပ်လို့ခေါ်တဲ့ ကုလားတစ်ယောက်က တာဝန်ယူပေးတယ်တဲ့၊ ပုဂံမင်းက အဲဒီဘိုင်ဆပ်ဆိုတဲ့ကုလားကို အထူးအခွင့်အရေးပေးတယ်၊ ဘယ်လောက်အထိအခွင့်အရေးပေးလဲဆိုရင် အမရပူရမြို့မှာ မြို့ဝန်အဖြစ်ချီးမြှောက်တဲ့အထိ





ကို ပစားပေးခဲ့တယ်လို့ဆိုတယ်၊ အဲဒီလို ဘိုင်ဆပ်ကောင်းစားသလိုပဲ သူနဲ့အတူ နောက်ထပ်ကောင်းစားခဲ့တာက ဘိုင်ဆပ်ရဲ့လက်ထောက်တပည့် မောင်ပိန်ပေါ့ဗျာ၊ သူတို့ ဆရာတပည့်နှစ်ယောက်က တော်တော်လေး ဆိုးကြတယ်လေ၊ အမရပူရတစ်မြို့လုံးဟာ သူတို့နှစ်ယောက်သောင်းကျန်းတာကိုခံရတယ်၊ ဒါပေမယ့် ဘယ်သူမှအာမခံရဘူး၊ ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက်ရဲ့ စကားက ဘုရင့်နားအထိ ပေါက်ရောက်နိုင်လို့ပဲ၊ အဲဒီလို သူတို့တွေ အာဏာရှိနေတဲ့အချိန် (၁၈၄၉) ခုနှစ်မှာ မောင်ပိန်က အမရပူရမြို့တော်ကနေ တောင်သမန်အင်းရဲ့တစ်ဖက်ကမ်းအထိရောက်အောင် သစ်သားတံတားကြီးကို တည်ဆောက်ခဲ့တော့တာပဲ၊ ရည်ရွယ်ချက်ကတော့ တောင်သမန်အင်းရဲ့ တစ်ဖက်ကမ်းမှာနေတဲ့ မွတ်ဆလင်တွေကို အရေးအကြောင်းတစ်စုံတရာရှိတာနဲ့ အမရပူရဘက်ကို အမြန်ကူးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောက်ခဲ့တာတဲ့၊ ရည်ရွယ်ချက်ကတော့ သိပ်မကောင်းဘူး၊ ဒါပေမယ့်လို့ တည်ဆောက်သူ မောင်ပိန်ကို အစွဲပြုပြီးတော့ တံတားရဲ့အမည်ကို ဦးပိန်တံတားလို့ ခေါ်ဝေါ်ခဲ့ကြတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေ အဲဒီလိုဆိုးသွမ်းနေတာကို ပုဂံမင်းကရော မသိဘူးတဲ့လား"

"အစတော့ မသိခဲ့ဘူးလေ၊ နောက်တော့ သိသွားတယ် အဲဒီတော့မှ ဦးပိန်တို့အပေါင်းအပါတစ်သိုက်လုံးကို ဖမ်း ဆီးပြီးတော့ ပုဂံမင်းက ကွပ်မျက်စေခဲ့တယ်လေ၊ ဒါပေမယ့် ဦးပိန်တံတားကြီးကတော့ အခုထိ မြန်မာ့ဂုဏ်ကျက် သရေဆောင်တစ်ခုအဖြစ်နဲ့ တည်ရှိနေတဲ့အတွက် အကောင်းဘက်က လှည့်တွေးမယ်ဆိုရင်တော့ ဦးပိန် ပြုခဲ့တဲ့ကောင်းမှုပဲ ဆိုပါတော့. . . "

မုန်းသူက ဘာမှမပြောဘဲ ဦးပိန်တံတားကြီးကို ဟိုးဘက် တလျှောက်တိုင် တစ်မျှော်တစ်ခေါ် လှမ်းမျှော်ကြည့်နေလိုက် သည်။ ဒီအချိန်မှာပဲ တလျှောက်လုံး ခပ်ဆိတ်ဆိတ်သာ နေ ထောင်နေသည့် ဇီဇဝ့်ထံမှ အသံထွက်လာသည်။

"ဩော. . . အဲဒီလိုကိုး၊ နိုင်ငံခြားသားတွေလည်း တော်တော်စိတ်ဝင်စားကြတယ်နော်"

သူက ဇီဇဝ့်မှတ်ချက်ကို ခေါင်းညိတ်ထောက်ခံလိုက် ရင်းမှ. . .

"ဟုတ်တယ်၊ နှစ်စဉ်နှစ်တိုင်း ဒီတံတားကို လာကြည့် နိုင်ငံခြားသားအရေအတွက်က မနည်းမနောပဲ၊





တံတားကလည်း ကမ္ဘာမှာ အရှည်ဆုံး သစ်သားတံတား တစ်ခုဖြစ်နေတာကိုး၊ အဲဒီတော့ နိုင်ငံခြားသားတွေကို ဆွဲဆောင်တော့တာပေါ့၊ အခုဆို ဦးပိန်တံတားကြီး လည်း အသက်တော်တော်ရပြီး အိုနေပြီ၊ ဟိုနေရာက ကျိုးကျ၊ ဒီနေရာက ပဲ့ကျနဲ့ဖြစ်နေတာကို မြင်ရတော့ စိတ်မကောင်းဘူးဗျာ၊ မြန်မာ့ယဉ်ကျေးမှုပြယုဂ်တစ်ခု ပျောက်ကွယ်သွားမှာကို အရမ်းစိုးရိမ်မိတယ်. . . "

"ပြန်ပြင်မယ်ဆိုရင်ရော. . . "

"ပြန်ပြင်မယ်ဆိုရင်တော့ ရတာပေါ့၊ ဒါပေမယ့် ပြန်ပြင် လိုက်ရင် ဒီတံတားကြီးက ရှေးဟောင်းအမွေအနှစ်ဘယ် ခေါ်တော့မလဲလေ၊ ရှေးခေတ်လက်ရာမဟုတ်တော့ဘဲ ဒီဘက်ခေတ်လက်ရာတစ်ခုပဲ ဖြစ်သွားတော့မှာပေါ့၊ တစ်ချို့ကလည်း ဇီဇဝါပြောသလို ပြန်ပြင်ချင်ကြတယ်၊ တချို့ကလည်း ရှေးလက်ရာအတိုင်းပဲ အမွေအနှစ် တခုအဖြစ်ထားစေချင်ကြတယ်၊ စကားတွေကတော့ ကွဲလွဲနေကြတုန်းပဲ၊ နိုင်ငံတော်ကတော့ ဘယ်လိုလုပ် မယ်မသိသေးဘူး"

နောက်တော့ သုံးယောက်သားက နေဝင်ချိန်အလှကို ...ရင်းက ကိုယ့်အတွေးနှင့်ကိုယ် မျောလွင့်သွားကြတော့တာ



www.burmeseclassic.com

www.burmeseclassic.com

ဘာစကားမှ မပြောဖြစ်ကြတော့ချေ။ နေဝင်ချိန်နောက်ခံ

ဦးပိန်တံတားကြီးက တစ်မျိုးတော့ လွမ်းစရာကောင်းနေ

အမှန်ပဲဖြစ်ပါသည်။

နောက်တော့ လှေပေါ်မှဆင်းကာ သုံးယောက်သား တံ

ပေါ်ပြန်တက်ခဲ့ကြပြီး လာရာလမ်းအတိုင်း တံတားပေါ်

ဆိုင်ကယ်များရပ်ထားရာဆီသို့ ပြန်လျှောက်လာခဲ့ကြ၏။

"ဒါနဲ့မနက်ဖြန် ကျွန်မတို့ ဘယ်သွားမလဲဟင်"

"မနက်ဖြန်. . . မုန်းသူတို့ကို ကျွန်တော် ရွှေကျော

ဘက်လိုက်ပို့ပေးမယ်"



ရင်ထဲက စကား (၄)

''အချစ်ရေးမှာ...

ဦးနှောက်နဲ့

စဉ်းစားပါများရင်...

နှလုံးသားက

ဟန်သွားတတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ဘယ်လို. . . မင်းရှင်ခုန်သွားတယ်၊ ဟုတ်လား"

ဖြစ်သမျှအကြောင်းကို မြတ်မိုးထိုက်အား ပြောပြအပြီးမှာတော့ မြတ်မိုးထိုက်က အထက်ပါအတိုင်း မှတ်ချက်ပြုလာသည်။ သူတ ခေါင်းတစ်ချက်ကိုညိတ်ပြလိုက်ရင်းမှ. . .

"ဟုတ်တယ်ကွာ၊ ငါ့ရင်ခွင်ထဲကို သူပြုတ်ကျလာတော့ ငါတစ်ကိုယ်လုံး ရှိန်းခနဲခံစားလိုက်ရတယ်၊ ပြီးတော့. . . ပြီးတော့ ငါခံစားလိုက်ရတဲ့ ခံစားချက်ကြီးက. . ."

သူက ပြောမထွက်တော့သလို စကားစပြတ်သွားတော့ မြတ်မိုးက သူ့ကိုစူးစမ်းသလိုကြည့်လာရင်းက. . .

"ဘယ်လိုခံစားလိုက်ရလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လခြမ်းက မြတ်မိုးမျက်လုံးတွေထဲကို တည့်တည့်ကြည့် လိုက်မိသည်။ ဒါဟာ မြတ်မိုးမျက်လုံးတွေထဲက တစ်စုံတစ်ခု ရှာဖို့မဟုတ်ဘဲ ကိုယ့်မျက်လုံးထဲက တစ်စုံတစ်ရာကို မြတ်မိုးမြ နိုင်စေဖို့ဖြစ်ပါသည်။

"နှင်းစက်သံသာနဲ့တုန်းကလိုမျိုး ခံစားချက်မျိုးကွာ ကယ် . . . ငါ့ရင်တွေ အတိုင်းအဆမရှိလောက်အော ယစ်မူးခုန်လှုပ်သွားတယ်"

သူ့စကားအဆုံး မြတ်မိုးရဲ့မျက်ခုံးတွေက အပေါ် လှပစွာ ပင့်တက်သွားကြသည်။

"ဒါဆို မင်းသူ့ကို ချစ်မိသွားတာပေါ့၊ ဟုတ်လား"

သူ ခေါင်းယမ်းလိုက်မိသည်။ ဒါပေမယ့် ဒါဟာ ငြ ဆန်ခြင်းဆိုသည့် အဓိပ္ပာယ်မဟုတ်။ မသိဘူးဆိုသည့် ခေါင်းယ ခြင်းပဲဖြစ်ပါသည်။

"မသိဘူးကွာ၊ ငါ့ကိုယ်ငါ နားမလည်ဘူး၊ နှင်းစက် ငါတကယ်ချစ်ခဲ့တာ၊ အဲဒါသေချာတယ်၊ နှင်းစက်ကို ခဲ့မိတဲ့ ငါ့အချစ်က ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူး အချစ်မျိုးနဲ့ စစ်မှန်စွာချစ်ခဲ့တာ၊ နှင်းစက်ငါ့ဘဝထဲ ထွက်ခွာသွားပေမယ့်လို့ နှင်းစက်ကို အခုထိ နှင်းစက် တဲ့ နာမည်တူအသံမျိုးကြားတာနဲ့တောင် ငါ့ရင်





ခုန်တတ်နေတုန်းပဲ၊ အခုထိလည်း နှင်းစက်ကိုငါချစ်နေ တုန်းပဲ၊ ဒါပေမယ့်ကွာ. . . အခုတော့ မိမုန်းသူနဲ့ပတ် သက်ပြီး အဲဒီလိုခံစားချက်မျိုးကို ငါရလိုက်တယ်၊ အဲဒီ တော့ ငါ့နှလုံးသားကိုငါ ဘယ်လိုနားလည်ရတော့မှာလဲ၊ ငါ့နှလုံးသားက မိန်းမနှစ်ယောက်စလုံးကို တစ်ပြိုင်နက် တည်းချစ်နေသလို ဖြစ်မနေဘူးလား၊ မင်းပဲ စဉ်းစား ကြည့်စမ်းပါ"

မြတ်မိုးထိုက်က နားလည်ပါတယ်ဆိုသည့် အထာမျိုး ဖြင့် ခေါင်းညိတ်ပြသည်။

"ဒါမျိုးက ဖြစ်တတ်ပါတယ်၊ သီချင်းတောင်ရှိသေးတာ ပဲလေ၊ နှစ်ယောက်စလုံးကိုချစ်တယ်၊ နှစ်ယောက်စလုံး ကလည်းချစ်တယ်၊ ငါ့ကိုယ်ငါပဲ သတ်သေလိုက်ချင် တယ်ဆိုတာမျိုးလေ၊ မင်းလဲ အဲဒီလိုဖြစ်နေတာဖြစ်မယ်"

သူက နားမလည်နိုင်သလို မျက်မှောင်တွေကို စိတ်ပျက် လက်ပျက် တွန့်ချိုးပစ်လိုက်မိသည်။

"ကျွတ်. . . ဘယ်လိုမျိုးကြီးလဲကွာ၊ အဲဒီလိုသာဆိုရင် ငါကဘာဆက်လုပ်ရတော့မှာလဲ"

"ဘာဆက်လုပ်ရမှာလဲကွာ၊ မင်းသူ့ကိုချစ်တယ်ဆိုရင် ဖွင့်ပြောလိုက်ပေါ့၊ ပြီးတော့ နှင်းစက်သံသာဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



မင်းဘဝထဲမှာ ရှိတော့တာမှ မဟုတ်တာ၊ ဘယ်ရောက်လို့ဘယ်ပေါက်နေမှန်းလည်း မသိဘူး၊ ဒီတော့ မင်းနှလုံးသားက နောက်ထပ်ရွေးချယ်လိုက်တဲ့ သူကိုပဲ မင်းအချစ်တွေပေးသင့်တာပေါ့၊ အဟင်း. . . ငါကတော့ မင်းအခုလိုဖြစ်လာတာကို ဝမ်းသာတယ်"

"ဘယ်လို"

"ဟုတ်တယ်လေကွာ၊ မင်းနဲ့နှင်းစက်သံသာ ချစ်ခဲ့ကြတယ်၊ အဲဒီလိုနဲ့နှင်းစက်သံသာ မင်းဘဝထဲက ပျောက်ဆုံးသွားတဲ့အခါမှာ မင်းအသည်းတွေကွဲခဲ့တယ်၊ အရင်က ရည်းစားတွေ ထည်လဲတွဲခဲ့တဲ့ကောင်က အဲဒီအချိန်ကစပြီး ဘယ်မိန်းကလေးကိုမှ ချစ်တယ်ဆိုတာမျိုး ဖြစ်မလာတော့ဘူး မရှိတော့တဲ့ နှင်းစက်သံသာကိုပဲ လွမ်းဆွတ်တမ်းတနေခဲ့တာ ဘယ်လောက်တောင်ကြာပြီလဲ၊ တကယ်ဆို ကိုယ်နဲ့ဖူးစာမပါလို့ လွဲသွားခဲ့တဲ့ လူတစ်ယောက်အတွက် လွမ်းဆွတ်နေခြင်းဟာ သုံးနှစ်ဆိုတဲ့ အချိန်အတိုင်းတစ်ခုရှိလာတာ လွန်တောင်လွန်နေပြီ၊ တကယ်ဆို မင်းနှလုံးသားက နောက်ထပ်အချစ်တစ်ခုကို မွေးဖွားပေးသင့်တာကြာပြီ၊ အခုလို မင်းနှလုံးသားက နောက်ထပ်အချစ်တစ်ခုကိုမွေးဖွားပေးလိုက်တယ်ဆိုတာ နောက်တောင်





ကျနေပြီလေ၊ အဲဒါကြောင့် ငါက အခုလိုဖြစ်တာကို ဝမ်းသာတယ်လို့ ပြောတာ၊ နှင်းစက်ကိုမေ့လိုက်ပါတော့ကွာ၊ အခုလောက်ဆို သူလည်း သူ့ဘဝနဲ့သူ အချစ်သစ်တွေ့ရင်လည်း တွေ့နေမှာပေါ့၊ မင်းလည်း အချစ်သစ်တစ်ခုနဲ့အတူ မင်းဘဝကို ပြန်လည်စတင်သင့်ပြီ၊ အခု မင်းနှလုံးသားက မိမုန်းသူကို ချစ်တယ်မဟုတ်လား၊ ချစ်ရင် ချစ်တယ်ဆိုတာပြောလိုက်၊ လက်ခံတယ် မခံဘူးဆိုတာက သူ့အလုပ်၊ နှလုံးသားကခိုင်းတာကို လုပ်ရမှာက မင်းအလုပ်၊ ကျန်တာတွေ သိပ်မစဉ်းစားနဲ့၊ ဦးနှောက်နဲ့ သိပ်စဉ်းစားပါများရင် နှလုံးသားက ဟန်းသွားတတ်တယ်၊ မင်းက ငါ့ထက်ဆရာကျပါတယ်ကွာ၊ ဒါတွေ ငါ့ထက်ပိုနပ်ပါတယ်၊ ဟုတ်တယ်ဟုတ်. . . "

အချစ်ဆိုတာဟာ တကယ်ပဲ နောက်ထပ်အသစ်တစ်ခုန် ပြန်လည်မွေးဖွားလာတတ်ပါသလား။ အချစ်ဆိုတာ မသေတဲ့ သစ်ပင်တစ်ပင် ဟုတ်ပါရဲ့လား။ တစ်စုံတစ်ယောက်ကိုချစ်မှန်စွာ ချစ်ခဲ့ပါရက်နှင့် အဲဒီတစ်စုံတစ်ယောက်ကိုချစ်ခဲ့သလိုပဲ နောက်ထပ် တစ်ယောက်ကိုလည်း စစ်မှန်စွာ ထပ်မံချစ်နိုင်ပါသလား။

အချစ်မှာ သူ ဆရာကျခဲ့ဖူးပါသည်။ သို့သော်လည်း အသုံးမပြုတာကြာပြီဖြစ်သည့် သူ့နှလုံးသားက အခုတော့ အချစ်၏ဝိသေသတွေကို မသိတော့လေပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com

## ရှာဖွေခင်ကို

မျက်လုံးထဲမှာ မိမုန်းသူ၏ ပုံရိပ်တို့က ပေါ်ပေါ်လာရသည်။ တကယ်ဆို နှင်းစက်ကိုချစ်ခဲ့သည့် သူ့နှလုံးသားက နောက်ထပ်တစ်စုံတစ်ယောက်ကိုချစ်မည်ဆိုပါလျှင်လည်း နှင်းစက်နှင့်ဆင်တူသော မိန်းကလေးမျိုးကိုသာ ချစ်ရမှာမဟုတ်ဘူးလား။ အခုတော့ သူ့နှလုံးသားက ဒုတိယအကြိမ်မြောက် ဒူးထောက်လိုက်သည့် မိန်းကလေးတစ်ယောက်ဟာ ပထမမိန်းကလေးနှင့် နည်းနည်းလေးမှကိုမတူသည့် မိန်းမတစ်ယောက်ပါတဲ့လေ။

ကိုယ့်အထင်တော့ တစ်ခါအထိနာဖူးသည့် နှလုံးသားက နောက်တစ်ခါ အထိနာမှာကိုကြောက်ပြီး ပထမတစ်ယောက်လို မဖြစ်ရလေအောင် ပထမတစ်ယောက်နှင့် ဘယ်နေရာမှာမှ မတူသည့် မိန်းမတစ်ယောက်ကို တမင်ပဲ ရှာဖွေချစ်ပစ်လိုက်တာပဲ ဖြစ်ပါလိမ့်မည်။



ဒီနေ့တော့ သူတို့သုံးယောက် ရွှေကျောင်း (ရွှေနန်းတော်ကျောင်း)ဆီကို သွားရောက်လေ့လာကြတာဖြစ်သည်။ ရွှေကျောင်းတန်ဆာဆင်တည်ဆောက်ထားသည့် ကနုတ်လက်ရာတွေက အရမ်းပဲအသေးစိပ်လွန်းကာ လက်ရာမြောက်လှပလွန်းတာကိုလည်း အံ့ဩတကြီးပဲတွေ့ရလေသည်။

"လှလိုက်တာနော်၊ ဒီလိုအသေးစိပ်လုပ်နိုင်ဖို့ တော်တော်အချိန်ယူခဲ့ရမှာနော်"

"ဒါပေါ့၊ ဒီရွှေကျောင်းဟာလည်းပဲ မန္တလေးမြို့ကြီးကို နိုင်ငံခြားသားတွေလာစေတဲ့ ဆွဲဆောင်မှုများစွာထဲက တစ်ခုပဲလေ၊ ဒီမှာလုပ်ထားတဲ့ ကနုတ်လက်ရာတွေကို နိုင်ငံခြားသားတွေက အရမ်းသဘောကျကြတယ်၊ အနုစိတ်ဓာတ်ပုံ ရိုက်ယူတာတို့၊ ပန်းချီဆွဲတာတို့လာလုပ်ကြတယ်လေ၊ ဒါပေမယ့်နှမြောစရာက ဒီကျောင်းဆောင်ကြီးဟာလည်း တော်တော်အိုလာပြီ"



www.burmeseclassic.com

www.burmeseclassic.com





သူကလည်း ရှင်းပြ၊ သူမကလည်း ကနုတ်လက်ရာတွေ သဘောတကျဖြင့် အနီးကပ် ကပ်ကြည့်မိလေသည်။ လက်ရာ ကတကယ့်ကိုပဲ စိတ်ရှည်လက်ရှည်နှင့် အနုစိပ်ထွင်းထားတာ သည်။

"မုန်းသူရေ ငါ့ကို ဒီနေရာလေးမှာ အမှတ်တရဓာတ် တစ်ပုံလောက် ရိုက်ပေးဟယ်၊ ရော့. . . ငါ့ဖုန်းနဲ့ရိုက်"

ဇီဇဝါ့စကားကြောင့် သူမက ဇီဇဝါရှိရာကို လှည့်ကြည့် လိုက်မိသည်။ ဇီဇဝါက ကျောင်းဆောင်ရဲ့တစ်ဖက်ခြမ်းက လ ရန်းနားမှာရပ်နေတာဖြစ်ပြီး သူမရှိရာဆီကို ဖုန်းကမ်းပေးနေ မုန်းသူကလည်း ဇီဇဝါရပ်နေသည့်နေရာကို တအားကိုပဲ သဘောကျ သွားရ၏။ တစ်ဖက်က ကနုတ်ပန်းတွေအပြည့် ထွင်းထုထား သည့် နံရံကြီးရှိနေပြီးတစ်ဖက်မှာက အုပ်အုပ်ဆိုင်းဆိုင်းကျ သည့် စည်းရိုးဘက်သစ်ပင်ကြီးဆီမှ အကိုင်းအခက်များရှိနေ တော့ ရှုခင်းက အရမ်းကိုပဲလှနေလေ၏။

"အာ. . . ငါလည်းရိုက်မှာပေါ့၊ အတူရိုက်မယ်လေ"

ပြောပြီး သူမက ဇီဇဝါ့ဖုန်းကို မယူ။ မိမိဖုန်းကိုပဲထုတ် လိုက်ကာ သူမနောက်နားမှာရပ်နေသည့် လခြမ်းဘက်ကိုလှည့် ကြည့်ကာ လက်ထဲကဖုန်းကို ကမ်းပေးလိုက်ရင်း. . .

"လခြမ်းရိုက်ပေးနော်"

လခြမ်းက မုန်းသူလှမ်းပေးလာသည့် ဖုန်းကို လက်ပြောင်း ယူကာ သူမတို့နှစ်ယောက်ကို ဓာတ်ပုံရိုက်ပေးဖို့လုပ်ရသည်။ ဒါပေမယ့် သူမဖုန်းက ဘက္ထရီကုန်လုနေပြီဖြစ်သည်။

"ချာချင်ဒေါင်းနေပြီဗျာ၊ ဖလက်ရှ်မရတော့ဘူး"

ဆိုတော့ ဇီဇဝါက. . .

"ဟင်. . . ဟုတ်လား၊ ဒါဆို ဇီဇဝါ့ဖုန်းနဲ့ရိုက်လေ. . . ရော့"

ဆိုပြီး သူမဖုန်းကို သူ့ဆီ လာရောက်ပေးဖို့လုပ်သည်။ ဒါပေမယ့် မိမုန်းသူက ဇီဇဝါ့လက်တစ်ဖက်ကို လှမ်းပုတ်လိုက် ရင်းကနေ. . .

"အာ. . . နင့်ဖုန်းက အိုင်ဖုန်းကြီးကို၊ မြင်ကွင်းကျဉ်းတယ် ဟဲ့၊ ဒီမြင်ကွင်းက မြင်ကွင်းကျယ်ကျယ်လေးပါအောင် ရိုက်နိုင်မှ လှမှာ၊ ဒီလိုလုပ်ပါလား၊ လခြမ်းဖုန်းက ဆမ်ဆောင်းဆိုတော့ လခြမ်းဖုန်းနဲ့ပဲ ရိုက်ပေးလေနော်၊ ပြီးမှ လခြမ်းဆီကနေ Zapya နဲ့ ပြန်ယူမယ်၊ နော်. . ."

"အိုခေ. . . အိုခေ"

သူက ခေါင်းညိတ်ပြလိုက်ရင်းက သူ့ဖုန်းနဲ့ပဲ ရိုက်ဖို့လုပ် သည်။ သူမတို့နှစ်ယောက်ကို ဖုန်းကင်မရာနှင့် ချိန်ထားရင်း နေ သူက ဖုန်းထဲမှာပေါ်နေသည့် သူမကို သေချာကြည့်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို ခပ်ပြေပြေလေးရပ်ကာ လက်လေးနှစ်ဖက်ကို နောက်ပစ်ကာ အလှပဆုံးပြုံးပြနေသည့် သူမပုံစံက သူ့ကို ရင်... သံတွေ မြန်လာစေပြန်တော့၏။ သူမက ကင်မရာကိုပြုံးပြနေ... ဖြစ်သော်လည်း သူ့ကိုပြုံးပြနေသလိုဖြစ်နေတာမို့ သူမှာ အသက်... တောင် ကြပ်လာသလိုရှိ၏။ ဒါနဲ့ခပ်မြန်မြန်ပဲ ရိုက်လိုက်ရသည်... ကြာကြာကြည့်နေလျှင် သူ့ရင်ဘတ်ထဲက နှလုံးသားဟာ အပြင်... ကို ခုန်ထွက်မလာပါဘူးလို့ သူအာမမခံနိုင်ပါချေ။

"နောက်တစ်ပုံ. . . နောက်တစ်ပုံ. . ."

တစ်ပုံရိုက်ပြီးတော့လည်း သူမတို့က နေရာချင်းခိုး... အိုက်တင်ချိန်းလိုက်ကြပြန်ကာ နောက်တစ်ပုံထပ်ရိုက်ခိုင်း... ပြန်၏။ သူက ဒီတစ်ခါတော့ သူမကို ကြာကြာမကြည့်တော့... ခပ်မြန်မြန်ပဲရိုက်ပေးလိုက်၏။

ရိုက်ပြီးသွားတော့လည်း သူမက. . .

"ကြည့်ကြည့်ရအောင်. . ."

ဆိုပြီး သူ့အနားကပ်လာကာ သူ့လက်ထဲက ဖုန်း... ငုံ့မိုးကြည့်လာတော့ အရမ်းနီးကပ်သွားသည့် သူမဆီမှ အမွှေး... မည်မသိသည့် ရေမွှေးနံ့သင်းသင်းက သူ့အာရုံကို လာရော... ဖမ်းစားပြန်တော့ သူမှာ သက်ပြင်းမောကိုသာ အသာခိုးချရ... သည်။

ခက်တော့ နေပါချေပြီ။





"အား. . . မိုက်တယ် မိုက်တယ်. . . အဟင်း"

သူမက ပြောလည်းပြော ဖုန်းကို ငုံ့ကြည့်နေရင်းကနေ သူ့ကိုလည်း ရုတ်တရက်မော့ကာ ပြုံးပြလာသောအခါမှာတော့ သူ့ရင်ထဲမှာ ဒိန်းခနဲပင် မြည်ဟည်းသွားရပြန်သည်။ သူက သူမကို ခပ်မြန်မြန်ပဲ ပြန်ပြုံးပြလိုက်ရင်းက. . .

"ဟိုဘက်က မဟာအတုလဝေယန်ကျောင်းတော်ကြီး ဘက်ကို သွားကြည့်ရအောင်နော်"

သူ့စကားအဆုံး သူမက ခေါင်းညိတ်ပြသည်။ ဒီလိုနှင့် ...ဟာအတုလဝေယန်ကျောင်းတော်ကြီးထဲသွားကာ ဘုရားဖူးခြင်း၊ ကျောင်းဆောင်ကြီးတည်ဆောက်ထားပုံတွေကို လေ့လာခြင်းစ သည်ဖြင့် လျှောက်ပတ်ကြည့်ကြသည်။ သူမက တစ်ခုခုကို သဘောကျတာတွေ့လိုက်၊ သူ့ဘက်ကိုလှည့်ကာ ဘယ်လိုဖြစ် တယ်၊ ဘယ်ညာဖြစ်တယ်နှင့်ပြောလိုက်။

သူမှာတော့ သူမကို ခိုးခိုးကြည့်ကာ ရင်မောနေရ၏။ ကြာလေကြာလေ သူမကိုချစ်နေပြီဆိုတာဟာ သေချာလေလေ ...င်ဖြစ်ပါသည်။ ဒါပေမယ့် သူမသည် ဧည့်သည်တစ်ယောက်သာ ဖြစ်ပြီး အချိန်တန်လျှင် အိမ်ပြန်မည့် တစ်ပြည်သူမလေးသာဖြစ် သောကြောင့် သူ့အချစ်တို့ဟာလည်း ဒီလိုနှင့်ပဲ ပြီးသွားရမည်ထင် ...ါတော့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



တချို့အချစ်တွေဟာ တိတ်တိတ်ကလေးမွေးဖွားရှင်သန်ပြီး တိတ်တိတ်ကလေးပဲ သေဆုံးသွားတတ်ကြသည် မဟုတ်ပါလား။



အိပ်ယာထဲမှာ လှဲလှိုမ့်နေရင်းက ဖုန်းထဲမှာရှိသည့် သူမဓာတ်ပုံလေးတွေကို ကြည့်ကာနေမိသည်။ နေ့လည်က သူ့ဖုန်းနှင့်ရိုက်ယူပြီး အပြန်အအေးဆိုင်တစ်ခုမှာ ထိုင်ကြရင်း ရိုက်ထားသည့် ဓာတ်ပုံလေးတွေကို သူမဖုန်းထဲ Zapya နှင့် ပြန်ပြောင်းသည့်ပေးခဲ့ပြီးပေမယ့် သူက သူ့ဖုန်းထဲက မူရင်းပုံလေးတွေကို ဖျက်မပစ်ခဲ့ဘဲ ဒီအတိုင်းထားထားခဲ့တာဖြစ်သည်။ သူမကလည်း ဖျက်ပစ်လိုက်ဖို့ မပြောခဲ့။ မေ့နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဘာပဲပြောပြော သူ့အတွက် အမှတ်တရသိမ်းထားစရာတစ်ခုအဖြစ်တော့ ရရှိခဲ့ပြီပဲမဟုတ်လား။ ဓာတ်ပုံထဲက သူမက သူ့ကို မခို့တရို့ဟန်ဖြင့် ပြုံးပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

ကိုယ်မင်းကို သိပ်ချစ်မိနေပြီ မုန်းသူ။ ဒါဟာ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက်ကို ဒုတိယအကြိမ်မြောက် စစ်မှန်စွာချစ်မိခဲ့ခြင်းပါပဲ။ ဒါပေမယ့် ပထမအကြိမ်မှာ အသည်းကွဲခဲ့ရသလို အခုမင်းနဲ့ တစ်ခေါက်မှာလည်း ငါ့အချစ်က တိတ်တဆိတ်နဲ့ပဲ ကြေကွဲကျန်ရစ်ရမယ့် အဖြစ်မျိုးပါမုန်းသူရယ်။ တကယ်တော့ ကိုယ်က အချစ်အတွက် ကံမကောင်းခဲ့သူ တစ်ယောက်ပါပဲ။



သူမစကားကြောင့် ဇီဇဝါက ပက်လက်လှန်အိပ်နေရာကနေ ခေါင်းကိုလက်ထောက်ထကာ သူ့ဘက်ကိုစောင်းငဲ့ကြည့်လာရင်းက ဆိုသည်။

“ဘယ်လို သူက နင့်ကိုချစ်နေပြီ. . . ဟုတ်လား။ နင်က ဘယ်လိုသိလဲ”

မုန်းသူက ဇီဇဝါ့ကို မကြည့်ပါ။ ပက်လက်လှန်အိပ်နေရာကနေ မျက်နှာကျက်ဆီကိုသာ ကြည့်နေရင်းက ပြုံးလိုက်မိတာ. . .

“သူ့မျက်လုံးတွေက ပြောပြနေတယ်လေ၊ နှလုံးသားရေးကိစ္စမှာ ငါဆရာမကျပါဘူး။ ဒါပေမယ့် သူ့မျက်လုံးတွေကိုတော့ ငါကောင်းကောင်းဖတ်တတ်နေတယ်၊ သူ့ကို ငါ့စိတ်ထဲမှာ အရမ်းထည့်ထားမိလို့လားတော့ မပြောတတ်ဘူး”



www.burmeseclassic.com

"အဲဒါဆို နင့်အကြံအစည် အောင်မြင်တော့မယ်ပေါ့ နင် ဘာဆက်လုပ်မယ်စိတ်ကူးထားလဲ"

"အဟင်း. . . သူ့ရင်ထဲမှာ ငါနဲ့ပတ်သက်တဲ့ခံစားချက် ရှိနေပြီဆိုမှတော့ အဲဒီခံစားချက်ကို အပြင်မြန်မြန်ထွက်လာအောင်ဆွဲထုတ်ရမှာပေါ့၊ မနက်ဖြန် နန်းတော်ထဲကို သွားလေ့လာတဲ့အခါကျရင် နင်မလိုက်ခဲ့နဲ့တော့၊ နေမကောင်းဘူးဆိုပြီး နေခဲ့လိုက်၊ မနက်ဖြန် ငါသူ့ကို နည်းနည်းအရှိန်မြှင့်ပြီး ပြုစားတော့မယ်. . ."

ပြောပြီး မုန်းသူက မနက်ဖြန်အတွက်ကြိုတွေးမိတာ နုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်း ကော့တက်သွားအောင် ပြုံးလိုက်မိသည်။

ငါတို့ကစားပွဲကို အရှိန်တင်ရအောင်လား ကဝေကောင်ရယ်။



ရင်ထဲက စကား(၅)

''လူတစ်ယောက်ကိုချစ်ရတာဟာ...
ပန်းချီကားတစ်ချပ်ကို
ကိုယ်တိုင်ရေးဆွဲရတာနဲ့
အလားသဏ္ဍာန်တူတယ်
အဲဒီပန်းချီကား လှ မလှဟာ...
ရေးဆွဲသူရဲ့
အပေါ်မှာပဲမူတည်သလို
အချစ်တစ်ခု လှ မလှဟာလည်း...
အဲဒီအချစ်ကို ကိုင်တွယ်သူရဲ့
အရည်အချင်းအပေါ်မှာပဲ မူတည်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဒီနေ့တော့ သူမက နန်းတွင်းထဲမှာ လျှောက်ပတ်လှေလာမှာမို့ သူ့ကို အိမ်ကိုပဲလာခဲ့ဖို့ ခေါ်ထားလိုက်တာဖြစ်ပြီး နံနက်ကိုးနာရီလောက်အချိန်မှာတော့ သူရောက်လာလေသည်။

"ဒီနေ့ကတော့ လခြမ်းနဲ့မုန်းသူတို့ နှစ်ယောက်ပဲသွားရမှာ၊ ဇီဇဝါက နေသိပ်မကောင်းလို့ မလိုက်နိုင်ဘူး"

"ဩော. . . ဘယ်လိုဖြစ်တာလဲ၊ မနေ့ကတောင် အကောင်းကြီးမဟုတ်လား"

"အင်း. . . မနေ့က ရေချိုးမှားသွားတာထင်တယ်"

"ဩော. . . ဟုတ်"

"အဲဒါလေ၊ ဒီလိုလုပ်ပါလား၊ သွားမှာကလည်း နှစ်ယောက်ပဲဆိုတော့ မုန်းသူ့ဆိုင်ကယ်ကိုမယူတော့ဘူး၊ လခြမ်းဆိုင်ကယ်နောက်ကပဲ မုန်းသူလိုက်စီးမယ်လေ၊ ဖြစ်တယ်မလား ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ဖြစ်ပါတယ်"

ဒီလိုနဲ့ နှစ်ယောက်သား ဆိုင်ကယ်တစ်စီးတည်းဖြင့် ထွက်လာခဲ့ကြသည်။ အိမ်ခြံဝန်းထဲမှာတော့ ဘာမှမဖြစ်သေး။ လမ်းပေါ်ရောက်တော့မှာ လခြမ်းခမျာ ဓာတ်လိုက်ခံရတော့ တာဖြစ်ပါသည်။

အဲဒါကတော့ နောက်ကထိုင်လိုက်လာသည့် သူမက နောက်ဘက်ကနေ သူ့ခါးကို လက်တစ်ဖက်ဖြင့် သိမ်းကြုံးဖက် ကိုင်လာခြင်းပါပဲ။

လခြမ်းတစ်ကိုယ်လုံးမှာ ဖိန်းခနဲရှိန်းခနဲပင်ဖြစ်သွားရ ကာ ဆိုင်ကယ်လီဗာကိုတောင် ယောင်ယမ်းဆွဲတင်လိုက်မိ သေးတာဖြစ်သည်။ ရင်ခုန်သံတွေကမြန်လာရသလို ဆိုင်မဆိုင် တော့မသိ၊ အယ်လ်ဆိုင်းဇီရဲ့ "ပြန်လာခဲ့" သီချင်းထဲက "မင်းအယ် အတွေ့ကြောင့် မလွတ်မြောက်နိုင်ဘူးပေါ့. . ." ဆိုသည့် စာသား တစ်ပိုင်းတစ်စကိုပဲ ပြေးကာ ကြားယောင်လိုက်မိပါသေး၏။

နောက်က သူမကတော့ ဘာမှထူးထူးခြားခြား ခံစားရဟန် မပြချေ။ သူကြားဖူးတာတစ်ခုရှိသည်။ မိန်းကလေးအများစုက သူတို့ရင်ခုန်သော ယောကျ်ားသားတစ်ယောက်ရှေ့တွင် ပိုမိုကာ အရှက်သည်း၊ အနေခက်လေ့ရှိကြသည်တဲ့။ ဒါပေမယ့်သူမကတော့ သူ့ခါးကိုဖက်လာတာတောင် ရှက်ရကောင်းမှန်း သိပုံမရချေ။





ကိုယ်ဟာ သူမအမြင်မှာ ရင်ခုန်စိတ်လှုပ်ရှားစရာ ယောကျ်ားတစ် ယောက် မဟုတ်လေရော့သလားကွယ်။

"လခြမ်း. . . မုန်းသူ့ကို ကျုံးဘေးမှာ ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါလား၊ မုန်းသူ အမှတ်တရသိမ်းထားချင်လို့"

"အိုခေလေ. . ."

ဒီလိုနှင့် ကျုံးဘေးရောက်စဉ်မှာတော့ ဆိုင်ကယ်ကို လမ်းဘေးတစ်နေရာမှာထိုးရပ်ကာ သူမကို နန်းမြို့ရိုးနောက်ခံထားတာ ဓာတ်ပုံရိုက်ပေးရလေသည်။ ဒီနေ့မှာတော့ သူမဖုန်းက ဘက္ထရီအပြည့်မို့ သူ့ဖုန်းနှင့် ရိုက်ပေးစရာမလိုချေ။

သူမက ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါလားဆိုသော်လည်း ဆယ်ပုံလောက်ရိုက်ပြီးတော့မှ နန်းတော်ထဲဝင်ခဲ့ကြတာဖြစ်ပါသည်။

နန်းတော်ထဲမှာက နေရာအနှံ့လိုက်ပြ၊ သူမ သိချင်တာမှန်သမျှကို သူကရှင်းပြ၊ ဓာတ်ပုံရိုက်နှင့် အချိန်အတော်ကြာသွား၏။ နန်းတော်ထဲက အထွက်တွင်တော့ သူမက ဗိုင်းမွန်းပလာဇာသွားချင်သည်ဆိုတာနှင့် အဲဒီကို ချီတက်ခဲ့ကြပြန်သည်။

ပလာဇာထဲမှာ လျှောက်ပတ်ကြည့်ပြီးစဉ်မှာတော့ သူမရောသူရော ခြေအတော်ညောင်းလာခဲ့ပြီဖြစ်ပါသည်။

ဒီတော့မှ သူမက ဖုန်းကနာရီကိုတစ်ချက်ကြည့်လိုက်ပြီး နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"အား. . . နေ့လည်ထမင်းစားချိန်တောင် ရောက်နေ ပြီပဲ၊ မုန်းသူတို့ တစ်ဆိုင်ဆိုင်မှာ ထမင်းသွားစား အောင်လေ"

ဆိုတော့ သူကခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီးနောက်. . .

"အင်း. . . ကျွန်တော်ကျွေးပါ့မယ်၊ မုန်းသူ ဘယ်မှာ စားချင်လဲ"

"အာ. . . မဟုတ်တာ၊ မုန်းသူကျွေးပါ့မယ်၊ ဟိုဟာ. . . ဒေါ်လေးကပြောတယ်၊ ဒီမှာ ဒေါင်းလန်းကြီးဆိုတဲ့ စား သောက်ဆိုင်တစ်ခုရှိတယ်ဆို၊ မြန်မာ့ရိုးရာ အရိုပ်အငွေ့ တွေ ဖုံးလွှမ်းနေတဲ့ဆိုင်တဲ့၊ အဲဒီကိုသွားချင်တယ် နိုင်ငံခြားက အသိလာရင်လည်း အဲဒီမှာ လိုက်ကျွေးလို့ တာပေါ့"

"အိုခေလေ၊ သွားကြတာပေါ့"

ဒီလိုနှင့် နှစ်ယောက်သားက ဆိုင်ကယ်တစ်စီးဖြင့် ဒိုင်းမွန် ပလာဇာကနေ ဒေါင်းလန်းကြီးဆီသို့ ဦးတည်ခဲ့လိုက်ကြလေ သည်။ သူ့ရင်ထဲမှာတော့ သူမနှင့် ဒီလိုသွားလာနေရတာ အချိန်တွေ ကုန်သွားမှာစိုးသဖြင့် ဆွဲဆန့်ကာ ထားချင်နေမိတာ အမှန်ပဲ ဖြစ်ပါတော့သည်။



ဒေါင်းလန်းကြီးစားသောက်ဆိုင်ကို ရောက်စဉ်မှာတော့ ဒေါ်လေးဖြစ်သူပြောတာ အမှန်ပင်ဖြစ်ကြောင်းကို သိလိုက်ရလေ သည်။

ဆိုင်ဆိုပေမယ့် ဒေါင်းလန်းကြီးဆိုင်၏ ဖွဲ့စည်းပုံက အိမ် တစ်အိမ်နှင့်သာတူနေ၏။ ဆိုင်ခြံဝန်းထဲကို ဝင်လိုက်သည်နှင့် မြန်မာ့ရိုးရာ ပတ္တလားသံက သာယာနာပျော်ဖွယ် ဆီးကြိုနေ လေသည်။ ဆိုင်ဝန်ထမ်းအမျိုးသားလေးတွေက စတစ်ကော် လာအကျီနှင့်ပုဆိုးကိုတွဲဝတ်ထားကြကာ၊ ဝန်ထမ်းအမျိုးသမီး လေးတွေက ရင်ဖုံးအကျီနှင့် ချိတ်ထဘီကို မျက်စိအေးဖွယ်ရာ ဝတ်ဆင်ထားကြတာဖြစ်ပါသည်။ ပြီးတော့ ပိုပြီးသဘောကျဖို့ ကောင်းသည့်အချက်တစ်ခုက ဝန်းထမ်းတွေရဲ့ခါးမှာ စကားပြော စက်(အိုင်ကွန်)လေးတွေကို ချိတ်ဆွဲထားကြတာပဲဖြစ်ပါသည်။

ဒီလိုဆိုတော့ တခြားဆိုင်တွေလို တစ်ဦးနှင့်တစ်ဦး၊ တစ်ဝိုင်းနှင့် တစ်ဝိုင်း၊ ရှေ့နှင့်နောက် အော်ဟစ်ပြောနေစရာမလို၊ အိုင်တွန်ကလေးနှင့် အေးအေးသက်သာပင်ပြောလိုက်ရုံသာ။

ဆိုင်၏ ဖွဲ့စည်းပုံကလည်း နှစ်မျိုးခွဲထားသေးတာဖြစ်ပါသည်။ ဆိုင်အတွင်းမှာက တခြားဆိုင်တွေလိုပဲ ရိုးရိုးစားပွဲနှင့်ခုံတို့ကိုချထားပေးကာ ဆိုင်ထဲဝင်မစားချင်သူတို့အတွက်လည်း ဆိုင်ရှေ့ခြံဝန်းထဲမှာ(ဝင်ပေါက်ကနေ ဆိုင်တံခါးဝဆီသို့ လျှောက်သွားရာလမ်းတလျှောက်ရဲ့ ဘေးနှစ်ဖက်တွင်) ကွပ်ပျစ်ပုံစံအမိုးပါ ပျဉ်းခင်းအဆောက်အဦးလေးတွေ ဆောက်ပေးထားကာ အဲဒီပျဉ်ခင်းကြမ်းပေါ်မှာမှ မြန်မာတို့၏ရိုးရာဓလေ့အတိုင်း တင်ပျဉ်ခွေထိုင်ကာစားရသော စားပွဲဝိုင်းပုလေးတွေကို ခင်းကျင်းထားပေးလေသည်။

သူမက အဲဒီစားပွဲဝိုင်းလေးတွေကို မြင်ကတည်းက အဲထဲကိုမသွားချင်တော့ဘဲ အပြင်က ထိုစားပွဲဝိုင်းလေးတွေမှာပဲ ထိုင်ဖို့ ဆုံးဖြတ်လိုက်လေသည်။ အထဲမှာက စားပွဲပိုများတော့ လူများကာ ဆူညံနေနိုင်သည်ဖြစ်ကာ အပြင်မှာကတော့ စားပွဲဝိုင်းကလည်း နည်းနည်းလေးနှင့် တစ်ဝိုင်းနှင့်တစ်ဝိုင်းကလည်း အတော်လှမ်းလေရာ အေးအေးဆေးဆေးစကားပြောလို့ရသည် မဟုတ်ပါလား။ စားပွဲထိုးအမျိုးသမီးလေး၏ "မင်္ဂလာပါရှင့်"





ဆိုသည့်အသံလေးကလည်း ဘယ်လိုနားထောင်လို့ ကောင်းမှန်းမသိချေ။

ထမင်းစားဖို့မှာတဲ့အခါမှာတော့ စားတော်ပွဲတစ်ပွဲမှာလျှင် သူမတို့နှစ်ယောက်တည်းနှင့် မကုန်နိုင်သဖြင့် သူမတို့က ရိုးရိုးပွဲသာ မှာရလေသည်။ ဟင်းတွေကလည်း တခြားထမင်းဆိုင်တွေမှာတွေ့နေကျ ဟင်းအမည်တွေလိုမဟုတ်ဘဲ ငါးရံ့ခြောက်ဖုတ်တို့ အတ်သားခြောက်ကြော်တို့စသဖြင့် အညာနံ့သင်းသော ဟင်းအမည်လေးတွေသာ ဖြစ်လေသည်။

"မုန်းသူ့အထင်တော့ ဒီဆိုင်ရဲ့သူဌေးက တောသူဌေးတစ်ယောက်ဖြစ်မယ်ထင်တယ်နော်"

စားပွဲထိုးအမျိုးသမီးလေး ထွက်သွားတော့မှ သူမက ဆိုင်ထဲကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ရင်းဆိုလိုက်သည့် စကားကြောင့် သူ့မျက်ခုံးတွေက ပင့်တက်သွားကြကာ. . .

"ဗျာ. . . ဘာလို့လဲ"

"ဩော. . . အားလုံးက မြန်မာ့ဓလေ့ အညာနံ့လေးတွေ ဖုံးလွှမ်းနေလို့လေ"

"အဟင်း. . . ဟုတ်ချင်လည်းဟုတ်မှာပေါ့၊ ဒါတော့ ကျွန်တော်လည်း မသိဘူး၊ ဒါပေမယ့် ဆိုင်ပိုင်ရှင်ရဲ့ အိုင်ဒီယာကိုတော့ မချီးကျူးပဲ မနေနိုင်ဘူးနော်၊ မိုက်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက ဒါပေါ့ ဆိုသည့်အထာဖြင့် လက်မ တစ်ချက်ထောင်ပြလိုက်မိသည်။

နောက်တော့ ထမင်းဟင်းတွေရောက်လာတာမို့ နှစ်ယောက်သား စားသောက်ခြင်းကို စတင်ကြလေသည်။ အညာနံ့သင်းသော ထမင်းဟင်းတွေကို မြန်မာ့ရိုးရာဆိုင်းဝိုင်းနောက်ခံသံဖြင့် စားပွဲဝိုင်းပုလေးမှာ တင်ဖျဉ်ခွေထိုင်ကာ စားရသည်မှာ တကယ့်ကိုပဲ ရာဇဝင်ထဲရောက်သွားရသလိုလိုပါပင်။

"ရှင်နဲ့ကျွန်မ အခုလို လျှောက်သွားနေတာကို ရှင့်ကောင်မလေးသာတွေ့ရင် ဘယ်လိုနေမလဲနော်၊ တော်တော် ..ာကစ်သွားမှာပဲ၊ တော်ကြာ မုန်းသူ မန်းလေး(မန္တလေး) ကနေ ခေါင်းမပါဘဲ ပြန်နေရပါဦးမယ်"

သူမက အဲဒီစကားတွေကို တမင်ကိုပဲ ပြောပစ်လိုက်တာဖြစ်ပြီး ပြောအပြီးမှာလည်း သူ့မျက်နှာအရုပ်အကဲနှင့် မျက်လုံးတွေကို မပြတ်တမ်း အသေအချာကို အကဲခတ်နေလိုက်မိသည်။ ဒါပေမယ့် သူ့ပုံစံက ထူးထူးခြားခြားဘာမှဖြစ်မသွားဘဲ ပေါ့ပေါ့ပါးပါး ပုံစံအတိုင်းပင်ရှိနေ၏။

"မပြန်ရပါဘူးဗျာ၊ ဒါက အလုပ်လုပ်နေတာပဲဟာ၊ ပြီးတော့ အဲလိုနှာကစ်စရာကောင်မလေးလည်း ကျွန်တော့်မှာ မရှိပါဘူး"





သူ့စကားကြောင့် သူ..က မျက်ခုံးတွေကို တမင်တကာကို ..ပင့်တင်ပစ်လိုက်ရင်းက တစ်ချက်ရယ်သွမ်းသွေးလိုက်ကာ. . .

"ဟုတ်လို့လားရှင်၊ ယုံရခက်ကြီးပါပဲ"

"ခြော်. . . တကယ်ပါ၊ ကျွန်တော့်မှာ ဘာကောင်မလေးမှ မရှိပါဘူး"

သူမက ပြုံးလိုက်သည်။ ကျွန်တော်က မြက်စားတဲ့ကျားပါ ..ို့များ ပြောဦးမလို့လား ကဂေခကာင်ရယ်။

"ထားပါတော့လေ၊ ဒါပေမယ့် ထပ်မေးမယ်နော်၊ မရှိတော့တာလား၊ မရှိကိုမရှိခဲ့သေးတာလား"

"အဟက်. . . ဘာလို့မေးတာလဲ"

"သိချင်လို့ပေါ့၊ ဒီအဆင်က(သူမက သူ့ကို လက်ထဲကစားနေသည့် ထမင်းစားဇွန်းဖြင့်ထိုးပြလိုက်ရင်းမှ) ချစ်သူရည်းစားမရှိပါဘူးဆိုတာကို ထူးဆန်းနေလို့"

"အမှန်အတိုင်းပြောရမလား"

သူမက ငါးရံ့ခြောက်ဖုတ်တစ်ဖတ်ကို ကောက်ဝါးလိုက်ရင်း ..  . .

"ဘယ်သူက လိမ်တာကိုကြိုက်မှာလဲ"

"အဟင်း. . . ဒါဆိုပြောပြမယ်၊ ဒါပေမယ့် မုန်းသူမေးလို့ဖြေတာနော်၊ ဂုဏ်ရည်သွေးပြောတာလည်း မဟုတ်သလိုကြွားပြောတာလည်းမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူမကလက်ထဲမှာ ကိုင်ထားသည့် ထမင်းစားနေသည့်ဇွန်းကိုပင် ပန်းကန်ထဲသို့ချကာ သူ့မျက်နှာကို ပြုံးတေ့တေ့ဖြင့် စေ့စေ့ကြည့်ပေးနေလိုက်လေသည်။ ပြောကြည့်လိုက်စမ်းပါဦး။ ရှင့်ရဲ့တစ်ချိန်က အောင်မြင်မှုလေးတွေကို နားထောင်ကြည့်ရအောင်။ ဒါပေမယ့် ရှင့်အတွက်က အောင်မြင်ပျော်ရွှင်မှုလို့ သတ်မှတ်ထားတဲ့အရာတွေဟာ အဲဒီမိန်းကလေးတွေအတွက်တော့ မျက်ရည်မြစ်တွေဆိုတာ ရှင်မကြာခင်သိရမှာပါ ဆောင်းလခြမ်းရယ်။

"ကျွန်တော် အပျော်ရည်းစားတွေအများကြီးထားခဲ့ဖူးပါတယ်၊ လက်ဆယ်ချောင်းအတိပဲ"

"လက်ဆယ်ချောင်း! နည်းနည်းပါပဲ"

သူက ရှက်ဟန်ဖြင့် တစ်ချက်ခေါင်းကုတ်ကာ ခေါင်းငုံ့သွား၏။ အဟင်း. . . ရှင့်လိုလူက အရှက်တော့ရှိသေးတာပဲ။ အံ့ဩလေစွ။

"အဲဒီလက်ဆယ်ချောင်းလုံးက အပျော်ရည်းစားတွေပဲလား ရှင် တစ်ယောက်တလေကိုမှတောင် မချစ်ခဲ့ဖူးဘူးလား ဟုတ်လား"

ဆိုတော့ သူက တစ်ချက်တော့တွေဝေသွားသလိုထင်ပါပင်။ ဒါပေမယ့် အဲဒီပုံစံက ခဏသာဖြစ်ပြီး သူက သူမကို လက်တစ်ဖက်ဖြန့်ကာ ထောင်ပြလာရင်း. . .

"တရားသူကြီးမင်းခင်ဗျာ၊ ဒီမေးခွန်းက နိမိတ်ပြမေးခွန်းဖြစ်တဲ့အတွက် ကန့်ကွက်ပါတယ်"

ဟု ရွှတ်နောက်နောက်ပုံစံဖြင့် ဆိုလာ၏။ ဟင်း. . . ရှင်မဖြေလည်း ရှင့်မှာ အဲဒီလောက်ဂုဏ်သိက္ခာမရှိဘူးဆိုတာ ကျွန်မသိပြီးသားပါလေ။

"ထားပါလေ၊ ရှင်မဖြေချင်တာကို ကျွန်မဇွတ်မမေးတော့ပါဘူး၊ ဒါပေမယ့် တခြားမေးခွန်းတော့မေးချင်သေးတယ်"

"ဟောဗျာ၊ ဘာလို့များ မေးခွန်းတွေက ဒီလောက်များနေရတာလဲ"

"ဒီမေးခွန်းကတော့ ရှင်တွဲခဲ့တဲ့ အမျိုးသမီးထုကိုယ်စား မေးတယ်လို့ပဲ သဘောထားပြီးဖြေပေးပေါ့၊ ဟုတ်ဘူးလား"

သူမစကားအဆုံး သူက သဘောတကျဖြင့် ပြုံးသည်။ ပြီးမှ ခေါင်းတစ်ချက်ကိုညိတ်၊ သူမကိုလည်း မျက်စတစ်ချက်ပစ်ပြလိုက်ရင်းက. . .

"အိုခေဗျာ၊ မေးကြည့်လေ"

"အချစ်ဆိုတာကို ရှင်ဘယ်လိုခံယူထားလဲသိချင်တာပါ၊ ရှင့်ရဲ့ ကိုယ်ပိုင်အချစ်အဓိပ္ပာယ် ဖွင့်ဆိုချက်ပေါ့၊ ပြောကြည့်ပါလား"





www.burmeseclassic.com

www.burmeseclassic.com



သူမစကားအဆုံး သူ့မျက်နှာက နည်းနည်းတော့ တည် သွားသည်။ ပြီးနောက် မျက်လွှာချကာ(စားပွဲပေါ်ကိုဘာရယ် မဟုတ် ကြည့်လိုက်တာလည်းဖြစ်နိုင်) စဉ်းစားဟန်ပြုသည်။ နောက်တော့မှ ခန္ဓာကိုယ်ကို ရှေ့ဘက်သို့ကိုင်းကာ လက်နှစ်ဖက် ကို စားပွဲပေါ် ယှက်တင်ထောက်ထားလိုက်ရင်းက. . .

"ကျွန်တော့်အတွက်ပြောရရင်တော့ လူတစ်ယောက်ကိုချ ရတာဟာ ပန်းချီကားတစ်ချပ်ကိုကိုယ်တိုင်ဆွဲရသလို အဲဒီပန်းချီကားလှမလှဟာ ရေးဆွဲတဲ့ကိုယ်ကိုယ်တိုင်ရဲ့ အပေါ်မှာပဲ မူတည်တယ်၊ အချစ်တစ်ခုလှမလှတာ လည်း ကိုယ်ကိုယ်တိုင်ရဲ့ အပြုအမူပေါ်မှာပဲ မူတည် တယ်လို့ပဲ ထင်တယ်ဗျာ"

"ဒါဆို ရှင့်အတွက်အချစ်ဆိုတာက ကိုင်တွယ်တတ်ရ ရပါတယ်ဆိုတဲ့ သဘောပေါ့၊ ဟုတ်လား"

"may be ၊ ဒါပေမယ့် ချွင်းချက်အနေနဲ့ အကိုင်အတွယ် တတ်ရင်တော့ အချစ်ရဲ့ဒုက္ခပေးခြင်းကို ကောင်းကောင်း ပြန်ခံစားရတတ်တယ်"

သူ့စကားအဆုံး သူမက ဟက်ခနဲတစ်ချက်ရယ်ကာ အကြည့်ကို သူ့မျက်နှာဆီကနေ အဝေးတစ်နေရာကို လွှဲလိုက် သည်။ ရှင့်ရဲ့ဒဿနမှန်ကန်ခဲ့မယ်ဆိုရင်တော့ ရှင့်အတွက်



အချစ်ရဲ့ဒုက္ခကို ယူလာပေးသူဟာ ကျွန်မပဲ ဖြစ်လိမ့်မယ်ဆိုတာ ရှင်မသိသေးတာ သနားစရာပဲ ဆရာသမားရဲ့။

"ကျွန်တော်လည်း ပြန်မေးလို့ရမလား"

"ဘာကိုလဲ၊ ပြောကြည့်လေ"

"ဪ. . . မုန်းသူရော အချစ်ဆိုတာကို ဘယ်လိုခံယူထား သလဲဆိုတာကိုပေါ့၊ စိတ်ရှိရင် ပြောပြပါလား"

သူ့စကားကြောင့် သူမက. . .

"ကျွန်မအတွက်လား. . ."

ဆိုပြီး စကားကိုခဏဖြတ်ထားလိုက်သည်။ နောက်တော့ မှ သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပေးထားလိုက်ရင်းမှ. . .

"ကျွန်မအတွက်တော့ အချစ်က ဆူးတစ်ချောင်းပဲ၊ ကိုယ့် နှလုံးသားကို လာစိုက်တဲ့အဲဒီဆူးဟာ အချစ်တွေ့သာ ပြည့်နှက်နေရင် သူ့ကြောင့် ဘယ်လောက်ပဲနာကျင်နေ ရပါစေ၊ ကျွန်မဆွဲနုတ်မိမှာမဟုတ်ဘူး၊ အဲဒီလိုသာ မဟုတ် ဘဲ အဲဒီဆူးမှာကပ်ညိပါလာတာတွေဟာ အချစ်တုတွေ၊ သုတ်လိမ်းထားတဲ့ ဟန်ဆောင်လှည့်စားမှုတွေဆို ရင်တော့ ကျွန်မအဲဒီဆူးကို ချက်ချင်းဆွဲနုတ်ပစ်လိုက် မယ်၊ ပြီးရင် အဲဒီဆူးကိုလည်း ပြာကျတဲ့အထိ မီးရှို့ဖျက် ဆီးပစ်လိုက်မယ်၊ အဟင်း. . . ကျွန်မက နည်းနည်း

www.burmeseclassic.com

# ရာဇဝင်ကို

တော့ စိတ်ကြီးတယ်ရှင့်၊ ချစ်ရင်လည်း သေလောက်အောင် ချစ်ပြတတ်သလို မုန်းပြီဆိုရင်လည်း ဘယ်သူနဲ့မှမတူ အောင်မုန်းတတ်တယ်၊ ပြီးတော့ အဲဒီမုန်းတဲ့လူကိုလည်း နည်းနည်းတော့ လက်တုံ့ပြန်လိုက်ရမှ စားဝင်အိပ်ပျော်တတ်တဲ့ လူစားမျိုးပဲဆိုပါတော့. . ."

သူမစကားအဆုံး သူနှင့်သူမက တစ်ယောက်ကိုတစ်ယောက် ဘာရယ်မဟုတ် ကြည့်နေလိုက်မိကြသည်။ စပါးကြီးမြွေနှစ်ကောင်ရဲ့ အညှို့ပြိုင်ပွဲလိုမျိုးနှင့်တောင် အလားသဏ္ဍာန်တူနေမလား မပြောတတ်ချေ။ ရှုံးတဲ့သူကတော့ ဝါးမျိုခံရမှာ အသေအချာပဲဖြစ်ပါသည်။



ရင်ထဲက စကား(၆)

"ကျွန်မကတော့...
နှလုံးသားက ပိုင်ရှင်ကို သိပါတယ်
ရုပ်ရည်တွေ ဒီဇိုင်းတွေပြောင်းလဲသွားလို့
မျက်လုံးက မမှတ်မိရင်တောင်...
နှလုံးသားကတော့ သူ့ပိုင်ရှင်ကို...
ဘယ်လိုအခြေအနေမျိုးမှာပဲရှိရှိ
မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ဒီနေ့တော့ ကုသိုလ်တော်ဘုရားကိုသွားရန်အတွက် သူမက သူ့ကို သူမတို့အဒေါ်အိမ်ကိုလာခဲ့ ပါဟုဆိုသဖြင့် သူက ထွက်လာခဲ့တာဖြစ်သည်။ သူရောက်သွားတော့ အဲဒီမှာ သူမကို အိမ်ရှေ့မြေကွက်လက်ရှိ သစ်ပင်အောက်က ခုံးစင်ပေါ်မှာ ထိုင်နေတာကို တွေ့ရလေသည်။

သူမကို ဒီအတိုင်းတွေ့ရတာတော့ မဟုတ်။ ဂစ်တာတစ်လက်နှင့် တွေ့ရတာဖြစ်သည်။

"မုန်းသူက ဂစ်တာတီးတတ်တယ်လား"

"အကျွမ်းကြီးတော့ မဟုတ်ပါဘူး၊ ဒီလိုပဲ ဟိုခေါက်ဒီခေါက်ပေါ့၊ လခြမ်းရော ဂစ်တာတီးတတ်လား"

"တီးတတ်ပါတယ်၊ ပြောရရင် ကျွန်တော်က တေးရေးဆရာ အရမ်းဖြစ်ချင်ခဲ့တာ၊ ရေးထားတဲ့သီချင်းတွေဆွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိတယ်လေ၊ ဒါပေမယ့် ချပြခွင့်တော့ မရ သေးပါဘူး”

“ဟုတ်လား၊ ဒါဆို မုန်းသူကို သီချင်းတစ်ပုဒ်လောက်ဆို ပြပါလား”

“ဗျာ. . . ကုသိုလ်တော်ကို သွားမလို့ဆို”

“အာ. . . ပြီးမှ သွားလို့ရပါတယ်၊ ပြီးတော့ အခုကသွားလို့ မရသေးဘူး၊ မုန်းသူက အိမ်ခဏစောင့်ပေးရဦးမယ် ဒေါ်လေးနဲ့ ဇီဇဝါက ဈေးချိုခဏသွားလို့ သူတို့ပြန်လာမှ သွားမယ်လေ၊ လုပ်ပါ၊ တစ်ပုဒ်လောက် ပဲတီးပြပါ နော်”

ပြောလည်း ပြော၊ သူမက လက်ထဲက ဂစ်တာကိုလည်း သူရှိရာဘက်ကို ထိုးပေးလာတော့ သူက လှမ်းယူလိုက်ကာ သူ ထိုင်နေသည့် ဒန်းစင်နှင့် မျက်နှာချင်းဆိုင်မှာရှိသည့် ခုံမှာ ဝင် ထိုင်လိုက်ရင်း. . .

“အိုခေ. . . ဘယ်သီချင်းဆိုပြရမလဲ. . . ပြောကြည့်”

“ရတယ်၊ အသံထွက်ရင်ပြီးရော၊ ကြိုက်တဲ့သီချင်းတီး”

အသံထွက်ရင်ပြီးရော ဆိုသည့်စကားကြောင့် သူ သဘောတကျပင် တစ်ချက်ရယ်လိုက်မိသည်။ ပြီးတော့မှ ဂစ်တာ ကြိုးကို ကြိုးအနည်းငယ်ညှိလိုက်ပြီးနောက်. . .





“ဒါဆို ကျွန်တော်အရမ်းကြိုက်တဲ့ သီချင်းတစ်ပုဒ်ကို ဆိုပြမယ်နော်”

ဆိုတော့ သူမက ခေါင်းတစ်ချက်ညိတ်ပြသည်။ နောက် တော့ သူက ဂစ်တာကို ကျွမ်းကျင်စွာတီးရင်းက အချိန်တွေအတော် ကြာပြီဖြစ်သော်လည်း သူကြိုက်သဖြင့် ခဏခဏဆိုညည်းမိ သည့် သီချင်းတစ်ပုဒ်ကို ဆိုပြလိုက်လေသည်။

*“ကြယ်ပန်းလေးတွေ ပျိုးခဲ့×××မင်းလေးပန်ဖို့အတွက် ××× ရှိသမျှအချိန်တွေလည်း×××ငင်းအရိပ်များထဲ လွင့် ပျောက်သွားဆဲ××× မင်းတစ်ယောက်သာငါ့ရဲ့××× မြင့်မြတ်တဲ့ အိပ်မက်×××”*

သူမက ဒန်းစင်နောက်မှီကိုမှီကာ သူသီချင်းဆိုတာကို အသာကြည့်နေလေသည်။

*“အချစ်ရဲ့ခေါ်ဆောင်ရာ×××တရှိုက်မက်မက်နဲ့×××မျော လွင့်ရင်းငါ×××ကမ္ဘာမြေပေါ် နေပျော်ခဲ့×××အရာရာငါ ကျေနပ်တယ်×××ဘဝတစ်ခုကို ပုံဖော်ဖို့အတွက်××× မင်းရှိမှ ပြည့်စုံနိုင်မယ်×××အသိစိတ်တွေနဲ့××× အိပ် မက်တွေထဲ ငါအိပ်မက် ××× ရွှေမှုန်တွေကြဲ××× ဖန်သားနန်းတော်လေးထဲ ××× ဝင်လာတဲ့ မင်းခြေလှမ်း*



www.burmeseclassic.com

www.burmeseclassic.com



*တွေ့ ပန်းပွင့်တယ်×× အချစ်ကြောင့်ပါပဲ×××× ထွက်သက်ဝင်သက်တွေတိုင်းလည်း×××အတူမဆုံပေမယ့်××× အတူရှိကြသလိုပဲ×××အို အိပ်မက်လေးလို ပျောက်ကွယ်မှာကိုစိုးတယ်×× အချစ်ကြောင့်ပါပဲ×××"*

သူမက သူ့ကိုကြည့်ကာ သိချင်းကိုနားထောင်နေတာဖြစ်သလို သူကလည်း သူမမျက်နှာကိုကြည့်ကာ သိချင်းဆိုနေတာဖြစ်သဖြင့် နှစ်ယောက်သားက အကြည့်ချင်းဆုံသလိုဖြစ်နေကြလေရာ ထိုအခြေအနေက သူ့ကို ရင်ခုန်သံတွေ မြန်လာစေတော့သည်။ တစ်ဆက်တည်းလိုလိုပဲ ဒီလိုအခွင့်အရေးမျိုး သူ့ဘဝမှာ နောက်ထပ်မရတော့မှာကို သူ့စိတ်က အရမ်းကိုပဲ ကြောက်လာ၏။ သူမကို ဆုံးရှုံးလိုက်ရရင်ဆိုသည့် အတွေးက သူ့ကို အတော့်ကိုပဲ ထိတ်လန့် တုန်လှုပ်သွားစေခဲ့ပြန်သောအခါမှာတော့ သူက သူမကို ဖွင့်ပြောလိုက်တော့ဖို့ ဆုံးဖြတ်လိုက်လေသည်။

အချစ်တစ်ခုကို ဒီအတိုင်း တိတ်တိတ်လေးသတ်ပစ်လိုက်ရမှာထက်စာရင် သူမ,သိအောင်တော့ ဖွင့်ပြောပြလိုက်ချင်စိတ်တို့က သူ့ကိုတွန်းအားပေးလာသည့်အခါမှာတော့ သူက သီချင်းဆိုနေတာကို ရုတ်တရက် ရပ်တန့်ပစ်လိုက်ကာ သူမမျက်နှာကိုငေးကြည့်လိုက်ရင်းက. . .

"ကျွန်တော်. . ."





ရင်ခုန်လှိုက်မောမှုတို့ကြောင့် စကားလုံးတို့က တဆက်တည်းထွက်မလာပြန်။ နောက်တော့မှ သူက သက်မ မောတစ်ချက်ချ ရှုတ်ထုတ်လိုက်ကာ. . .

"မုန်းသူ့ကို ချစ်တယ်. . ."

သူ့စကားအဆုံးမှာတော့ သူမမျက်နှာက ရုတ်တရက်ဆိုသလို တည်သွားလေသည်။ မှားပြီလား။ သူမကို သူဖွင့်ပြောလိုက်မိတာ မှားသွားခဲ့ပြီလား။ မဟုတ်ဘူး။ မဟုတ်ပါဘူး။ အချစ်တစ်ခုကို ချပြတာဟာ မှားယွင်းသောလုပ်ရပ်တစ်ခုတော့ မဖြစ်နိုင်ကောင်းဘူး မဟုတ်ပါလား။

"မုန်းသူ ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်"

သူ့စကားအဆုံးမှာ သူမမျက်နှာက တည်နေရာကနေ ခဏတရက်ဆိုသလိုပဲ နှုတ်ခမ်းထောင့်စွန်းတွေ ကော့တက်သွားသည်အထိ ပြုံးလာလေတော့၏။ ဒါပေမယ့် ထိုအပြုံးကို သူလိုက်ပါ။

"မဆိုးပါဘူး၊ မဆိုးတဲ့အပြင် ကျွန်မမှာ လခြမ်းကိုပေးဖို့ အဖြေတစ်ခု အဆင်သင့်ရှိနေတယ်ဆိုရင် ရှင်ဖဲ့ကြမလား မသိဘူး"

သူမစကားကြောင့် သူမှာ ကြောင်သွားရလေတော့ သူမက နောက်တစ်ခါထပ်ပြုံးလိုက်ပြန်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ကျွန်မမှာ လခြမ်းကိုပေးစရာ အဖြေတစ်ခုရှိတယ်"

ပြောလည်းပြော သူမက ထိုင်နေရာကနေလည်း ထရပ်လိုက်ကာ သူနှင့်နီးကပ်လာသည်အထိ တိုးကပ်လာပြီးနောက်. . .

"ခဏလောက် မတ်တပ်ရပ်ပြီးတော့ မျက်လုံးတွေကို မှိတ်ထားပေးလို့ရမလား"

စိတ်ထဲမှာ သူမကို နားမလည်သော်လည်း သူက သူမခိုင်းသည့်အတိုင်းပင် လုပ်ပေးလိုက်ပါသည်။ သူက ဂစ်တာကို ထိုင်ခုံမှာ မှီထောင်ထားလိုက်ပြီးနောက် သူမနှင့်မျက်နှာချင်းဆိုင်မှာ မတ်တပ်ရပ်ကာ သူမပြောသည့်အတိုင်း မျက်လုံးတွေကို မှေးမှိတ်ပေးထားလိုက်ပါသည်။

ထိုအခိုက်အတန့်သည် တကယ့်ကိုပဲ အသက်ရှူရပ်မတတ် ခံစားမှုတွေ လှိုက်မောရသော အခိုက်အတန့်ပင်ဖြစ်ပါသည်။

ဒါပေမယ့် သိပ်တော့မကြာလိုက်ပါ။ သူ့မျက်နှာတစ်ဖက်က ပူခနဲဖြစ်သွား၏။ သူက မယုံနိုင်စွာဖြင့် မှိတ်ထားသည့် မျက်လုံးတွေကို ဖွင့်ကြည့်လိုက်ကာ. . .

"မုန်းသူ. . . ကျွန်တော့်ကို"

သူမက နာကြည်းမုန်းတီးနေသောအပြုံးမျိုးဖြင့် ပြုံးလာရင်းက သူ့ကို လက်ကာပြလာ၏။

"ခဏလေး၊ ရှင် ဘာမှမပြောသေးနဲ့ဦး၊ ကျွန်မပြောမယ့် စကားတွေကိုပဲ နားထောင်ပေးစမ်းပါ"

ပြောပြီး သူမက သူ့မျက်လုံးတွေထဲကို စိုက်ကြည့်လာရင်း သူနှင့် မျက်နှာချင်းထိလုမတတ် ရှေ့တိုးလာကာ. . .

"ရှင်. . . ကျွန်မမျက်လုံးတွေကို သေချာကြည့်စမ်းပါ၊ တစ်ယောက်ယောက်ရဲ့မျက်လုံးတွေနဲ့ တူမနေဘူးလား၊ ကျွန်မရဲ့မျက်နှာကို ရှင်မမှတ်မိနိုင်ပေမယ့် နဂိုအတိုင်း ရှိနေတဲ့ မျက်လုံးတွေကိုတော့ ရှင်မှတ်မိမှာပါ၊ ကြည့်. . . သေချာကြည့်"

သူမနှင့်သူ့အကြည့်တို့က အလွန်နီးကပ်စွာရှိနေကြ၏။ သူက သူမမျက်လုံးတွေကို သေချာကြည့်မိသည်။ ဒီအချိန်မှာပဲ သူမမျက်လုံးတွေမှာ အရိပ်တချို့ကို ခပ်ပါးပါးလေးရိပ်ခနဲတွေ့လိုက်ရသည်။ သူထိတ်လန့်စွာနှင့် နောက်ဘက်ကို ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

"မင်း. . . မင်း. . ."

"အဟင်း. . . ဟင်း. . . ရှင်မှတ်မိသွားပြီလား၊ ဟုတ်တယ်၊ ငါပဲ၊ ငါ. . . နှင်းစက်သံသာပဲ၊ နင့်ကြောင့် ဘဝကြီးတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်ခဲ့ရတဲ့ နှင်းစက်သံသာပဲ"

ပြောလည်းပြော သူမက သူ့ကိုလည်း ရင်ဘတ်ကနေ ဆောင့်တွန်းပစ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com





"နှင်းစက် . . . ကိုယ်ရှင်းပြ"

"မပြောနဲ့ နှင့်ဆီက ဘယ်လိုဆင်ခြေမျိုးကိုမှ ငါမကြားချင်ဘူး၊ နှင့်အချစ်ကို မျက်စိမှိတ်ယုံကြည်မိခဲ့တဲ့ နလပိန်းတုံး ငါလေ၊ ကံကောင်းလို့ ဘဝမပျက်ခဲ့တာသိလား၊ အေး . . . အဲဒီလိုဘဝမပျက်ခဲ့ပေမယ့်လို့ ငါ့မျက်နှာတစ်ခုလုံး တော့ ရစရာမရှိလောက်အောင် စုတ်ပြတ်သတ်ခဲ့ရတယ် အဲဒါ နှင့်ကြောင့်၊ အဲဒါနှင့်ကြောင့် သိရဲ့လား ခွေးသူ တောင်းစားရဲ့"

သူမက ဒေါသတကြီးဖြင့် လွန်ခဲ့သော သုံးနှစ်ခန့်က ည တစ်ညအကြောင်းကို ပြောပြလိုက်လေသည်။ အစ်ကိုနှင့်အမေ၏ စကားကိုတောင် နားထဲမထည့်ဘဲ အချစ်တစ်ခုကိုသာကိုးကွယ် မိသည့် မိန်းကလေးတစ်ယောက်။ ညကြီးသန်းခေါင်လမ်းဘေးမှာ ချစ်သူအလာကိုစောင့်ရင်း မသမာသူတွေ၏ လက်ထဲမှာ ဘဝပျက် ကိန်းနှင့်ကြုံခဲ့ရသည်။ ဒါပေမယ့် ကံကောင်းလို့ဘဝတော့ မပျက် ခဲ့။ သို့သော်လည်း ကားအက်ဆီးဒင့်ဖြစ်ခဲ့သည့်အတွက် သူမမျက် နှာတစ်ခုလုံး မှန်ကွဲစများစိုက်ဝင်ကာ မူလရုပ်ကိုပင် မမှတ်မိနိုင် လောက်အောင် ပျက်စီးအကျည်းတန်ခဲ့ရသည်။ နောက်တော့ အားလုံးကိုဇာတ်မြှုပ်ကာ ဖခင်ရှိသည့် အမေရိကားမှာနေထိုင် ရင်း မျက်နှာကို ပလပ်စတစ်ဆာဂျရီလုပ်ခဲ့ရသလို နာမည်အသစ်၊ မျက်နှာအသစ်၊ စိတ်အသစ်နှင့် ဘဝကိုဖြတ်သန်းခဲ့ရသည်။ အရာ အားလုံး အသစ်ဖြစ်ခဲ့ပေမယ့် သူမအသည်းက ဒဏ်ရာကတော့ အသစ်မဖြစ်ခဲ့၊ တစ်နေ့နေ့မှာ ဒင်းကို တစ်ခုခုတော့ ပြန်ခံစား စေချင်ခဲ့သည်။ ထို့အတွက်ကြောင့် သူလုပ်ခဲ့သည့်လုပ်ရပ်အတွက် သူ့စိတ်မှာ အနာတစ်ခုလောက်တော့ ပြန်ပေးဖို့ဆုံးဖြတ်ခဲ့သည်။ တိုက်ဆိုင်စွာနှင့်ပဲ ဖေဖေ့အသိမိတ်ဆွေ အမေရိကန်သူစာရေး ဆရာမတစ်ဦးက မြန်မာနိုင်ငံ၏ မန္တလေးမြို့ကိုနောက်ခံတည် တာ လုံးချင်းတစ်အုပ်ရေးချင်ပါသည်ဟု အကူအညီတောင်း လာခဲ့စဉ်မှာတော့ သူမအတွက် ကလဲ့စားချေဖို့ ကံတရားက ဖန်တီးပေးလာတော့တာပဲဖြစ်ပါသည်။

"မဟုတ်သေးဘူးနှင်းစက်ရယ်၊ ကိုယ်ရှင်းပြပါဦးမယ်၊ အဲဒီညက"

"မပြောနဲ့၊ နှင့်လို သစ္စာမရှိတဲ့ယောကျ်ားတစ်ယောက် လျှာအရိုးမရှိတိုင်းလျှောက်ပြောမယ့် စကားတွေကို ငါမကြားချင်ဘူး၊ နှင့်ကိုငါ သိပ်မုန်းတယ်သိလား၊ နှင့်လို ကဝေကောင်ကို ပညာပြန်ပေးဖို့ ငါဒီကိုပြန်လာခဲ့တာ၊ နှင့်ကို သတ်ပစ်ချင်လောက်အောင်မုန်းတယ်သိလား၊ ဘာတဲ့ . . . နှင်က ငါ့ကိုချစ်တယ်၊ ဟုတ်လား . . . ဟ ဟက် . . . သွားသေလိုက်လေ၊ နှင်ကြိုက်တဲ့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို ထိုမိန်းကလေး ပြုစားတတ်သည်

ကြိုက်တဲ့ပုံစံမျိုးနဲ့ သွားသေလိုက်တော့၊ အေး. . . ငါကလည်း နင့်ကိုမုန်းတဲ့ အမုန်းတွေကို သေတဲ့အထိ ယူသွားမယ် အဲဒါကို နင်မြဲမြဲမှတ်ပြီးတော့ ပြန်လိုက်တော့၊ နောက်လည်း ငါ့ရှေ့မှာ လုံးဝပေါ်မလာပါနဲ့၊ ရှင်းတယ်နော်”

ပြောပြီး သူမက လှည့်ထွက်သွားမယ်ပြင်တော့ သူက သူမလက်တစ်ဖက်ကို ဖမ်းဆွဲထားလေသည်။

“နှင်းစက်. . .”

သူမက သူ့လက်ထဲကနေ ဆောင့်ရုန်းလိုက်ရင်းက. . .

“ဘာလုပ်တာလဲ၊ လွှတ်စမ်းငါ့လက်ကို. . .”

ဒါပေမယ့် သူက လွှတ်မပေး။ သူမလက်ကို မြဲမြဲစွာဆုပ်ကိုင်ထားရင်းက ဆိုလာသည်။

“မလွှတ်ဘူး၊ ကိုယ်ရှင်းပြတာကို နားထောင်ပြီးမှ လွှတ်မယ်၊ ကိုယ်နှင်းစက်ကို ဟကယ်ချစ်ခဲ့တာပါ နှင်းစက်ရယ်၊ ကိုယ့်အချစ်ကို ကိုယ်မညာခဲ့ပါဘူး၊ အဲဒီညတုန်းက”

ဒေါသက ထွက်နေလေရာ သူ့အသံကိုကြားရတာကိုတောင် သူမအတွက် တူးတူးခါးခါးခံစားချက်မျိုးကို ခံစားရစေလေသည်။ ဒီမှာတင်ပဲ သူမက သူ့စကားကို ဆက်နားထောင်မနေတော့ဘဲ သူ့လက်ထဲက သူမလက်ကို လွတ်ထွက်သွားအောင် အားကုန်ဆောင့်ရုန်းလိုက်ပြီးနောက် လွတ်သွားသည်နှင့်တပြိုင်နက်. . .

“ဟာ. . . ဒီလောက်ဖြစ်လှတာ၊ ကဲဟာ. . .”

ဆိုပြီး သူမက သူ့ဘေးက ထိုင်ခုံမှာ မှီထောင်ကာ ချထားသည့်ဂစ်တာဖြင့် သူ့ခေါင်းကို ကောက်ရိုက်ထည့်လိုက်လေတာဖြစ်သည်။

“အ. . .”

ဂစ်တာက အပြားလိုက်ရိုက်မိတာမဟုတ်ဘဲ ဇောင်းလိုက်ရိုက်မိသွားတာမို့ သူ့ခေါင်းဆီက သွေးတွေဟာ မျက်နှာပေါ်သို့ စီးကျလာတော့၏။ သို့သော်လည်း သူမစိတ်ထဲမှာ သူ့ကို လုံးဝကိုပဲ သနားပေးလို့မရချေ။ စိတ်ရှိသလောက်သာ လုပ်ရရင်တော့ သူ့ကို နောက်အချက်ပေါင်းစွာ ဂစ်တာဖြင့် ဆက်ကာဆက်ကာ ရိုက်ပစ်လိုက်ချင်တော့တာဖြစ်ပါသည်။

“နင်လို့မှတိုင်းလိမ့်မယ့် နှင်းစက်သံသာဆိုတဲ့ မိန်းမက အဲဒီညမှာကတည်းက သေသွားပြီ၊ အခုငါ့နာမည် မုန်းသူ၊ နင့်ကိုသိပ်မုန်းတဲ့မိန်းမတစ်ယောက်ပဲ ရှင်သန်နေတယ်ဆိုတာကို နင့်ခေါင်းထဲမှာ အမြဲတမ်းအမှတ်ရနေပါ၊ ဂွတ်ဘိုင်”

ပြောပြီးသူမက လက်ထဲကဂစ်တာကို မြေပြင်ပေါ်သို့ ဒီအတိုင်းပစ်ချခဲ့လိုက်ကာ အိမ်ထဲဆီသို့ ခြေလှမ်းကျဲကြီးတွေဖြင့် ဝင်ရောက်လာခဲ့လိုက်လေသည်။ နောက်တော့ အခန်းတံခါးကို

www.burmeseclassic.com



ပိတ်ကာ မှန်တင်ခုံရှေ့မှာ ဝင်ထိုင်လိုက်မိသည်။ မှန်ထဲမှာ ပေါ်နေသည့် သူ့မျက်နှာတစ်ခုလုံးက ဒေါသကြောင့် နီရဲခက်ထန်နေ၏။

ခံစားလိုက်စမ်း။ ငါခံစားခဲ့ရသလို ခါးသက်တဲ့အရသာတွေကို နင်ခံစားလိုက်စမ်း။ အချစ်ကြောင့်ရတဲ့ ပူဆွေးမှုတွေကို ကာလအတန်ကြာတဲ့အထိ နင်စားသုံးလိုက်စမ်းပါ။ ဒီနေ့ကစပြီး ရောက်လာဦးမယ့် နင့်ရဲ့မနက်ဖြန်တိုင်းကို နောင်တတွေနဲ့ ဖြတ်သန်းလိုက်စမ်းပါ ကဝေကောင်။ နင်က မိန်းမတစ်ယောက်အတွက် ကြာကြာခံစားတတ်တဲ့ ကောင်မဟုတ်တဲ့အတွက် တစ်သက်စာ ပူဆွေးနေဖို့ကိုတော့ ငါမမျှော်လင့်ပါဘူးလေ။ ဒါပေမယ့် အချိန်အတိုင်းအတာတစ်ခုအထိတော့ နင်ခံစားလိုက်စမ်းပါ။ အဲဒါမှ နင်ကစားတာကိုခံခဲ့ရတဲ့ မိန်းကလေးတွေအတွက် နင်ကိုယ်ချင်းစာတတ်လာမှာ ဖြစ်လို့ပဲ။

ငါကတော့ နင့်ကို တစ်သက်စာအတွက် နှုတ်ဆက်လိုက်ပါတယ်။ ဂွတ်ဘိုင်ပါ ကဝေကောင်။



သူ့စကားအဆုံးမှာတော့ မြတ်မိုးထိုက်က ပါးစပ်အဟောင်းသားဖြင့် တအံ့တသြပင်ဖြစ်သွားလေသည်။

"ဒါဆို သူ့မျက်နှာက ပလတ်စတစ်ဆာဂျရီလုပ်ထားတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီညက ကားအက်ဆီးဒင့်ကြောင့် သူ့မျက်နှာက မူလရုပ်ကိုတောင်မမှတ်မိတော့လောက်ပျက်စီးသွားခဲ့ရတာတဲ့"

"သြော. . . အဲဒါကြောင့် ငါတို့ သူ့ကို သူမှန်းမသိတာကိုး"

မြတ်မိုး၏စကားကို သူက ခေါင်းယမ်းပြလိုက်မိသည်။ သူမကို သူမမှတ်မိခဲ့ပေမယ့် တစ်စုံတစ်ခုကတော့ သေချာပေါက်ကိုပဲ မှတ်မိနေခဲ့သည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





"မဟုတ်ဘူး၊ ငါမင်းကိုပြောဖူးတယ်လေ၊ နှင်းစက်တို့ စစ်မှန်တဲ့အချစ်နဲ့ ချစ်ခဲ့ပါရက်နဲ့ မုန်းသူကိုဘာ့ကြောင့်များ ထပ်ချစ်မိသွားလဲဆိုပြီးတော့ ပြောခဲ့တာကိုမှတ်မိလား တကယ်တော့ ငါ့နှလုံးသားက ပိုင်ရှင်ကိုသိပါတယ် ချစ်မိသူက ရုပ်ရည်တွေ ဒီဇိုင်းတွေ ပြောင်းလဲသွားလို့ မျက်လုံးက မမှတ်မိဘူးဆိုရင်တောင်မှ နှလုံးသားကတော့ သူ့ပိုင်ရှင်ကို ဘယ်လိုအခြေအနေမျိုးမှာပဲရှိရှိ မှတ်မိပါတယ်၊ ငါ့နှလုံးသားက မုန်းသူကိုချစ်မိသွားတာဟာ မုန်းသူကိုဆိုတာထက် အဲဒီမုန်းသူဟာ သူ့ပိုင်ရှင် နှင်းစက်မှန်းသိလို့ကို ချစ်မိသွားတာပါ။ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲ"

မြတ်မိုး၏အမေးစကားအဆုံး သူက အကြည့်ကို အဝေး တစ်နေရာသို့ ပို့လိုက်ရင်းက သက်ပြင်းကိုချလိုက်ရင်း . . .

"သူကတော့ ငါ့ကိုသိပ်မုန်းနေပြီလေ"

မြတ်မိုးက သူ့ပခုံးကို အားပေးသလိုပုံစံမျိုးဖြင့် ခပ်ဖွဖွလာ ပုတ်ကာ ပြုံးပြ၏။

"သူ့နေရာက ကြည့်ရင်လည်း မုန်းသင့်ပါတယ်လေ ဒါပေမယ့် ဒါက အမှန်တရားကို သူမသိသေးလို့ လေကွာ၊ တကယ့်အမှန်တရားကို သူသိသွားရင်တော့ မင်းကိုခွင့်လွှတ်ပေးမှာပါ။ ငါလည်း လိုက်ရှင်းပြပေးမှာပေ့ါ ဒီနေ့တော့ သူလည်း သွေးဆူနေတာဆိုတော့ လွှတ်ပေးထားလိုက်ပါကွာ၊ နောက်နေ့မှ မင်းနဲ့ငါ သူ့ဆီကို သွားကြတာပေ့ါ"

တကယ်ပဲ မင်းကိုယ့်ကို ခွင့်လွှတ်ပေးနိုင်ပါ့မလား မုန်းသူရယ်။ ကိုယ့်အချစ်ဟာ စစ်မှန်ခဲ့တယ်ဆိုတာကိုတော့ ကိုယ့်အသက်နဲ့လောင်းကြေးထပ်ပြီးတော့ကိုပဲ ကိုယ်ကျိန်ပြောဝံ့ပါတယ် မုန်းသူရယ်။





www.burmeseclassic.com

www.burmeseclassic.com





သို့သော်လည်း နောက်တစ်နေ့ သူမအဒေါ်အိမ်ကို သူတို့ရောက်သွားချိန်မှာတော့ မျှော်လင့်မထားသော အခြေအနေတစ်ခုက စောင့်ကြိုနေတော့တာဖြစ်ပါသည်။

"ဟယ် . . . မင်းတို့မသိသေးဘူးလား၊ မုန်းသူတို့က ဒီမနက် ဖလိုက်နဲ့ပဲ ရန်ကုန်ကိုပြန်သွားကြပြီလေ၊ ရန်ကုန်မှာ တစ်ညအိပ်ပြီးတာနဲ့ အမေရိကားကို တန်းပြန်မယ်လို့ ပြောတာပဲ"

မုန်းသူ့အဒေါ်၏စကားက သူ့ရင်ကို နွမ်းလျသွားစေ၏။ တကယ့်ကိုပဲ နာကြည်းသွားတာလား မုန်းသူရယ်။ ကိုယ်ရောက်လာဦးမယ်ဆိုတာကိုသိလို့ ချက်ချင်းကိုပဲ ကောက်ပြန်သွားခဲ့တာလား။ အဲဒီလောက်တောင်ပဲ ကိုယ့်ကိုမုန်းသွားခဲ့တာလား မုန်းသူရယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရှာဝင်ကို

တကယ်ဆို ကိုယ်ရှင်းပြတာလေးကိုတော့ မင်းနားထောင်ပေးကြည့်ခဲ့သင့်တာပေါ့။

အိမ်ပြန်လမ်းတလျှောက် ခြေလှမ်းတွေက ယိုင်နဲ့နေ၏။ အချစ်က သူ့ကို ဒုတိယအကြိမ်မြောက် ဒဏ်ခတ်လေပြီလား။

## တစ်နှစ်ခန့်အကြာ







www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

အမေရိကားသို့ ဒေါ်လေးဝေနှင်းတို့မိသားစုလာလည်လေ၏။ သို့သော် လူချည်းလာတာတော့ မဟုတ်ချေ။ ဒေါ်လေးနှင့်အတူ သူမအတွက် စာအိတ်ကြီးတစ်အိတ်ပါလာ၏။

"ဒီမှာ. . . ရော့. . . ဆောင်းလခြမ်းဆီက စာပါလာတယ်၊ နှင်ပြန်သွားပြီးတဲ့အချိန်ကတည်းက ငါ့ဆီကို သူခဏခဏ လာပြီးတော့ နှင့်လိပ်စာကိုမေးတယ်၊ ရန်ကုန်လိပ်စာတို့ရော၊ ဒီကလိပ်စာကိုပါ ခဏခဏလာမေးတာ၊ နှင်က လုံးဝမပြောပါနဲ့ဆိုလို့ ငါကမပြောပါဘူး၊ ဒါပေမယ့် နေ့စဉ်ရက်ဆက်ဆိုသလို ခဏခဏလာနေတော့ ငါလည်း သနားလာတယ်အေ၊ တစ်နှစ်လောက်ရှိတဲ့အထိ နှင့်ဆီက ဘာသံကြားသေးလဲ၊ လိပ်စာလေးပေးပါဦးနဲ့ လာနေတော့ ငါ့အသည်းက မမာနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးအေ၊ အဲဒါနဲ့ ငါအမေရိကားကို သွားလည်မယ်ဆိုတာ သူ့ကိုပြောပြလိုက်တော့ သူက အဲဒီစာအိတ်ကို နင့်ကို ပေးပေးပါဆိုပြီး လာပေးသွားတာပဲ၊ နင့်ကိုလည်း မှာ လိုက်တယ်၊ သူ့ကိုမုန်းနေတယ်ဆိုရင်တောင်မှ အဲဒီ အမုန်းတွေနဲ့ပဲ ဒီစာကိုဆုံးအောင် ဖတ်ကြည့်ပေးပါ တဲ့. . ."

သူမအခန်းထဲက ဒေါ်လေးဖြစ်သူထွက်သွားစဉ်မှာတော့ သူမက စာအိတ်ကို မဖတ်ချင်ပါဘူးဆိုသည့်အတွေးဖြင့် ခုတင် ပေါ် ပစ်တင်လိုက်သည်။ သို့သော်လည်း သူဘာတွေများ ဘယ်လို လိမ်ညာပြောထားမှာပါလိမ့်ဆိုတာကို သရော်တော်တော် အတွေးနှင့် တွေးလိုက်မိသည့်အခါမှာတော့ သူမလက်တွေက စာအိတ်ကြီးကို ဖောက်မိလျက်သားဖြစ်နေပြီဖြစ်သည်။

စာအိတ်ကြီးက အေဖိုးဆိုက် အညိုရောင်စာအိတ်ကြီးဖြစ် ကာ အထဲမှစာတစ်စောင်၊ စီဒီခွေတစ်ချပ်နှင့် ဓာတ်ပုံအချို့ထွက် ကျလာလေသည်။

သူမက စာနှင့် စီဒီခွေကို မကြည့်သေးဘဲ ဓာတ်ပုံတွေကို အရင်ကြည့်မိ၏။ ဓာတ်ပုံတွေက လခြမ်းနှင့် မြတ်မိုးထိုက်တို့ပတ်တီး ဖွေးသားဖြင့် ရှိနေကြပုံတွေဖြစ်သည်။

သူမက နားမလည်သလိုဖြစ်သွားရကာ ပါလာသည့် စာကိုဖြန့်ကာ ဖတ်မိတော့သည်။





"မုန်းသူ. . .

ကိုယ့်ကိုမုန်းနေမယ်ဆိုတာကို သိပေမယ့် ဒီစာလေးကို တော့ ဆုံးအောင်ဖတ်ကြည့်ပေးစေချင်ပါတယ်၊ တကယ်တော့ မုန်းသူထင်နေသလို ကိုယ်က သစ္စာမရှိတဲ့ယောကျ်ား လှည့်ဖျား တတ်တဲ့ယောကျ်ားမဟုတ်ရပါဘူး၊ ကိုယ် ရည်းစားတွေ အများ ကြီးထားခဲ့တယ်ဆိုပေမယ့်လည်း မုန်းသူကိုတော့ ကိုယ့်ရင်ထဲက မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခဲ့တာပါ မုန်းသူရယ်၊ မုန်းသူ့ကိုခိုးဖို့ ချိန်းတဲ့ညတုန်းကလည်း မုန်းသူနဲ့ချိန်းထားတဲ့ မုန်းသူတို့ လမ်းထိပ်ဆီကို ကိုယ်လာခဲ့ပါတယ်၊ ဒါပေမယ့် ကံဆိုးချင်တော့ လမ်းမှာ ကိုယ် ကားအက်ဆီးဒင့်ဖြစ်တယ်မုန်းသူ၊ ကိုယ်လိမ်ညာ လုပ်ကြံပြီး ပြောတာမဟုတ်ပါဘူး၊ အဲဒီညက ကိုယ်နဲ့အတူ ကိုယ့်သူငယ်ချင်း မြတ်မိုးထိုက်ပါ ပါ့ပါတယ်မုန်းသူ၊ ကိုယ်တို့က အသိတစ်ယောက်ဆီကနေ အကူအညီတောင်းပြီး မုန်းသူ ကိုခိုး ဖို့အတွက် ကားငှားလာခဲ့ကြတာပါ၊ မုန်းသူမယုံမှာစိုးလို့ ကိုယ်တို့ ဆေးရုံကဆင်းကာစက ပုံအချို့ကို ဒီစာနဲ့အတူ ထည့်ပေးလိုက်ပါ တယ်၊ ကိုယ်တို့တွေ ဆေးရုံမှာသတိရလာတာနဲ့ ချက်ချင်းဆို သလိုပဲ မုန်းသူ့ဆီကို ကိုယ်တို့တွေ ဖုန်းခေါ်ပါသေးတယ်မုန်းသူ၊ ဒါပေမယ့် မုန်းသူ့ဖုန်းက စက်ပိတ်ထားတယ်ပဲဖြေနေခဲ့ပါတယ်၊ ဒါနဲ့ဆေးရုံက ဆင်းခွင့်ရလို့ ဆင်းလာတဲ့အချိန် ဖြစ်ချင်တော့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မုန်းသူတို့အိမ်ကို မုန်းသူနဲ့တွေ့ရဖို့ ထွက်လာတဲ့အခါမှာတော့ မုန်းသူတို့အိမ်မှာ ဘယ်သူမှရှိမနေတော့ဘူး၊ တစ်မိသားစုလုံး နိုင်ငံခြားကိုပြောင်းသွားပြီဆိုတဲ့ သတင်းကိုပဲ ရခဲ့တာပါ မုန်းသူရယ်၊ အဲဒီမှာ ကိုယ် မုန်းသူနဲ့ အဆက်အသွယ်ရဖို့အတွက် တတ်နိုင်သမျှ ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုမှအစအနရှာလို့မရအောင်ကို မုန်းသူတို့က ခြေရာဖျောက်သွားခဲ့ကြတာလေ၊ တကယ်တော့ ကိုယ့်ဘဝမှာ နှင်းစက်ဆိုတဲ့ မုန်းသူတစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုးချစ်ခဲ့ဖူးတာပါ၊ ကိုယ် ရည်းစားတွေ အပျော်ထားခဲ့တာမှန်ပေမယ့် မုန်းသူကိုချစ်တဲ့ အချစ်ဟာ စစ်မှန်ကြောင်းကိုတော့ ကိုယ့်အသက်နဲ့တောင် ကျိန်ပြီးပြောပါတယ်၊ ကိုယ် မုန်းသူကို သိပ်ချစ်ခဲ့တာပါ မုန်းသူ၊ အခုဒီစာနဲ့အတူ မုန်းသူ့အတွက် ကိုယ်ရည်ရွယ်ပြီး ရေးထားတဲ့ သီချင်းလေးတစ်ပုဒ်ကို အသံသွင်းပြီးတော့ ထည့်ပေးလိုက်တယ်၊ မုန်းသူဆန္ဒရှိမယ်ဆိုရင် နားထောင်ပေးကြည့်ပါနော်၊ ဒီစာဟာ အဖြစ်မှန်တွေကို မုန်းသူသိသွားဖို့သာ ရည်ရွယ်ပြီး ရေးပေးလိုက်တာပါ၊ တခြား မုန်းသူဆီက တုံ့ပြန်မှုဆိုတာမျိုးကို ကိုယ်မမျှော်လင့်ပါဘူး၊ ကိုယ့်ကိုမုန်းနေတဲ့ဘဝမှာ မုန်းသူပျော်တယ်ဆိုရင် ကိုယ့်ကိုတစ်သက်လုံးပဲ မုန်းနေလိုက်ပါတော့နော်. . .

လခြမ်း



# ထိုမိန်းကလေး ပြုံးစားတတ်သည်

စာဖတ်သွားပြီးသည့်အခါမှာတော့ သူမက စီဒီချပ်လေးကိုကောက်ယူလိုက်ကာ ဖွင့်နားထောင်မိလေတော့သည်။ စီဒီမှာတော့ သီချင်းနာမည်ကို "မန္တလေးသားအလွမ်း" ဟုဆော့ပန်ဖြင့်ရေးထားလေ၏။

"မန္တလေးသားလေး လွမ်းနေတယ်×××အဝေးကချစ်သူ နှင့်ကို×××တမ်းတလို့မျှော်ဆဲပါ××× အရောက်လာမယ့်နေ့ကို×××ချစ်ခဲ့မိလို့ ရူးပြီကွယ်××× ငါ့ရဲ့ညတွေလည်း××× ဖုန်းလေးမပြောရရင် မနေနိုင်အောင်ကွယ်××× ဖြစ်ခဲ့ရပြီ ငါ့ရဲ့နတ်သမီး×××"

သူ့အသံချိုချိုက သူမကို အတိတ်ဆီသို့ခေါ်ဆောင်သွားလေ၏။

"မန္တလေးမြို့ကျုံးကြီးရဲ့ ဘေးမှာ××× တို့နှစ်ယောက်အတူ လက်တွေတွဲလို့××× လျှောက်ချင်တယ်ကွယ်××× အရောက်လာပါကွယ်×××အဝေးကချစ်သူ သိပါစေသား×××မန္တလေးမြို့ ဦးပိန်တံတားပေါ်မှာ××× တို့နှစ်ယောက်အတူ လက်တွေတွဲလို့××× လျှောက်ချင်တယ်ကွယ်×××အရောက် လာပါကွယ်××× အဝေးကချစ်သူ သိပါစေသား×××"



www.burmeseclassic.com

www.burmeseclassic.com





သီချင်းကိုနားထောင်နေရင်းကနေ သူမမျက်လုံးထဲမှာ သူနှင့်အတူ မန္တလေးမြို့၏ အထင်ကရနေရာအတော်များများတို့ သွားရောက်လည်ပတ်လေ့လာခဲ့သည့်ပုံရိပ်များကို ပြန်လည်မြင် ယောင်လာမိ၏။

"အရှုံးများနဲ့ ဘဝဒဏ်ရာ×××အလွမ်းတွေထွေးပွေ့ ငါ နက်များစွာ×××နင်မသိတဲ့ နောက်ကွယ်အရပ်မှာ×××ငါ တစ်ယောက်တည်းမနေရဲလို့××× မင်းပြောဖူးတဲ့စကား တွေလည်း×××နားမှာ အခုထိကြားယောင်ဆဲ××× နင် မရှိလို့ မဖြစ်လို့ပါဘူးကွယ်×××နင်ဟာငါ့ရဲ့ အိပ်မက် ပဲ×××"

သူမနှင့်သူ နောက်ဆုံးတွေ့ဆုံခဲ့စဉ်က သူမလက်ချက်ဖြင့် သူခေါင်းကွဲသွားခဲ့တာကိုလည်း ပြန်လည်မြင်ယောင်ကာ အမှတ် ရလာသည်။ ပြီးတော့ သူ့အပြုံး၊ သူ့စကားသံ၊ သူ့အမူအရာတွေ က သူမအာရုံမှာ မနေ့တစ်နေ့ကလိုပဲ ပြန်လည်အသက်ဝင်လာ တော့၏။

"မန္တလေးမြို့ကျုံးကြီးရဲ့ဘေးမှာ××× တို့နှစ်ယောက် အတူ လက်တွေတွဲလို့××× လျှောက်ချင်တယ်ကွယ်××× အရောက်လာပါကွယ်××× အဝေးကချစ်သူ သိပါစေ သား××× မန္တလေးမြို့ ဦးပိန်တံတားပေါ်မှာ××× တို့နှစ် ယောက်အတူ လက်တွေတွဲလို့××× လျှောက်ချင်တယ် ကွယ်×××အရောက်လာပါကွယ်×××အဝေးကချစ်သူ သိပါစေသား×××"

သီချင်းပြီးဆုံးသွားစဉ်မှာတော့ သူမ၏ ရင်ဘတ်တစ်ခုလုံး သည် နွမ်းလျဟိုက်မောကာ ကျန်ရစ်ခဲ့လေ၏။ သူမ သူ့ကို အထင် နှင့် မုန်းတီးခဲ့သည်မှာ မှားသွားခဲ့ပြီလား။ ပြဿနာတစ်ခုကို တစ် ဖက်တည်းအမြင်ဖြင့် ဆုံးဖြတ်ကောက်ချက်ချကာ အာဃာတထား ခဲ့မိခြင်းဟာ မှားယွင်းခဲ့ပြီလား။ အချစ်ကို စော်ကားသောအဖြစ်အား မုန်းတီးတတ်သည့် သူမကိုယ်တိုင်က အချစ်ကို စော်ကားမိခဲ့ပြီ လား။

နောက်တော့ သူမက သက်ပြင်းမောကိုတစ်ခုကိုမှုတ်ထုတ် လိုက်ပြီးနောက် "မန္တလေးသားအလွမ်း" သီချင်းကိုနောက်တစ် ခေါက် ထပ်ဖွင့်လိုက်လေသည်။ တစ်ခေါက်ပြီးတစ်ခေါက်၊ နောက်တစ်ခေါက်ပြီး နောက်တစ်ခေါက် နားထောင်ရင်းမှ ကြာ လာသည့်အခါမှာတော့ သူမနှုတ်ခမ်းတို့က အချစ်ကိုခံစားမိကာ အလှပဆုံး ပြုံးလာကြတော့၏။





www.burmeseclassic.com

www.burmeseclassic.com





Special Thanks

(ဤဝတ္ထုတွင်ပါဝင်သော "မန္တလေးသားအလွမ်း" သီချင်းမှာ မန္တလေးမြို့မှ တေးရေး/တေးဆို ညီငယ် Mg Phyo Thu ၏ အွန်လိုင်းတွင် ပျံ့နှံ့နေသော သီချင်းကောင်းလေးတစ်ပုဒ်ဖြစ်ပါသည်။ ယခုဝတ္ထုကိုဖန်တီးရာတွင် အသုံးပြုခွင့်ပေးခဲ့သော ညီငယ် Mg Phyo Thu အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

သူက ဖျင်းဖျင်းရှိတာနှင့် Friends မှာထိုင်ကာ လက်ဘက်ရည်သောက်နေခဲ့တာဖြစ်သည်။ အဲဒီလိုသောက်နေတုန်းမှာပဲ သူ့နောက်ဘက်မှာ လူရိပ်တစ်ခုက ရှတ်တရက်ရောက်လာပြီး နောက် သူ့မျက်လုံးတွေကို လက်ဖြင့် ပိတ်ခြင်းခံလိုက်ရတာပဲ ဖြစ်ပါသည်။

"ဘယ်သူလဲ၊ မှန်အောင်ဖြေနော်၊ မှန်ရင် ဆုချမယ်"

မျက်လုံးကို လာပိတ်ထားသူ၏ အသံကို ကြားလိုက်မိစဉ်မှာတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာရှိသည့် အကြောတွေအားလုံးက ဖျင်းခနဲဖြစ်သွားသလိုခံစားလိုက်ရကာ ရင်ခုန်သံတွေကလည်း အတိုင်းအဆမရှိအောင် လှုပ်ရှားယိမ်းထိုးကာ မြည်ဟီးလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မုန်းသူ. . . မုန်းသူမဟုတ်လားဟင်"

သူ၏ မယုံနိုင်သလိုလေသံဖြင့် ပြောလိုက်မိသည့်စကားအဆုံးမှာ သူမလက်တွေက သူ့မျက်လုံးတွေရှေ့ကနေဖယ်သွားလေရာ သူက မော့ကြည့်လိုက်မိစဉ်မှာတော့ သူ့ကမ္ဘာကြီးတစ်ခုလုံး လင်းခနဲဖြစ်သွားလေ၏။ သူ့နောက်မှာ ရပ်နေသူဟာ တကယ့်ကိုပဲ သူ၏ ပန်းသီးစားဖော်ကောင်မလေး ဖြစ်နေပါလေသည်။

"ဘယ်ဆိုးလို့လဲ၊ မုန်းအောင်ဖြေနိုင်သားပဲ"

ပြုံးကာပြောလာသည့် သူမစကားတွေအဆုံးမှာ သူကထိုင်ရာမှ ကပျာကယာပင်ထလိုက်ကာ သူမနှင့်မျက်နှာချင်းဆိုင်လိုက်မိသည်။

"မုန်းသူ. . . ဘယ်တုန်းကရောက်နေတာလဲ၊ ဒီကိုဘာလာလုပ်တာလဲဟင်"

သူမက ပြုံးပြုံးပြန်သည်။

"မေးခွန်းတွေကလည်း များလိုက်တာ၊ ပြီးတော့ သူပဲခေါ်ထားပြီးတော့. . ."

သူ့ဘ ကြောင်တောင်တောင်ဖြစ်သွားရကာ မျက်မှောင်တွေကိုကုတ်လိုက်မိရင်း. . .





"ဘယ်လို. . . ကိုယ်ကခေါ်ထားတယ်"

"အင်းလေ၊ ရှင်ပဲ ဒေါ်လေးနဲ့သီချင်းခွေထည့်ပေးလိုက်တယ်လေ၊ ရှင်ပဲအဲဒီထဲမှာဆိုထားတယ်လေ၊ မန္တလေးကျုံးဘေးနဲ့ ဦးပိန်တံတားပေါ်မှာ ကျွန်မနဲ့လက်ချင်းတွဲပြီးလျှောက်ချင်တယ်ဆို၊ သူပဲပြောထားပြီးတော့ မေ့နေတယ်ပေါ့"

ဒီတော့မှ သူက သူမပြောသည့်စကားကို သဘောပေါက်သွားရကာ အပျော်စိတ်က နှလုံးသားဆီသို့ လှိုက်ခနဲဆောင့်တိုးလာပြီးနောက်. . .

"ဟား. . . မုန်းသူ. . ."

ဆိုပြီး သူမလက်နှစ်ဖက်ကို လှမ်းယူဆုပ်ကိုင်ဖို့ပြင်လိုက်တော့ သူမက လက်တွေကိုနောက်ဘက်ပို့ကာ ဝှက်ထားပစ်လိုက်ရင်းမှ. . . .

"ဟိုး. . . ဟိုး. . . ဆရာ၊ လူတွေအများကြီးနဲ့ရှင့်"

ဟုဆိုသည်။ သူက အူမြူးလာတာမို့ သူမကို ရယ်ကျဲကျဲဖြင့်ကြည့်လိုက်ရင်းက. . .

"ဒါဆို ကိုယ်တို့အခုပဲ ကျုံးဘေးသွားမလားဟင်"

"အံ့မယ်. . . လာသေးတယ်၊ ချက်ချင်းကိုပဲ"

www.burmeseclassic.com



သူမက မျက်စောင်းထိုးတော့ နှစ်ယောက်သားရယ်လိုက်မိကြသည်။

"မုန်းသူ. . . ကိုယ့်ကိုခွင့်လွှတ်လိုက်ပြီပေါ့နော်၊ ဟုတ်လား"

"ခွင့်လွှတ်လိုက်တယ်ဆိုတာထက် နားလည်ပေးလိုက်တယ်ဆိုရင်ပိုမှန်လိမ့်မယ်၊ တကယ်တမ်းကျတော့ လူတစ်ယောက်ကိုတကယ်ချစ်မိသွားရင် အဲဒီလူရဲ့နှလုံးသားက ခရေပန်းလေးတစ်ပွင့်နဲ့ အလားသဏ္ဌာန်တူသွားတယ်သိလား၊ ခရေပန်းလေးက နေဒဏ်လေဒဏ်ကြောင့်ဘယ်လောက်ပဲညှိုးနွမ်းသွားပါစေ၊ အမြဲမွှေးမြနေတတ်သလိုပဲ. . . တကယ်ချစ်မိသွားသူရဲ့နှလုံးသားဟာလည်း သူချစ်မိသွားသူကြောင့် ဘယ်လောက်ပဲ နာကျင်ခံစားရပါစေ အဲဒီလူအတွက်ပဲ အမြဲတမ်းခုန်လှုပ်နေတတ်တာမျိုးပါ လခြမ်းရယ်. . ."

သူမစကားအဆုံးမှာတော့ သူ့နှလုံးသားက ပျားရည်မြစ်တစ်ခုထဲကို ပြုတ်ကျသွားလေတော့၏။ အသည်းထက်မှ အချစ်





ပန်းတို့သည်လည်း ပြန်လည်လန်းဆန်းလာရလေသည်။ ပြီးတော့ အခုဆိုရင် မန္တလေးသားလေးလည်း လွမ်းစရာမလိုတော့ပါဘူးဗျား။

ဘဝအမောများပြေပျောက်နိုင်ကြပါစေ. . .

ကြိုးစားလျက်. . . .

ရာဇဝင်ကို

6 : 39 (am)

21-10-2014

Tuesday



www.burmeseclassic.com

www.burmeseclassic.com





## "အချစ်နဲ့ အတိုးမပေးသူ"




အချစ်နဲ့ အတိုးမပေးသူ...
ရင်ထဲမှာ အနာအကြီးကြီးရှိတယ်။

အချစ်နဲ့ အတိုးမပေးသူ...
စိတ်ပျိုးခဲ့သမျှ အထုန့်ချုတ်စီးတယ်။

အချစ်နဲ့ အတိုးမပေးသူ...
အရင်းတောင်ပြန်မရအောင် ရှုံးခဲ့တယ်။

အချစ်နဲ့ အတိုးမပေးသူ...
အိပ်မက်တွေပိုနေတာ
အခုထိမရှူမရဆို့ မတ်နေတယ်။

အချစ်နဲ့ အတိုးမပေးသူ...
၂၀၁၄မှာ ငါတစ်ယောက်တည်းကမ္ဘာပျက်တယ်။

အချစ်နဲ့ အတိုးမပေးသူ...
ငါ့အသည်းကိုပိုးကိုက်သွားတယ်။

အချစ်နဲ့ အတိုးမပေးသူ...
အဲဒါကြောင့် အချစ်ကို...
သံယောဇဉ်ဖြတ် စွန့်လွှတ်လိုက်တယ်။

ရာဇဝင်ကို



www.burmeseclassic.com

www.burmeseclassic.com





## လူငယ်စာရေးဆရာ ရာဇဝင်ကိုး၏
### ရေးသားထုတ်ဝေပြီး လုံးချင်းဝတ္ထုများ

၁။ ဒေင်ဥယျာဉ်ထဲက ပြဇာတ် (ဗီဒီယို)

၂။ ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ
ပျောက်ဆုံးသွားသောခန္ဓာကိုယ်တစ်ခြမ်း (ဗီဒီယို)

၃။ ရည်းစားတစ်ခုလပ်များ

၄။ ငါ့အသည်းပေါ်မှာခြေစုံရပ်ပြီး
ရည်းစားလာဂါထာရွတ်နေတဲ့ ကောင်မလေး (ဗီဒီယို)

၅။ အရှေ့တောင်အာရှရဲ့
အချစ်တတ်ဆုံးယောကျ်ား (ဗီဒီယို)

၆။ အနမ်းတွေပွဆာမလို့ (ဗီဒီယို)

၇။ ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့်
အချစ်များထွက်နှုန်းတိုး၏ (ဗီဒီယို)

၈။ အချစ်ရှိရာအရပ်သို့ မျက်နှာမူ၍စပ်သောကဗျာ (ဗီဒီယို)

၉။ ဂန်းနမ်းစတိုင်လ် (ဗီဒီယို)



www.burmeseclassic.com